Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter

အမှတ် (၆၂) ခရစ်နှစ် ၂၀၀၅ ခုနှစ်၊ ဇွန်လ (၁) ရက် | မြန်မာသက္ကရာဇ် (၁၃၆၇) | ( ၁၅-၁-၉၉ )ရက်နေ့တွင် စတင်တည်ထောင်သည်။

## နအဖနှင့် အပစ်အခတ်ရပ်စဲထားသော ရှမ်းပြည်အမျိုးသားတပ်မတော် (အက်စ်အက်စ်အဲန်အေ) တပ်များက နအဖကို ပြန်တိုက်တော့မည်

ရှမ်းပြည်လွတ်လပ်ရေးအတွက် နှစ်ပေါင်း (၅၀)နီးပါး တသီးတခြားစီ တိုက်ပွဲဝင်ခဲ့ကြသော ရှမ်းပြည်တောင်ပိုင်းတပ်မတော် (SSA-S)နှင့် ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA)တို့သည် စစ်အစိုးရအား အတူတကွပူးပေါင်းတိုက်ခိုက်သွားရန်ရည်ရွယ်၍ မေလ (၂၁)ရက်နေ့က ပူးပေါင်းလိုက်ကြသည်။

ဗိုလ်မှူးကြီးရွှက်ဆစ်ဦးစီးသော SSA တောင်ပိုင်းနှင့် ဗိုလ်မှူးကြီးစိုင်းရီ ဦးစီးသော SSNA တပ်တို့သည် ပြီးခဲ့သည်လ (၂၁)ရက်နေ့က ကျရောက်သော (၄၇)နှစ်မြောက် ရှမ်းတော်လှန်ရေးနေ့တွင် SSA ဌာနချုပ် စခန်းဒွိုင်းတိုင်လန်းစခန်း၌ ယခုကဲ့သို့ပူးပေါင်းလိုက်ကြခြင်းဖြစ်သည်။

အသက် (၄၇)နှစ်အရွယ် SSA ခေါင်းဆောင် ဗိုလ်မှူးကြီးရွှက်ဆစ်က တော်လှန်ရေးနေ့အခမ်းအနားသို့ တက်ရောက်လာသော တပ်သားအင်အား (၆၀၀)ကျော်နှင့် ရှမ်းလူထုကို မိန့်ခွန်းပြောကြားရာတွင် ရှမ်းပြည်တပ်မတော်နှစ်ခု ယခုကဲ့သို့ပူးပေါင်းလိုက်ခြင်းသည် တော်လှန်ရေးအတွက် အားသစ်တခုဖြစ်ပြီး၊ တော်လှန်ရေးအောင်မြင်ရန် နည်းလမ်းလည်းဖြစ်သည်ဟု ထည့်သွင်းပြောကြားသွားသည်။

ရှမ်းတပ်မတော်နှစ်ခု ပူးပေါင်းကြောင်း ကြေညာသော သတင်းစာရှင်းလင်းပွဲတွင် SSNA တပ်၏ခေါင်းဆောင် ဗိုလ်မှူးကြီးစိုင်းရီက နအဖသည် အပစ်အခတ်ရပ်စဲရေးကြောင်း သတင်းထောက်များကို ပြောဆိုသွားသည်။


ရှမ်းပြည်တောင်ပိုင်းတပ်မတော်ခေါင်းဆောင် ဗိုလ်မှူးကြီးရွှက်ဆစ်နှင့် ရှမ်းပြည်အမျိုးသားတပ်မတော်ခေါင်းဆောင် ဗိုလ်မှူးကြီးစိုင်းရီ

သူက နအဖ၏ ဒီမိုကရေစီဖော်ဆောင်ရေးကို မိမိအနေဖြင့် အယုံအကြည်မရှိကြောင်း၊ အမျိုးသားညီလာခံတွင်လည်း နအဖက စိတ်ကြိုက်ရွေးချယ်ထားသောကိုယ်စားလှယ်များအကြား မိမိတို့၏တင်ပြချက်များ အရာမရောက်ဖြစ်ခဲ့ရကြောင်း ဆက်တည်သွားမည်ဖြစ်ပြီး၊ ဗိုလ်မှူးကြီးရွှက်ဆစ်က ပူးပေါင်းတပ်၏ခေါင်းဆောင်၊ ဗိုလ်မှူးကြီးစိုင်းရီက တပ်ပိုင်းဆိုင်ရာကို တာဝန်ယူသွားမည်ဟုသိရှိရသည်။

သတင်းစာရှင်းလင်းပွဲတွင် ရှမ်းပြည်တပ်မတော်များ၏ ပူးပေါင်းအင်အားကို ခေါင်းဆောင်နှစ်ဦးစလုံးက ထုတ်ဖော်ပြောဆိုခြင်းမရှိသော်လည်း ထိုင်းလုံခြုံရေးအရာရှိနှင့် ရှမ်းခေါင်းဆောင်များဖမ်းဆီးခံရပြီးကတည်းက ဆက်ဆံရေးတင်းမာခဲ့ပြီး၊ ရှမ်း-ငြိမ်းအဖွဲ့တဖွဲ့ဖြစ်သော SSA မြောက်ပိုင်းက ကြားဝင်စေ့စပ်ပေးခဲ့ရသည်။

SSA မြောက်ပိုင်းတပ်ကိုလည်း နအဖက ပြီးခဲ့သည့် (၂)လလောက်ကတည်းက လက်နက်ချရန်နည်းမျိုးစုံဖြင့် ဖိအားပေးနေပြီး SSA မြောက်ပိုင်း၏ နယ်မြေအတွင်းသည်။

အလားတူအပစ်အခတ်ရပ်စဲအဖွဲ့ တဖွဲ့ဖြစ်သောမွန်ပြည်သစ်ပါတီကို လက်နက်နှင့်လူအင်အား တိုးချဲ့မှုမပြုလုပ်ရန် နအဖက သတိပေးထားပြီး၊ မွန်ပြည်သစ်ပါတီ၏လှုပ်ရှားမှုများကို အနီးကပ်စောင့်ကြည့်နေသည်ဟု မွန်ပြည်သစ်ပါတီနှင့် နီးစပ်သူများကို ကိုးကား၍ အာအက်ဖ်အေသတင်းက ဆိုသည်။

ငြိမ်းအဖွဲ့များအပေါ် နအဖက ယခုကဲ့သို့ ဖိအားပေးနေချိန်တွင် "ဝ" ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA)က အရပ်သားအစိုးရမပေါ်ပေါက်သေးသရွေ့ "ဝ" တပ်အနေနှင့် လက်နက်ကိုစွန့်လွှတ်မည်မဟုတ်ဟုပြောဆိုထားသည်။ "ဝ"တပ်သည် နအဖတပ်နှင့်ပူးပေါင်း၍ SSA တောင်ပိုင်း ဌာနချုပ်ကို ထိုးစစ်ဆင်နေသောတပ်ဖြစ်သည်။

ဤအတောအတွင်း မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း ကရင်နီဒေသတွင်လည်း KNPP တပ်များနှင့် အပစ်အခတ်ရပ်အဖွဲ့တဖွဲ့ဖြစ်သည့် (ကလလတ)တပ်များအကြားတွင် တိုက်ပွဲများဖြစ်ပွားလျှက်ရှိသည်။

နအဖသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးယူပြီး နောက်ပိုင်းတွင် တိုင်းရင်းသားအဖွဲ့များကို စီးပွားရေးလုပ်ပိုင်ခွင့်တမျိုးစီပေးပြီး၊ အချင်းချင်းအကြားစိတ်ဝမ်းကွဲအင်အားချိနဲ့၍ လက်နက်ချလာအောင်ဖန်တီးခဲ့သည်ဟု နိုင်ငံရေးသုံးသပ်သူများက ဝေဖန်နေကြသည်။




အက်စ်အက်စ်အေဌာနချုပ် ဒွိုင်းတိုင်လန်းစခန်းတွင် မေလ (၁)ရက်နေ့က ကျင်းပသော (၄၇)နှစ်မြောက် ရှမ်းတော်လှန်ရေးနေ့တွင် အက်စ်အက်စ်အေနှင့် အက်စ်အက်စ်အဲန်အေတို့ ပူးပေါင်းလိုက်ကြသည်။

သဘောတူညီချက်များကို ဖောက်ဖျက်ပြီး SSNA မှ အဆင့်မြင့်ခေါင်းဆောင်တချို့ကို ဖဲ့ထုတ်စည်းရုံး လက်နက်ချခိုင်းခဲ့ကြောင်း၊ လက်နက်ချလိုက်လျှင် SSNA တတပ်လုံး အသတ်ခံရမည်ဖြစ်၍ မိမိတို့အနေဖြင့် လက်နက်ပြန်ကိုင်ရေးလမ်းသာ ရွေးစရာရှိလက်ပြောဆိုသွားပြီး

"အခုကစပြီး ငါ့တို့ရဲ့ ပိုမိုတောင့်တင်းတဲ့အင်အားနဲ့ ရှမ်းပြည်လွတ်လပ်အောင် ဆက်ပြီးတိုက်ပွဲဝင်သွားမည်"ဆိုသည်။

ရှမ်းပြည်ပူးပေါင်းတပ်မတော်သည် SSA တောင်ပိုင်းအနေဖြင့် ဆက်လက်ရပ်များက SSAတွင် တပ်အင်အား (၁,၀၀၀) နှင့် (၂,၀၀၀)အကြားရှိပြီး၊ SSNA ၏ တပ်အင်အားမှာ (၂,၀၀၀)မှ (၃,၀၀၀)အထိ ရှိနိုင်သည်ဟု ခန့်မှန်းကြသည်။

SSNA နှင့် နအဖတို့အကြားတွင် ပြီးခဲ့သည် ဖေဖော်ဝါရီလက ဗိုလ်ချုပ်ဆေထင်သို့ စစ်တပ်အလုံးအရင်းဖြင့် ဝင်ရောက်၍ တပ်သားတချို့ကိုဖမ်းဆီးခြင်းနှင့် ရှမ်းရွာသားများကို နှိပ်စက်မှုများဖြင့် ရန်စလာသည့်အတွက် SSA ခေါင်းဆောင်ပိုင်းအတွင်း မကျေနပ်မှုများရှိနေသည်ဟု ရှမ်းသံတော်ဆင့် သတင်းအယ်ဒီတာဦးခွန်ဆိုင်းက ဆို

နအဖ၏ အပစ်အခတ်ရပ် အဖွဲ့များအပေါ် လက်နက်ချရေးဖိအားပေးမှုများကြောင့် ဧပြီလ (၁၂)ရက်နေ့တွင် SSNA မြောက်ပိုင်း တပ်မဟာ (၁၁)မှ ဦးကန်နဦးဆောင်

စာမျက်နှာ (၁၁) ကော်လံ (၁)သို့ ....

## မင်းဆိုးကို "မိုးကြိုး" ပစ်ပြီ

# နိုင်ငံကိုကယ်တင်ဘို့ လူထုစည်းလုံးစို့

ရေကိုအပူပေးလျှင် ၁၀၀ ဒီဂရီစင်တီဂရိတ်အထိပူလာပါက၊ ရေဆူပြီဟု သိပ္ပံပညာအရသိရှိကြရသည်။ တနည်းအားဖြင့် တည်ထားသောရေနွေးအိုးနှုတ်ခမ်းဝမှ ရေခိုးရေငွေ့များထွက်လာလျှင် သို့မဟုတ် ရေမျက်နှာပြင်ပေါ်၌ ရေပွက်ကလေးများဆူဝေလာလျှင် ရေဆူပြီဟု အိမ်ရှင်မများကလည်း သတ်မှတ်ကြသည်။

ရေအေးမှ ရေဆူဘဝရောက်အောင် အချိန်ကာလတခုကိုဖြတ်ကျော်ရသည်။ အပူချိန် အဆင့်ဆင့်တိုးပေးရသည်။ ဥံဖွ မန်း၍မရ။ ခုရေတွင်းတူး၊ ခုရေကြည်သောက်၍မရ။ ဤသည်မှာ လောကဓမ္မတာဖြစ်သည်။ ဤတရားအား မည်သူမျှ ဆန့်ကျင်သွေဖီ၍မရ။

စစ်အာဏာရှင်တစုနှင့် ပြည်သူလူထုအကြား ဖြစ်ပွားနေသော မြန်မာပြည်၏ အဓိကပဋိပက္ခမှာလည်း အမြင့်ဆုံးအဆင့်သို့ ရောက်လုပြီဖြစ်သည်။ ဤအဆင့်တွင် ယင်းအဓိကပဋိပက္ခမှာ အထင်ရှားဆုံးဖြစ်လျက် သင်္ကေတအရသော်လည်းကောင်း၊ အနှစ်သာရအရသော်လည်းကောင်း၊ ပိုမိုကြည်လင်ပြတ်သားသည့် လမ်းကြောင်းတရပ်ပေါ် ထွန်းမည်မှာ မလွဲမသွေဖြစ်သည်။ ဤအဆင့်တွင် မည်သည့်အဖွဲ့အစည်းမဆို၊ မည်သည့်ပုဂ္ဂိုလ်မဆို ကြားနေ၍မရ။ ပဋိပက္ခဘက်တဘက်ဘက်တွင် ရပ်တည်ရမည်မှာ မလွဲမသွေကေန်ဖြစ်သည်။ တဖွဲ့ခြင်း၊ တဦးချင်းစီ၏ ထူးခြားသောလက္ခဏာဆောင်မှုများသည်လည်း ယာယီအခြင်းအရာအားဖြင့် မှေးမှိန်ကြမည်ဖြစ်ပြီး၊ အဓိကပဋိပက္ခကိုသာ မလွဲမရှောင်သာ ပကတိသဘာဝ၏တောင်းဆိုမှုအရ ကိုယ်စားပြုကြရမည်ဖြစ်သည်။

၂၀၀၃ခုနှစ်၊ မေ (၃၀)နေ့တွင်ဖြစ်ပွားသော ဒီပဲယင်းအရေးအခင်းသည် မြန်မာပြည်၏ အဓိကပဋိပက္ခကို စေ့စပ်ဖြေရှင်းနည်းဖြင့် မဖြေရှင်းတော့ဘဲ အကြမ်းဖက်အင်အားသုံးဖြေရှင်းမည်ဟု အုပ်စိုးသူအာဏာရှင်တို့က အတိအလင်းစိန်ခေါ်ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။ ယင်းအရေးအခင်းသည် မြန်မာအမျိုးသားဂုဏ်သိက္ခာကို ညှိုးနွမ်းနိမ့်ကျစေသော သမိုင်းဝင်အမည်းစက်ကြီးဖြစ်သည်။ ဗိုလ်ခင်ညွန့်နှင့် ထောက်လှမ်းရေးအင်အားစုများဖြုတ်ထုတ်ခံရခြင်း၊ ရှမ်းပြည်ခွဲထွက်ရေး လွတ်လပ်ရေးကြေညာခြင်း၊ နှစ်ပေါင်း (၅၀)အတွင်း အဆိုးရွားဆုံးသော အကြမ်းဖက်ဗုံးဖောက်ခွဲမှုများဖြစ်ပွားလာခြင်း၊ (၁၀)နှစ်ကျော်ကြာ အပစ်အခတ်ရပ်စဲ၍ ငြိမ်းချမ်းရေးရယူထားသော အက်စ်အက်စ်အဲန်အေမှ နအဖအား ပြန်လည်၍ လက်နက်ကိုင်တော်လှန်ခြင်း၊ ခွန်ထွန်းဦး၊ ဗိုလ်ချုပ်ဆေထင်စသည်တို့အား မတရားဖမ်းဆီးထားခြင်း၊ ကေအဲန်ယူနှင့် အပစ်အခတ်အခတ်ရပ်စဲရေး အောင်မြင်ဖွယ်ရာအကြောင်း မမြင်တွေ့ရသည့်အပြင် ကရင်နယ်မြေ၌ နအဖတပ်များက ထိုးစစ်ဆင်နွှဲရန် စီစဉ်နေခြင်း၊ အပစ်အခတ်ရပ်စဲထားသောအခြားအဖွဲ့တချို့လည်း ပြန်လည်တောခိုတိုက်ပွဲဝင်ရမည့် အလားအလာရှိနေခြင်းစသည့် တဆင့်ထက်တဆင့် တိုးပွားလာသောရေဆူမှတ်များကို မြန်မာ့နိုင်ငံရေးလောက၌ ထင်ရှားစွာဖြင့် တွေ့မြင်နေရပြီဖြစ်သည်။ အရေးပါသောအချက်မှာ ၂၀၀၆ခုနှစ် အာစီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူရမှု ကိုလက်မခံဘဲ ကမ္ဘာက သပိတ်မှောက်မည့်အလားအလာကြောင့် မြန်မာတမျိုးသားလုံး၏ဂုဏ်သိက္ခာ နိမ့်ကျသိမ်ငယ်ရမည့် အဖြစ်ဆိုးဖြစ်သည်။ အဆိုးဝါးဆုံးမှာ ပြည်သူတို့၏ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး စံချိန်မျဉ်းများမှာ အနိမ့်ကျဆုံးအခြေအနေသို့ ဆိုက်ရောက်လျက်ရှိနေခြင်းဖြစ်သည်။ ယင်း မြန်မာ့နိုင်ငံရေးရေဆူမှတ်များသည် တဆင့်ပြီးတဆင့် ဖြစ်ပေါ်ကူးပြောင်းလျက် အဆင့်တဆင့်တွင် လုံးဝကြေွမွပျက်သုဉ်းသောအခြေအနေတရပ်ဆီသို့ ရှေးရှုလျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် တွေ့ဆုံဆွေးနွေးရေးကို နအဖကငြင်းပယ်လျက် တိုင်းပြည်ကြေွမွပျက်သုဉ်းရေးလမ်းကြောင်းကို ရွေးချယ်ခဲ့သောကြောင့်ဖြစ်သည်။ ယင်းကဲ့သို့ဖြစ်လာခဲ့လျှင် ဖြစ်လာနိုင်သည့် မြင်ကွင်းမှာ (၂)ခုသာရှိသည်။

ပထမဖြစ်နိုင်ခြေမှာ အမျိုးသားပြိုကွဲမှု အမြင့်မားဆုံးအဆင့်သို့ရောက်လျက် တိုင်းပြည်တစစီပြိုကွဲရမည့်ကိန်းဖြစ်သည်။ ဤသို့ဖြစ်လျှင် စစ်တပ်နှစ်ခြမ်းကွဲလျက် ပြည်တွင်းစစ်ဒဏ်ကို မရှုမလှခံကြရမည်ဖြစ်သည်။ ဒုတိယဖြစ်နိုင်ခြေမှာ ဒုတိယကမ္ဘာစစ်၏ ထူးခြားချက်များကို မှန်ကန်စွာဖြေရှင်း၍ လွတ်လပ်ရေးကို အရယူနိုင်ခဲ့သည့်နည်းတူ ယခုကာလ၏ အမြင့်ဆုံးပဋိပက္ခကို မှန်ကန်စွာဖြေရှင်း၍ ရေရှည်တည်တန့်မည့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို တည်ဆောက်ရန်ဖြစ်သည်။ ဤသို့ လုပ်ဆောင်နိုင်ရန်အတွက်မူ တိုင်းရင်းသားလူမျိုးများအပါအဝင် အဖိနှိပ်ခံ ပြည်သူလူထုတရပ်လုံး၏ ညီညွတ်မှုစွမ်းပကားသည် အခရာဖြစ်သည်။ ယင်းစွမ်းပကားဖြင့် ပြည်သူလူထု၏ နိုင်ငံရေးလှုပ်ရှားမှုကြီးကို အချိန်ကာလနှင့်ကိုက်ညီစွာ ဖန်တီးဖြစ်ပေါ်စေလျက် စစ်တပ်တွင်း ဖြစ်ပေါ်ပြောင်းလဲမှုကို မှန်ကန်စွာစီစဉ်ဆောင်ရွက်နိုင်ပါက မြန်မာပြည်အား နက်ရှိုင်းလှသောချောက်ကမ်းပါးကြီးထဲသို့ ကျရောက်မည့် ဘေးအန္တရာယ်မှကာကွယ်နိုင်မည်ဖြစ်ပါကြောင်း မိုးကြိုးမှ တင်ပြအပ်ပါသည်။ ❖

# ၁၉၉၀ ရွေးကောက်ပွဲ (၁၅)ပြည့်နှစ်ပတ်လည်အခမ်းအနားကို အဲန်အယ်လ်ဒီရုံးချုပ်တွင်ကျင်းပ ပြည်သူ့လွှတ်တော်ပေါ်ပေါက်ရေးအတွက် ဆက်လက်ကြိုးပမ်းသွားမည်




၁၉၉၀ ပါတီစုံအထွေထွေရွေးကောက်ပွဲ နှစ်ပတ်လည်နေ့အခမ်းအနား အဲန်အယ်လ်ဒီရုံးချုပ်တွင် ကျင်းပနေစဉ်

၁၉၉၀ ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ပြည်သူလူထုက အာဏာအပ်နှင်းထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ရွေးကောက်ပွဲအောင်မြင်သည့် (၁၅)နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားတရပ်ကို မေလ (၂၇)ရက်၊ ၁၉၉၀ ရွေးကောက်ပွဲနှစ်ပတ်လည်နေ့တွင် ရန်ကုန်ရွှေဂုံတိုင်ရှိ အဲန်အယ်လ်ဒီရုံးချုပ်၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များ၊ ဝါရင့်နိုင်ငံရေးသမားကြီးများ၊ မင်းကိုနိုင်၊ ကိုကိုကြီးအပါအဝင်ကျောင်းသားခေါင်းဆောင်များ၊ သံတမန်များနှင့် ဧည့်သည်တော်များ (၃၀၀)ကျော်တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတက်ရောက်လာသူများက "ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနှင့် နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေး၊ ချိပ်ပိတ်ခံထားရသော အဲန်အယ်ဒီရုံးများ ပြန်ဖွင့် ခွင့်ရရေး၊ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ပေါ်ပေါက်ရေးနှင့် နိုင်ငံရေးပြဿနာကို တွေ့ဆုံဆွေးနွေးခြင်းနည်းဖြင့်အဖြေရှာရန်" နအဖကို တိုက်တွန်းတောင်းဆိုလိုက်ကြသည်။

အခမ်းအနားတွင် အဲန်အယ်လ်ဒီအတွင်းရေးမှူး ဦးလွင်က "အဲန်အယ်လ်ဒီဟာ မဲဆန္ဒနယ်အားလုံးရဲ့ (၈၂)ရာခိုင်နှုန်းမှာ အနိုင်ရခဲ့ပါတယ်။ ဒါပေမယ့် မဲဆန္ဒရှင်တွေပေးအပ်ထားတဲ့တာဝန်ဝတ္တရားတွေကို အခုတိုင် ထမ်းဆောင်နိုင်ခြင်း မရှိသေးပါ"ဟု ပြောကြားသွားပြီး အခမ်းအနားနှင့်ပက်သက်၍ ပြောခွင့်ရသူဦးဉာဏ်ဝင်းက ရွေးကောက်ပွဲဥပဒေအရရင်း၊ ဥပဒေကဲ့သို့ အာဏာတည်သောညွှန်ကြားချက်များအရလည်းကောင်း၊ ပြည်သူ့လွှတ်တော်တရပ်ထူထောင်ပေးရန် လက်ရှိအစိုးရမှာတာဝန်ရှိနေပြီး အဲန်အယ်လ်ဒီသည် ပြည်သူ့လွှတ်တော်ပေါ်ပေါက်ရေးနှင့် ဒီမိုကရေစီထူထောင်ရေးအတွက် ငြိမ်းချမ်းသောနည်းဖြင့် ဆက်လက်ကြိုးပမ်းသွားမည်ဟု သတင်းထောက်များအား ပြောကြားသွားသည်။

အခမ်းအနားသို့တက်ရောက်လာသူကျောင်းသားခေါင်းဆောင်ကိုကိုကြီးက မဲဆန္ဒရှင်များ၏သဘောထားကို ဘယ်လောက်အလေးအနက်ထားတယ်ဆိုတာ နိုင်ငံတခုရဲ့ဂုဏ်သိက္ခာ၊ လူမျိုးတမျိုးရဲ့ဂုဏ်သိက္ခာဖြစ်ကြောင်း၊ လက်ရှိဖြစ်ပေါ်သော နိုင်ငံရေး၊ လူမှုရေး၊ စီပွားရေးအကျပ်အတည်းကို တွေ့ဆုံဆွေးနွေးခြင်းဖြင့်သာ ဖြေရှင်းနိုင်မည်မိမိယုံကြည်ကြောင်း ပြောဆိုသွားသည်။

အလားတူ ထိုင်း၊ ဂျပန်၊ ကိုးရီးယားနှင့် ဗြိတိန်နိုင်ငံရောက် ဒီမိုကရေစီအင်အားစုများကလည်း ၁၉၉၀ ရွေးကောက်ပွဲ အောင်မြင်သည့်အထိမ်းအမှတ်အခမ်းအနားများကျင်းပခဲ့ကြပြီး၊ သက်ဆိုင်ရာနိုင်ငံများ၏ နအဖသံရုံးများရှေ့တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးနှင့် ၁၉၉၀ ရွေးကောက်ပွဲရလဒ် အကောင်အထည်ဖော်ရေးအတွက် ကြွေးကြော်တောင်းဆိုခဲ့ကြသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ၁၉၉၀ ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မြေ ၄၈၅ အနက်၊ ၃၉၂ နေရာတွင် အနိုင်ရခဲ့သော်လည်း၊ စစ်အစိုးရသည် ရွေးကောက်ပွဲကာလတွင် ပေးထားသောကတိကဝတ်များကို ဖောက်ဖျက်ကာ စစ်တန်းလျားသို့မပြန်ရုံမျှမက (၁၅)နှစ်လုံးလုံးရွေးကောက်ပွဲရလဒ်ကို အသိအမှတ်မပြုဘဲ လူထုကိုယ်စားလှယ်များနှင့် ပါတီဝင်များကိုအကြောင်းရှာ ဖမ်းဆီးထောင်ချနေခဲ့သည်။

အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့ကို စစ်အာဏာပိုင်များက ၂၀၀၃ခုနှစ် မေလ (၃၀) ဒီပဲယင်းအရေးအခင်းပြီးကတည်းက နေအိမ်အကျယ်ချုပ်ဖြင့် ဖမ်းဆီးထားပြီး၊ ပါတီရုံးများကို ချိပ်ပိတ်ကာ ပါတီလှုပ်ရှားမှုများလည်း ကန့်သတ်ခံနေရဆဲဖြစ်သည်။

❖

# အဖွဲ့ချုပ်ရုံးများပြန်လည်ဖွင့်ခွင့်ပေးရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဗိုလ်သန်းရွှေထံ စာရေးတောင်းဆို

(၂၀၀၃)ခုနှစ်၊ မေ(၃၀)ဒီပဲယင်းလုပ်ကြံမှုဖြစ်ပွားပြီးကတည်းက ချိပ်ပိတ်ခံထားရသော ပြည်နယ်တိုင်းအသီးသီးမှ အဖွဲ့ချုပ်ရုံးများကို ပြန်လည်ဖွင့်ခွင့်ပေးရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က နအဖထံသို့မေလ (၂၀)ရက်နေ့ နေ့စွဲဖြင့် စာရေးတောင်းဆိုထားကြောင်း အဲန်အယ်လ်ဒီပြောခွင့်ရသူ ဦးလွင်ကိုကိုးကား၍ သတင်းများကဆိုသည်။

နအဖ ဥက္ကဋ္ဌ ဗိုလ်သန်းရွှေထံသို့ လိပ်မူပေးပို့ထားသောစာတွင် တပြည်လုံးရှိချိတ်ပိတ်ခံထားရသော အဲန်အယ်လ်ဒီရုံးများကို ပြန်ဖွင့်ခွင့်ပေးပြီး၊ တနိုင်ငံလုံးနှင့် သက်ဆိုင်သော နေ့ထူးနေ့မြတ်များတွင် အခမ်းအနားကျင်းပခွင့်ပေးရန် တောင်းဆိုထားကြောင်း ဦးလွင်ကဆိုသည်။

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်သည် ဧပြီလကလည်း ဗိုလ်သန်းရွှေထံ အလားတူစာတစောင်ပေးပို့ထားပြီး နအဖဘက်က ယခုအချိန်ထိ အကြောင်းတစုံတရာမှ ပြန်ကြားခြင်းမရှိသေးကြောင်း သိရှိရသည်။

❖



# “တပ်မတော်အတွင်း ပြုပြင်ရေးလိုလားသူတွေ မပေါ်ပေါက်သ၍ မြန်မာနိုင်ငံမှာအပြောင်းအလဲဖြစ်နိုင်မလား”

## ဝါရင့်နိုင်ငံရေးသမား ဦးထွေးမြင့်နှင့် အာရ်အက်ဖ်အေ ဆက်သွယ်မေးမြန်းထားချက်များကို မိုးကြိုးပရိသတ်များသိရှိနိုင်ရန် ပြန်လည်ဖော်ပြအပ်ပါသည်။

အာရ်အက်ဖ်အေ ။ ။ နိုင်ငံတကာမှာရှိတဲ့ ပညာရှင်တချို့ မကြာခဏပြောနေတာက မြန်မာစစ်ခေါင်းဆောင်တွေက သူတို့ကို အားလုံးက ဝိုင်းပြီးတော့ အပြစ်တင်နေကြတယ်။ အားလုံးက ဝိုင်းပြီးတိုက်ခိုက်နေကြတယ်။ အားလုံးက အကောင်းမပြောဘူး။ ဝေဖန်နေကြတယ်။ သူတို့မှာ (Under Siege Mentality)ဝိုင်းပြီးတိုက်ခိုက်တာကို ခံစားနေရတဲ့ ခံစားချက်မျိုးရှိတယ်။ ဒါကြောင့် ပြဿနာကိုမဖြေရှင်းပဲ ကိုယ့်ကိုကိုယ်ခုခံကာကွယ်ရေးနဲ့၊ ကိုယ့်ရပ်တည်ရေးကိုသာ အားထုတ်နေရတယ်လို့ ပြောနေကြပါတယ်။ ဒီလို သုံးသပ်ချက်မျိုးကို ဘယ်လိုမြင်ပါသလဲ။

ဦးထွေးမြင့်။ ။ ကျနော် (ဥပမာ)တခုပြောချင်တယ်။ ကွယ်လွန်သွားတဲ့ ဗိုလ်ချုပ်စောကြာဒိုး၊ ရွှေးကောက်ပွဲကော်မရှင်လူကြီး၊ သူက “ခက်တာပဲ ဒီကောင်တွေက ခါးမှာဖျောက်ထိုးပြီး တခြားသူတွေကို ကြောက်နေတယ်။ ဖျောက်မရှိတဲ့သူတွေကို ကြောက်နေတယ်”အဲဒီလိုပဲ ကျန်တဲ့လူတွေ ကြောက်စရာမရှိပါဘူး။ ကျန်တဲ့လူတွေကသာ သူတို့ကို ကြောက်နေရမှာ၊ ကျိုးလန့်စာစားပြီး လုပ်နေရတာ။ နောက် (Under Siege Mentality) ရှိတဲ့ ဒီလူတွေ၊ ဟိုလူတွေက တိုက်နေတယ်၊ ခိုက်နေတယ်ဆိုတော့၊ ကျနော်တို့ ကြားတာက ဒီတိုက်နေတယ်၊ ခိုက်နေတယ်ဆိုတာ လေနဲ့ပစ်တဲ့ လေသေနတ်ပဲ၊ သူတို့ဆီမှာ ဗိုလ်ချုပ်ကြီးနေဝင်းပြောသလို ကျည်ဆံလည်း အစစ်ရှိတယ်။ ပစ်ရင်လည်း တည့်တည့်ပစ်တတ်တဲ့ တပ်မတော်၊ ဗိုလ်ချုပ်ကြီးနေဝင်းက ထရိန်းလုပ်သွားတဲ့တပ်မတော်၊ အဲဒါ ဘယ်သူက ဘယ်သူ့ကြောက်ရမှာလဲ။ ဗန်ကာတွေဘာတွေဆောက်နိုင်တာ၊ ကျနော်တို့က အေးကျင်း၊ ဗုံးကျင်းတောင် မဆောက်နိုင်ဘူး။ ဗန်ကာတွေဘာတွေနဲ့ သံမဏိနဲ့ အထပ်ထပ်ဆောက်ထားတာ သူတို့ပဲ။

အာရ်အက်ဖ်အေ။ ။ တဖက်အတိုက်အခံ ဒီမိုကရေစီအင်အားစုတွေနဲ့ နိုင်ငံ တကာက ဒီမိုကရေစီထောက်ခံတဲ့ အင်အားစုတွေက မြန်မာစစ်အစိုးရကို စီးပွားရေးအရ ပိတ်ဆို့တာတို့၊ ပြစ်ဒဏ်ခတ်တာတို့ လုပ်နေတဲ့အတွက် ရုပ်ပိုင်းဆိုင်ရာအရလည်း မြန်မာစစ် အစိုးရကိုထိခိုက်၊ နစ်နာအောင်လုပ်သလို ဖြစ်နေတဲ့အတွက် သူတို့ကိုပိုပြီးတော့ ဒေါသထွက်စရာ၊ ပိုစိုးရိမ်စရာ၊ မလုံခြုံစရာဖြစ်စေတယ်မဟုတ်လား။

ဦးထွေးမြင့်။ ။ အဲဒါက တပိုင်းပေါ့၊ တပိုင်းဆိုတာ ပြည်တွင်းမှာ မှန်ကန်တဲ့ထွက်ပေါက်နဲ့၊ မှန်ကန်တဲ့နည်းလမ်းနဲ့ ပြောဆိုဖြေရှင်းခွင့်မရှိတဲ့အခါ တခြားတနည်းလမ်းသုံးရတာရှိတာပေါ့။ နိုင်ငံတကာဆိုတာ အလကားနေရင်းနဲ့ သူတို့က ဟိုကိစ္စဝင်စွက်ချင်၊ ဒီကိစ္စဝင်စွက်ချင်တယ်လို့ မထင်ပါဘူး။ သူတို့က (Sanction)ဆိုလည်း ဒီဖက်မှာခံရသလို၊ သူတို့မှာလည်း စီးပွားရေးအရ မခံရတာမှမဟုတ်ပဲ။

အာရ်အက်ဖ်အေ။ ။ မြန်မာတပ်မတော်ခေါင်းဆောင်တွေဟာ အမြဲတမ်းပြဿနာတွေကို လုံခြုံရေးရှုထောင့်က စဉ်းစားလေ့ရှိတယ်။ ဒါကြောင့် သူတို့စိတ်ထဲမှာ မလုံခြုံသလို ခံစား နေရတယ်ဆိုရင် ပြဿနာဖြေရှင်းဖို့ ဘယ်တော့မှ အဆင်သင့်မဖြစ်ဘူး။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ပြဿနာတွေက အခုလိုတာရှည်နေတာဖြစ်တယ်။ အတိုက်အခံတွေ အနေနဲ့ လုံခြုံမှုမရှိဖြစ်နေတဲ့ ဒီတပ်မတော်ခေါင်းဆောင်တွေစိတ်ထဲမှာ သက်သာရာရအောင်မလုပ်ဘဲနဲ့ မြန်မာ့ခေါင်းဆောင်တွေစိတ်ထဲမှာ အတိုက်အခံတွေနဲ့ စကားပြောမယ်။ ညှိမယ်၊ ဆွေးနွေးမယ်၊ ပြဿနာကို ဖြေရှင်းမယ်ဆိုတဲ့ နိုင်ငံရေးအာသီသ မပေါ်ဘူးဆိုပြီး ပြောကြပါတယ်။ ဒီကိစ္စကို ဘယ်လိုထင်ပါသလဲ။

ဦးထွေးမြင့်။ ။ အဲဒါ လုံးဝမှားတာပေါ့။ ငြိမ်းချမ်းရေးရတဲ့ အဖွဲ့စည်း (၁၇)ဖွဲ့ဆိုတာ သက်သေခံအထင်အရှားရှိတာပဲ။ အဲဒါ တိုက်ပွဲမှာရတာမဟုတ်ဘူး။ စားပွဲဝိုင်းမှာရတာ။ ဆိုလိုချင်တာက အပစ်အခတ်နဲ့မရတဲ့ ငြိမ်းချမ်းရေးကို၊ စားပွဲဝိုင်းမှာ ဆွေးနွေးပြီးတော့ရတာဆိုတော့၊ အပစ်အခတ်ရပ် ငြိမ်းချမ်းရေးအဖွဲ့ဆိုတာ အထင်ကရရှိနေသားပဲ၊ အဲဒါငြင်းလို့မှ မရပဲ။

အာရ်အက်ဖ်အေ။ ။ နိုင်ငံတကာမှာရှိတဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွေကို လေ့လာတဲ့အခါမှာ ဒီ အာဏာရှင်အုပ်စိုးသူတွေထဲ မှာရှိနေတဲ့ ပျော့ပြောင်းတဲ့ လူတွေ၊ ပြုပြင်ပြောင်းလဲရေးကို လိုလားသူတွေမပေါ်ရင် ဘာမှ အပြောင်းလဲမဖြစ်နိုင်ဘူး။ ဒီ ပုံစံအတိုင်းဆိုရင် မြန်မာပြည်ရဲ့ ပြုပြင်ပြောင်းလဲမှုဟာ ဘယ်လိုဖြစ်နိုင်ပါသလဲ။

ဦးထွေးမြင့်။ ။ အဲဒီ အယူအဆ အခြေခံမှန်သင့်သလောက် မှန်တာပေါ့။ ငြိမ်းချမ်းရေး တကယ်လိုချင်သူတွေက စစ်ဗိုလ် စစ်သားတွေ။ တိုက်ပွဲဝင်နေရတဲ့ စစ်ဗိုလ် စစ်သားတွေ၊ ထိခိုက်ဒဏ်ရာရတယ်။ ခြေကျိုး၊ လက်ကျိုးတွေဖြစ်တယ်။ ကိုယ်အင်္ဂါတွေ စွန့်လွှတ်ရတယ်။ အသက်တောင်စွန့်လွှတ်ရတယ်။



ဝါရင့်နိုင်ငံရေးသမားကြီး ဦးထွေးမြင့်

စာမျက်နှာ (၉)ကော်လံ (၁)သို့…

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဗဟို၊ ပြည်နယ်နှင့် တိုင်းအသီးသီးတွင် အစည်းအဝေးများကျင်းပ၊ အဖွဲ့ချုပ်လုပ်ငန်းများ အရှိန်မြှင့်ရန်ဆုံးဖြတ်

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုနှင့် ပြည်နယ်တိုင်းအသီးသီးမှ ခေါင်းဆောင်များ၏ အစည်းအဝေးကို မေလ (၂)ရက်နှင့် (၃)ရက်နေ့များက ရန်ကုန်အဲန်အယ်လ်ဒီရုံးချုပ်တွင် ကျင်းပခဲ့ပြီး အဖွဲ့ချုပ်လုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်ရန် ဆုံးဖြတ်ချက်ချခဲ့သည်ဟု သိရှိသည်။

အစည်းအဝေးကို ပြည်နယ်တိုင်းအသီးသီးမှ ခေါင်းဆောင်များတက်ရောက်ခဲ့ကြပြီး ဒေသအလိုက်စည်းရုံးရေးနှင့် နိုင်ငံရေးလှုပ်ရှားမှုအခြေအနေ၊ အဖွဲ့ချုပ်လှုပ်ရှားမှုနှင့် အာဏာပိုင်များ၏ ချုပ်ချယ်ကန့်သတ်မှုအခြေအနေများကို ပြန်လည်သုံးသပ်ပြီး ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်ဟု သိရှိရသည်။

ထို့အပြင် ဒီပဲယင်းပြီးကတည်းက အဖျက်သိမ်းခံထားရသော ပြည်နယ်၊ တိုင်းနှင့်မြို့နယ်များမှ လူငယ်နှင့် အမျိုးသမီးစည်းရုံးရေးအဖွဲ့များ ပြန်လည်ဖွဲ့စည်းရေးနှင့် စစ်ကိုင်းတိုင်းအဖွဲ့ချုပ်ဝင်တချို့ အဖမ်းခံထားရ၍ လစ်လပ်သွားသောနေရာများတွင် အစားထိုးဖွဲ့စည်းရေးကိစ္စရပ်များလည်း ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ တက်ရောက်လာသော ခေါင်းဆောင်များက ပါတီ၏စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်သက်၍လည်း ပွင့်ပွင့်လင်းလင်းဆွေးနွေးခဲ့ကြပြီး လုပ်ငန်းများအ ကောင်အထည်ဖော်ရာတွင် အဖွဲ့ချုပ် (ဗဟို)၊ တိုင်းနှင့် မြို့နယ်အဆင့်ဆင့် ညီညွတ်မျှတစွာလုပ်ကိုင်သွားကြရန် သဘောတူညီခဲ့ကြသည်ဟု သိရှိရသည်။

အလားတူ မန္တလေးတိုင်းအတွင်းရှိ မြို့နယ်အဖွဲ့ချုပ်ဝင်များ၏ လစဉ်ပုံမှန်အစည်းအဝေးကို မေ (၁)ရက်နေ့က ကျင်းပခဲ့ပြီး မြို့နယ်အဖွဲ့ချုပ်များက အဖွဲ့ချုပ်ဗဟိုထံသို့ ၎င်းတို့၏ သဘောထားများတင်ပြခဲ့သည်ဟု သိရှိရသည်။ မြို့နယ်အဖွဲ့ချုပ်က ဗဟိုအဖွဲ့ချုပ်သို့ တင်ပြလာသောသဘောထားတွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်စတင်တည်ထောင်စဉ်က ချမှတ်ထားသော ရည်ရွယ်ချက်နှင့် မူဝါဒလမ်းစဉ်ကို မလိုက်နာသော မည်သည့်အဖွဲ့ချုပ်ဝင်ကိုမဆို မန္တလေးတိုင်းအဖွဲ့ချုပ်က လုံးဝလက်မခံနိုင်ကြောင်း ဖော်ပြထားပြီး၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနှင့် နိုင်ငံရေးအကျဉ်းသားများပြန်လည်လွတ်မြောက်ရေး၊ အဖွဲ့ချုပ်ရုံးများပြန်ဖွင့်ခွင့်ရရေးအပါအဝင် အဖွဲ့ချုပ်၏လုပ်ငန်းများကို အောင်မြင်အောင် အစွမ်းကုန်ဆက်လက်ဆောင်ရွက်သွားရန် ဆုံးဖြတ်ချက်ချခဲ့ကြသည်ဟု သိရှိရသည်။

ထို့အတူ ဧပြီလ (၃၀)ရက်နေ့က မကွေးတိုင်း အောင်လံမြို့နယ်အဖွဲ့ချုပ်ဝင်များ၏ လစဉ်ပုံမှန်အစည်းအဝေးကို လွှတ်တော်ကိုယ်စားလှယ်ဦးညွန့်လှိုင်၏ နေအိမ်တွင် ကျင်းပခဲ့ပြီး ပါတီလုပ်ငန်းများအရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်၊ အဲန်အယ်လ်ဒီအဖွဲ့ချုပ်ဝင်များအနေနှင့် ပြည်သူနှင့် တသားတည်းဖြစ်နေအောင် လူထု၏ လုပ်ငန်းများတွင်ပူးပေါင်းဆောင်ရွက်သွားကြရန်၊ လူထုကို တိုက်ရိုက်အကျိုးပြုသော ကျန်းမာရေး၊ ပညာရေးလုပ်ငန်းများကို ဆထက်တပိုး ဆောင်ရွက်သွားကြရန် ဆုံးဖြတ်ချက်ချခဲ့သည်ဟု သိရှိရသည်။

❖

# စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းမှ အဖွဲ့ချုပ်ဝင် (၃)ဦး နှစ်ရှည်ထောင်ဒဏ်ချမှတ်ခံရ



“အထက်ကသာခန့်ထားပြီး တိုင်းသူပြည်သားဆန္ဒတွေနဲ့ ကင်းကွာပြီး မင်းစိတ်ပေါက်နေတဲ့ အရာရှိတွေခြယ်လှယ်တဲ့ စနစ်ဆိုးတမျိုးရှိနေရင် အများပြည်သူဆန္ဒနဲ့ လုပ်ကိုင်နေရတဲ့ ဒီမိုကရေစီဝါဒ ခေတ်မစားနိုင်ဘဲ၊ ဖက်ဆစ်ဝါဒနဲ့ ဆင်တူယိုးမှားတွေ ပေါ်လာနိုင်တယ်။ ဒီဝါဒမျိုးပေါ်လာရင် တိုင်းသူပြည်သားတွေဟာ လွတ်လပ်ရေးဆိုတာ မရနိုင်တော့ဘူး။ ဒါကြောင့် ကျနော်တို့ဟာ ဒီမိုကရေစီဝါဒကိုသာ ခေတ်စားအောင် လုပ်ရမယ်”

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များဖြစ်သော စစ်ကိုင်းတိုင်း၊ အင်းတော်မြို့နယ် ပြည်သူ့ကိုယ်စားလှယ် ဦးစောလှိုင်၊ ပဲခူးတိုင်း ရွှေကျင်မြို့နယ်မှ အဖွဲ့ချုပ်အတွင်းရေးမှူးဦးဘိုကြီးနှင့် မြို့နယ် (စည်း)အဖွဲ့ဝင် ဦးဖေတင်တို့ကို အာဏာပိုင်များက ပြီးခဲ့သည့်လက နှစ်ရှည်ထောင်ဒဏ်များ ချမှတ်လိုက်ကြောင်းသိရှိရသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောလှိုင်ကို မတ်လကုန်ပိုင်းတွင် အာဏာပိုင်များကဖမ်းဆီးခဲ့ပြီး မေလ(၂၆)ရက်နေ့တွင် လိုင်စင်မဲ့ကွန်ပျူတာသုံးစွဲမှုပုဒ်မ၊ ပုံနှိပ်အက်ဥပဒေပုဒ်မတို့ဖြင့် ထောင်ဒဏ် (၁၂)ချမှတ်ခဲ့ခြင်းဖြစ်သည်။ ဦးစောလှိုင်သည် ယခင်ကလည်း ထောင်လေးကြိမ်ကျခံဖူးသူဖြစ်၍ ယခုတကြိမ်သည် (၅)ကြိမ်မြောက်ထောင်ချခံရခြင်းဖြစ်သည်။

အလားတူ မေလ (၁၃)ရက်နေ့က ဖမ်းဆီးခံခဲ့ရသော ပဲခူးတိုင်းအဖွဲ့ချုပ်ခေါင်းဆောင်များဖြစ်သော ဦးဘိုကြီးနှင့် ဦးဖေတင်တို့ (၂)ဦး၏အမှုကို ရွှေကျင်မြို့နယ်တရားရုံးတွင် မေလ(၂၃)ရက်နေ့တွင် စတင်စစ်ဆေးခဲ့ပြီး (၂၇)ရက်နေ့တွင် ထောင်ဒဏ် (၇)နှစ်စီ ချမှတ်လိုက်ခြင်းဖြစ်သည်။

ဦးဘိုကြီးနှင့် ဦးဖေတင်တို့သည် အဖွဲ့ချုပ်ဗဟိုကဖြန့်ဝေသော ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းပါစာရွက်ကို ပါတီဝင်အချင်းချင်း ကြားဝေငှခဲ့သဖြင့် အာဏာပိုင်များက မတရားဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

အာဏာပိုင်များသည် ပြီးခဲ့သည့် ဧပြီလကလည်း တောင်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ခင်ကို ကျောင်းသူတဦးအား ဒေါ်အောင်ဆန်းစုကြည်ဓာတ်ပုံပေးမှုဖြင့်ထောင်ဒဏ် (၁၄)နှစ် ချမှတ်ခဲ့သည်။

❖

(၁)

ဖြစ်ရပ်တခုဟာ နှစ် (၂၀)ကြာရင် ဟောင်းနွမ်းသွားနိုင်သလား။

နှစ်အစိတ်ကြာရင် ပျက်ပြယ်သွားပြီး မေ့မေ့ပျောက်ပျောက် ဖြစ်သွားနိုင်ပါသလား။

နှစ်ဘယ်လောက်ကြာရင် ဟောင်းနွမ်း မေ့ပျောက်သွားနိုင်ပါသလဲ။

ဒီအဖြစ်အပျက်တွေနှင့် ဒီနေ့ရက်တွေကိုတော့ ကျနော်တို့ ဘယ်တော့မှမေ့ပျောက်လို့မရနိုင်တော့ဖူးဆိုတာ အလွန်ကိုသေချာခဲ့ပါပြီ။

(၂)

၁၉၇၄ ခုနှစ် အောက်တိုဘာလဆန်းမှာ ကျနော် ကျောင်းကိုစရောက်ပါတယ်။

ဒီနေရာဟာ ရှစ်တန်း၊ ကိုးတန်း၊ ဆယ်တန်းလောက်ကတည်းက တက္ကသိုလ်ရောက်ရင်အရမ်းပျော်စရာကောင်းမှာပဲလို့ ကျနော် အိပ်မက် အကြိမ်ကြိမ်မက်ခဲ့ဖူးတဲ့နေရာ။

ဆောင် အနောက်ကနေ သမိုင်းချည်စက် အလုပ်သမားတန်းလျားတွေကိုဖြတ်ပြီး အင်းစိန်လမ်းမပေါ်က 'ပန်းပဲဖို'ဆိုတဲ့ မှတ်တိုင်ကို ထွက်ပြီး စီးကြရတယ်။

''ကျနော်တို့ ဖယ်ရီတွေနဲ့ ပြန်လာတော့ ဒီလမ်းပေါ်မှာ လူတွေအပြည့်ပဲ။

ကျနော်တို့ကို အဲဒီဖက်မကြည့်နဲ့ မကြည့်နဲ့လို့ ဆရာတွေက အတင်းတားတယ်။

ပြီးတော့ လုံးဝအရှိန်မလျှော့ဘဲ ဘုရားလမ်းထဲကို အတင်းကွေ့ပစ်တယ်။

ကျနော်တို့က ကားရပ်ပေး။ ဆင်းကြည့်မယ်လို့ပြောတာ မရဘူး။

ဆရာတွေက အတင်းတောင်းပန်တယ်၊ တခုသတိထားမိတာက သူတို့မျက်နှာတွေလည်း မကောင်းကြဘူး။

နောက်မှ သိရတယ်။ အဲဒီညနေက စပစ်တာပဲ''

ကျနော့်သူငယ်ချင်း၊ ကျနော်တို့ထက် ဂိုက်ပေးနေတဲ့အချိန်။

အလုပ်သမားတွေကိုလည်း ပါတီကောင်စီရဲ့ ဦးဆောင်မှုနှင့် အလုပ်သမားကောင်စီဆိုတာဖွဲ့ပေးထားတဲ့ ကာလ။

ဒီကြားထဲ ဒေါက်တာမောင်မောင်ကလည်း 'ဗိုလ်ချုပ်ကြီးနေဝင်းနှင့် မြန်မာနိုင်ငံတော်လှန်ရေး ခရီးကြမ်း'ဆိုတဲ့ 'ဘုန်းတော်ဘွဲ့'ကိုရေးပြီး မြှောက်ပင့်ပေးနေပြန်ဆိုတော့

ဦးနေဝင်းဟာ ကိုယ့်ကိုယ်ကိုယ် မှန်ထဲကြည့်ပြီး စိတ်ကြီးဝင်မယ်ဆို ဝင်လို့ရတဲ့ အနေအထားမျိုး ခင်းကျင်းနေတော့တာကိုး။

(၆)

ဒါပေမယ့် .... မကြာလိုက်ဘူး။

စိတ်ကြီးဝင်ဂိုက်ပေးပြီး သမတထိုင်ခုံမှာ ထိုင်လို့မှ ဖင်မနွေးခင် ....

၁၉၇၄ မေလဆန်းမှာပဲ မြစ်ငယ်မီးရထားတွဲပြင်စက်ရုံက သပိတ်စမှောက်လိုက်ပါတယ်။

စက်၊ ပုလိပ်ချည်မျှင်နှင့် အထည်စက်ရုံ၊

ပြီးတော့ .... မန္တလေးမီးခြစ်စက်ရုံ၊ မန္တလေး RTC (ကုန်းလမ်းသယ်ယူပို့ဆောင်ရေး)၊ အဲဒီကနေ ရွှေဘို RTC ကို ဆက်ပျံ့၊

တဆက်တည်း ချောက်၊ ရေနံချောင်း ရေနံစက်ရုံတွေ၊

အဲဒီကနေ ရန်ကုန်သမိုင်းချည်စက်၊ ဘီပီအိုင်ဆေးဝါးထုတ်လုပ်ရေးစက်ရုံ၊ အင်းစိန်မီးရထားစက်ခေါင်းစက်ရုံ၊ ဂုံနီနှင့် လျှော်ရွေးလျှော်ထုပ်စက်ရုံ၊ အလုံသစ်စက်၊ ဆင်မလိုက်သင်္ဘောကျင်း စတဲ့ စက်ရုံတွေအနှံ့အပြားကူးစက်။

တနိုင်ငံလုံးက အလုပ်သမားတွေရဲ့ အထွေထွေသပိတ်ကြီး ဖြစ်ပေါ်လာခဲ့ပါတယ်။

(၇)

ဘာကြောင့် ဒီလောက်အနှံ့အပြား ပေါ်ပေါက်လာခဲ့ရပါသလဲ။

မဆလ စစ်အုပ်စုဟာ သူကိုယ်တိုင်က အသေအချာ အကွက်ချပြီး ညစ်ပတ်ထားတာပါ။

ဒါတွေကို တဖြည်းဖြည်း သိနားလည်လာတဲ့ အလုပ်သမားတွေက ဦးဆောင်ပြီး မဆလက ခန့်ပေးထားတဲ့ အလုပ်သမားကောင်စီတွေကိုဖြေရှင်းပေးဖို့ တင်ပြတောင်းဆိုတဲ့အခါ .... အဲဒီကောင်စီတွေက ဘာမှ ဖြေရှင်းမပေးနိုင်ခဲ့ဘူး။

သူတို့ဟာ အလုပ်သမားတွေရဲ့ အကျိုးကို ကူညီအကာအကွယ်ပေးဖို့ ဖွဲ့ပေးထားတာမျိုးမဟုတ်ဘဲ အလုပ်သမားအခွင့်အရေးကို ဦးဆောင်ပြီးတောင်းမယ့်သူတွေကို သတင်းပေး၊ ဖမ်းဆီး၊ အရေးယူဖို့ ဖွဲ့ထားတာဆိုတာ အလုပ်သမားတွေက ရှင်းရှင်းလင်းလင်း နားလည်သိမြင်လာကြတယ်။ ဒီကောင်စီဟာ သူတို့အကျိုးအတွက်မဟုတ်ဘဲ စစ်အုပ်စုအကျိုးအတွက် သက်သက်ဖွဲ့ထားတာမှန်း ရှင်းသွားပြီဆိုတာနဲ့၊

ဇွန်ပိုင်း

# ဂျွန် (၆) စိတ်ဓာတ် ကမ္ဘာတည်သရွေ့



အခု .... တကယ်ရောက်ပြီဆိုတဲ့အခါ ကျနော့်အပျော်တွေ ဘယ်ရောက်သွားပြီလဲ။

ကျနော် တကယ်မြင်သင့်တာက အင်းလျား ရေပြင်တွေ၊ ဘွဲ့နှင်းသဘင်ခန်းမတွေ၊ စက်မှုတက္ကသိုလ်ရဲ့ ပင်မအဆောက်အဦးတွေ၊ စိမ်းစိမ်းမြမြ ကံ့ကော်ရိပ်တွေ၊ ပြီးတော့ လေနုအေးမှာ တနွဲ့နွဲ့လန်းဆတ်လှပနေတဲ့ စွယ်တော်ပွင့်တွေ။

ဒါပေမယ့် ....

ကျနော် မျက်စေ့ထဲမှာ အဲဒါတွေကို မြင်နေလျက်နဲ့ မမြင်ရတော့ဘူး။

ကျနော် ဘာတွေ မြင်နေပြီလဲ။

ကံ့ကော်နံ့တွေ၊ စွယ်တော်နံ့တွေနှင့် ပျိုရွယ်နုသစ်တို့ရဲ့ ချစ်စရာရနံ့တွေကလည်း ကျနော့်ရင်ကို ဘယ်လိုမှ မလှုပ်ခတ်နိုင်စွမ်းတော့ဘူး။

ဒါ .... ဘာဖြစ်တာလဲ။

(၃)

ကျနော့် စိတ်အာရုံထဲမှာ သွေးညှီနံ့တွေ ရနေတယ်။

ကျနော့်မျက်စိထဲမှာ ယမ်းခိုးတွေနဲ့ သွေးအိုင်ထဲမှာလဲနေတဲ့ သမိုင်းချည်စက် အလုပ်သမားကြီးတွေ၊ ဆင်မလိုက်သင်္ဘောကျင်းက အလုပ်သမားကြီးတွေကို မြင်နေရတယ်။

ကျနော် ရီလို့မရတော့ဘူး။ ကျနော် လုံးလုံးမပျော်တော့ဘူး။

ကျနော် ရူးသွားပြီလား။

(၄)

ကျောင်းဖွင့်စမှာ ဖယ်ရီက အဆင်သင့် မဖြစ်သေးဘူး။

ကျနော်တို့အဆောင်တွေရှိတဲ့ သမိုင်းဝန်းထဲထိ လာမကြိုနိုင်သေးဘူး။ ဇွဲကပင် (၂)တန်းကြီးတဲ့ ရေနံအင်ဂျင်နီယာကျောင်းသားက သူ့ကိုယ်တွေ့ကို ကျနော်ကို တိုးတိုးလေးကပ်ပြောပြတာပါ။

သမိုင်းချည်စက်ဝင်းထဲကို လှမ်းကြည့်လိုက်တဲ့အခါမှာတော့ ....

ဘက်နက်တပ်ဂျီသရီးကို မာန်ပါပါကိုင်ထားတဲ့ အစောင့်စစ်သားတွေ။ ချည်စက်ဝင်း သံဇကာစည်းရိုးတလျှောက် စိမ်းညို့လို့ပါလား။

ကျနော် 'တောက်'တချက်ခေါက်လိုက်မိတယ်။

ကားပေါ်ကလူတွေက အလန့်တကြား လှည့်ကြည့်ကြတယ်။

သူငယ်ချင်းက ကျနော့်လက်ကိုခပ်ရှရှလေး လာဆုပ်တယ်။

ကျနော့်မျက်နှာ ဘယ်လိုပုံဖြစ်နေမလဲဆိုတာကိုတော့ ကျနော်လည်း သတိမထားမိခဲ့ဘူး။

(၅)

အားလုံးသိကြတဲ့အတိုင်းပါပဲ။

၁၉၇၄ မှာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်ဆိုတာကြီးပေါ်လာတယ်။

အဲဒီနှစ်စမှာပဲ စစ်အုပ်စုဟာ ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲတွေကျင်းပပြီး၊ စစ်ယူနီဖောင်းတွေချွတ်၊ ပိုးတိုက်ပုံနှင့် ကြိုးကြီးချိတ်နှင့် ခေါင်းပေါင်းတွေနှင့် ကျကျနန ပြည်သူ့အစိုးရ ဖွဲ့ပြနေတဲ့ကာလပေါ့။

'အခြေခံဥပဒေကလည်း လူထု (၉၀) ရာခိုင်နှုန်းကျော်က ထောက်ခံတယ်။

ဦးနေဝင်း သမတလုပ်တဲ့ အစိုးရကလည်း လူထုကတခဲနက်ထောက်ခံတဲ့ ပြည်သူ့အစိုးရ'ဆိုတဲ့ ဒီဇိုင်းနှင့် နိုင်ငံတကာကို

'အလုပ်သမားကောင်စီ အတုအယောင် ဖျက်သိမ်းရေး'

'အလုပ်သမားကောင်စီ လွတ်လပ်စွာ ဖွဲ့စည်းခွင့်ရရှိရေး'

'ကုန်ဈေးနှုန်းနှင့်ညီမျှတဲ့ လုပ်ခလစာ

**သူတို့ဟာ အလုပ်သမားတွေရဲ့အကျိုးကို ကူညီအကာအကွယ်ပေးဖို့ ဖွဲ့ပေးထားတာမျိုးမဟုတ်ဘဲ အလုပ်သမားအခွင့်အရေးကို ဦးဆောင်ပြီး တောင်းမယ့်သူတွေကို သတင်းပေး၊ ဖမ်းဆီး၊ အရေးယူဖို့ ဖွဲ့ထားတာဆိုတာ အလုပ်သမားတွေက ရှင်းရှင်းလင်းလင်း နားလည်သိမြင်လာကြတယ်။ ဒီကောင်စီဟာ သူတို့အကျိုးအတွက်မဟုတ်ဘဲ စစ်အုပ်စုအကျိုးအတွက် သက်သက်ဖွဲ့ထားတာမှန်း ရှင်းသွားပြီဆိုတာနဲ့ ....**

တိုးပေးရေး'

'အလုပ်သမားများရဲ့ရပိုင်ခွင့် အပြည့်အဝ ရရှိရေး'

'ဝန်ထမ်းအိမ်ယာ ရရှိရေး'ဆိုတဲ့ ကြွေးကြော်သံတွေနှင့် တောင်းဆိုတိုက်ပွဲဝင်ခဲ့ကြတာပါ။

အဲဒီကနေ စစ်ကိုင်းရှာသစ်ကြီး ချည်ဆွစ်ဇာလန်ဘဏ်မှာ ကမ္ဘာ့ဘီလီယံနာ (လူချမ်းသာ)စာရင်းဝင်ဖြစ်နေပေမယ့် ....

ဦးနေဝင်းကတော် ဒေါ်ခင်မေသန်းဆိုရင်လည်း နိုင်ငံတကာ ကျောက်မျက်အသိုင်းအဝိုင်းနှင့် သံတမန်အသိုင်းအဝိုင်းက Miss Ruby လို့ အခေါ်ခံရလောက်အောင် ကြွယ်ဝချမ်းသာနေပေမယ့် ....

အလုပ်သမားတွေရဲ့ အခွင့်အရေးကိုတော့ လုံးဝ မျက်ကွယ်ပြုထားခဲ့တာပါ။

အလုပ်သမား ဥပဒေမှာ ....(၆)လထက်ပိုပြီး အလုပ်လုပ်နေသူကို အမြဲတမ်းလုပ်သား (Permanent)ခန့်ရမယ်ဆိုတာ ရှိနေလေတော့ .... (Permanent)အလုပ်သမားတယောက်ရဲ့ရပိုင်ခွင့်ကို မပေးချင်တဲ့ မဆလဟာ အလုပ်သမားတွေကို (၆)လပြည့်တိုင်း အလုပ်ကအထုတ်ပြပြီး၊ အသစ်ပြန်ပြန်ဖြစ်ခိုင်းခဲ့တာပါ။

အလုပ်သမားတွေကတော့ လက်မှတ်တခု ပိုထိုးပေးနေရတာကိုတော့ သိတယ်။ ဒါပေမယ့် ဘယ်လိုအညစ်ခံနေရတယ်ဆိုတာကိုတော့ ဂဃနဏ မသိဘဲ နှစ်နှင့်ချီပြီး လုပ်ပေးခဲ့ကြရပါတယ်။

မီးဖွားခွင့်၊ ရောင်တခင်ခွင့်၊ လစာမပျက်အလုပ်နားခွင့်၊ ဆေးခွင့်၊ ကျန်းမာရေးစောင့်ရှောက်မှု ခံစားခွင့်၊ လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရလျှင် ခံစားခွင့်၊ လူမှုဖူလုံရေးဆိုင်ရာခံစားခွင့်နှင့် ဝန်ထမ်းအိမ်ယာ၊ ပင်စင်လစာ ခံစားခွင့်၊ နှစ်တိုးခံစားခွင့် စတဲ့ ခံစားခွင့်တွေကို မပေးချင်တဲ့အတွက် အားလုံးကို နေ့စား လပေးနှင့်ခန့်ပြီး (၆)လတခါ အလုပ်က ထွက်သွားပြီဆိုတာကို အလုပ်သမားကိုယ်တိုင်က လက်မှတ်ထိုးပေးအောင်....

'အလုပ်သမားကောင်စီ အတုအယောင် ဖျက်သိမ်းရေး'

'အလုပ်သမားကောင်စီ လွတ်လပ်စွာ ဖွဲ့စည်းခွင့် ရရှိရေး'ဆိုတဲ့ ကြွေးကြော်သံတွေဟာ တပြည်လုံးမှာ ဟိန်းထွက်သွားပါတော့တယ်။

(၈)

အလုပ်သမားတိုက်ပွဲတွေက ကျနော်တို့ ကျောင်းသားတိုက်ပွဲတွေနှင့် မတူဘူး။

ကျနော်တို့ တိုက်ပွဲတွေက ဘွဲ့နှင်းသဘင်ခန်းမကိုသိမ်းပြီး သပိတ်စခန်းဖွင့်တယ်။ ပြီးရင် .... လူထုကြီးနှင့် ပေါင်းစပ်ဖို့၊ အလုပ်သမားထုနှင့် ပေါင်းစပ်ဖို့ လူထုရှိရာကို ချီတက်တယ်။ အလုပ်သမားထုရှိရာကို ချီတက်တယ်။ အကျဉ်းထောင်ကို သွားဝိုင်းတယ်။ မြို့တော်ခန်းမနှင့် ဝန်ကြီးများရုံးကို ချီတက်ဆန္ဒပြတယ်။

အလုပ်သမားသပိတ်ကျတော့ ဒီလို မဟုတ် ဘူး။

သူတို့က အပြင်မထွက်ဘူး။ အလွန်ဆုံးထွက်ရင်တောင် စက်ရုံရှေ့ လမ်းမပေါ်ကိုပဲ ထွက်တယ်။ အဓိကက .... ကိုယ့်စက်ရုံကို ကိုယ်သိမ်းထားတယ်။ လိုအပ်ရင် စက်ရုံအုပ်ချုပ်ရေးမှူးကိုပါ သပိတ်စခန်းမှာ ခေတ္တခေါ်ယူ ထိန်းသိမ်းထားတယ်။ ထိန်းသိမ်းထားတယ်ဆိုလို့ ဖမ်းတာဆီးတာမျိုးမဟုတ်ပါဘူး။ ကောင်းကောင်းမွန်မွန်ပဲ ခေါ်ထားပြီး အလုပ်သမားထုနှင့်အတူ စက်ရုံထဲမှာ နေပေးဖို့ ခေါ်ထားတာမျိုးကို ဆိုလိုတာပါ။

ကိုယ့်စက်ရုံထဲမှာပဲ ကိုယ့်သပိတ်စခန်းဖွင့်ထားပြီး အာဏာပိုင်တွေကို လာရောက်

စာမျက်နှာ (၁၄) ကော်လံ (၁)သို့ ....

# မြန်မာနိုင်ငံအပေါ် စီးပွားရေးကန့်သတ်မှုများကို အမေရိကန်က နောက်ထပ်တနှစ်တိုး



အမေရိကန်သမတ ဂျော့ဒဗလျူ ဘုရှ်

မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ အရေးယူကန့်သတ်ထားမှုများကို နောက်ထပ်သက်တမ်းတနှစ်တိုးမြှင့်လိုက်ကြောင်း အမေရိကန်နိုင်ငံက မေလ (၁၇)ရက်နေ့က ထုတ်ပြန်ကြေညာလိုက်သည်။

အတိုက်အခံ ဒီမိုကရေစီအင်အားစုများအပေါ် နှိပ်ကွပ်နေခြင်းအပါအဝင် မြန်မာစစ်အစိုးရက ကျင်သုံးသောမူဝါဒများသည် အမေရိကန်ပြည်ထောင်စု၏ အကျိုးစီးပွားကို ဆန့်ကျင်နေပြီး အမေရိကန် အမျိုးသားလုံခြုံရေးနှင့် နိုင်ငံခြားရေးပေါ်လစီကိုပါ ခြိမ်းခြောက်နေသည့် အန္တရာယ်တရပ်အဖြစ် အမေရိကန်က ဆက်လက်ရှုမြင်ကြောင်း သမ္မတအိမ်ဖြူတော်၏ မေလ (၁၇)ရက်နေ့ ကြေညာချက်တွင် ဖော်ပြထားသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်က လွတ်လပ်မှုနဲ့ ဒီမိုကရေစီအရေးသည် လူတိုင်းအရေးထားတဲ့ စံနှုန်းတန်ဖိုးများဖြစ်ပြီး၊ အမေရိကန်အစိုးရအနေဖြင့် လွတ်လပ်မှုနဲ့ ဒီမိုကရေစီအရေးအတွက် ကြိုးပမ်းနေသော ဘင်လားရုံးနှင့် မြန်မာနိုင်ငံမှ ပြည်သူပြည်သားများကို ထောက်ခံကြောင်း ပြသသွားမည်ဟု မေလ (၅ )ရက်နေ့ လွှတ်တော်ကြားနာပွဲတွင် ထည့်သွင်းပြောကြားသွားသည်။

မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ ပိတ်ဆို့အရေးယူထားမှုကို အမေရိကန်လွှတ်တော်တွင် တနှစ်တခါပြန်လည်သုံးသပ်လေ့ရှိပြီး ယခုနှစ် ဆုံးဖြတ်ချက်သည် အမေရိကန်နှင့် မြန်မာစစ်အစိုးရအကြား ဆက်ဆံရေး တင်းမာနေချိန်နှင့်လည်း တိုက်ဆိုင်နေသည်။

အမေရိကန်က မြန်မာနိုင်ငံကို အာဏာရှင်များ၏ ရှေ့တန်းစခန်းဟု ရည်ညွှန်းပြောဆိုထားပြီး၊ နအဖကလည်း မေလ (၇)ရက်နေ့ ရန်ကုန်မြို့ ဗုံးပေါက်မှုတွင် အမေရိကန်ပြည်ထောင်စုနှင့် စီအိုင်အေဗဟိုထောက်လှမ်းရေးဌာနကို အမည်မဖော်ဘဲ စွပ်စွဲထားသည်။

ထိုကိစ္စနှင့် ပတ်သက်၍ ဗန်ကောက်မြို့ရှိ အမေရိကန်သံတမန်တဦး “တစုံတရာပြန်လည်ပြောဆိုဖို့လောက်တောင် အခြေအမြစ်မရှိတဲ့ စွပ်စွဲချက်” ဖြစ်သည်ဟု တုံ့ပြန်သည်။

အမေရိကန်အစိုးရသည် မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ အရေးယူဒဏ်ခတ်မှုများကို (၁၉၉၇)ခုနှစ်ကတည်းက ပြုလုပ်ခဲ့ပြီး၊ (၂၀၀၃)ခုနှစ်တွင် မြန်မာပို့ကုန်များကို ပိတ်ပင်မှု၊ ဘဏ္ဍာရေးအရ ဝန်ဆောင်မှုပိတ်ပင်မှု၊ မြန်မာနိုင်ငံသားတချို့ ပိုင်ဆိုင်သော လုပ်ငန်းကုမ္ပဏီများနှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပိတ်ပင်မှု အချက်များပါဝင်သော “မြန်မာနိုင်ငံလွတ်လပ်မှုနှင့် ဒီမိုကရေစီအက်ဥပဒေ”ကို ပြဋ္ဌာန်းခဲ့သည်။

သမတဘုရှ် လက်မှတ်ထိုးအတည်ပြုခဲ့သောမြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုသက်တမ်းတိုးသည့် ယင်းဥပဒေသည် မေလ (၂၀)ရက်နေ့ နောက်ပိုင်းတွင် စတင်အသက်ဝင်မည်ဖြစ်ပြီး ဤအတောအတွင်း အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း မြန်မာပြည်၏ လတ်တလောဗုံးပေါက်မှုများနှင့် လုံခြုံရေးအခြေအနေများကြောင့် အမေရိကန်နိုင်ငံသားများ မြန်မာပြည်တွင်းခရီးသွားလာမှုကို သတိထားကြရန် ကြေညာချက်ထုတ်ပြန်ထားသည်။❖

# နအဖစစ်အုပ်စုကို ဖိအားပေးရန် ကနေဒါလွှတ်တော်အမတ်များ ပထမဆုံးအကြိမ်ဆုံးဖြတ်ချက်ချ

နအဖစစ်အုပ်စုသည် လူထုအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများ စနစ်တကျဆက်လက်ကျူးလွန်နေပြီး အတိုက်အခံများကို နှိပ်ကွပ်နေသည့်အတွက် ကနေဒါအစိုးရနေဖြင့် နအဖကို ဖိအားပေးအရေးယူရန် ကနေဒါလွှတ်တော်အမတ်များက မေလ (၁)ရက်နေ့က ဆုံးဖြတ်လိုက်ကြသည်။

(၃၈)ကြိမ်မြောက် ကနေဒါလွှတ်တော်အစည်းအဝေးတွင် ကနေဒါအစိုးရအနေဖြင့် မြန်မာနိုင်ငံအား စီးပွားရေးပိတ်ဆို့အရေးယူရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အဲန်အယ်လ်ဒီ)၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ပြုကော်မတီ (စီအာရ်ပီပီ)နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရရ (အဲန်စီဂျီယူဘီ)တို့ကိုထောက်ခံရန် အချက်များပါဝင်သော ဥပဒေမူကြမ်းကိုအတိုက်အခံ (၃)ပါတီမှ လွှတ်တော်အမတ် (၁၅၈)ဦးက ထောက်ခံမဲပေးပြီးအတည်ပြုလိုက်ကြသည်။

အာဏာရ လေဘရယ်ပါတီ၏ နိုင်ငံခြားရေးဝန်ကြီး ပီရယ်ပတ်တီဂရူးက ကနေဒါအစိုးရအနေနှင့် မြန်မာ့ဒီမိုကရေစီအရေးကိုထောက်ခံသော်လည်း ပြည်ပရောက် အမျိုးသားညွန့်ပေါင်းအစိုးရကိုထောက်ခံရန် ဥပဒေအကြောင်းအရ အကျပ်ရိုက်စေသည်ဟုဆိုသည်။

အတိုက်အခံပါတီတခုဖြစ်သော New Democratic Party ခေါင်းဆောင် ဂျက်လေတန်က ကနေဒါအစိုးရအနေဖြင့် မြန်မာစစ်ကောင်စီ၏ လူ့အခွင့်အရေးချိုးဖောက်နေမှုများကို ပြင်းပြင်းထန်ထန်ရှုတ်ချလာအောင် မိမိ တို့က ဆက်လက်တိုက်တွန်းသွားမည်ဟု ဆို သည်။

ဤအတောအတွင်း ဩစတြေးလျလွှတ်တော်အမတ်များကလည်း (၂၀၀၆)ခုနှစ် တွင် မြန်မာက အာဆီယံဥက္ကဋ္ဌဖြစ်လာလျှင် ဒေသတခုလုံး၏ အကျိုးစီးပွားထိခိုက်လာမည့် အရေးကို စိုးရိမ်ကြောင်းပြသဖို့ ဩစတြေးလျအစိုးရကို တိုက်တွန်းခဲ့ကြသည်။



ကနေဒါနိုင်ငံခြားရေးဝန်ကြီး ပီရယ်ပတ်တီဂရူး

# မြန်မာနိုင်ငံက ၂၀၀၆အာဆီယံဥက္ကဋ္ဌဖြစ်လာလျှင် ဥရောပသမဂ္ဂအနေဖြင့် အာဆီယံစည်းဝေးပွဲများကို သပိတ်မှောက်ရန် ဥရောပပါလီမန်အမတ်များ ဆက်လက်ဖိအားပေးနေ

၂၀၀၆ ခုနှစ်တွင် မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌဖြစ်လာလျှင် အာစီယံဆွေးနွေးပွဲများကို သပိတ်မှောက်ရေးအတွက် အီးယူကိုတိုက်တွန်းရန် အီးယူပါလီမန်အမတ် (၆၅)ဦးက မေလ(၁၂)ရက်နေ့တွင် ကန့်ကွက်သူမရှိ တညီတညွတ်တည်းဆုံးဖြတ်ခဲ့ကြသည်။

ပါလီမန်အမတ်များသည် ဥရောပကော်မရှင်နာအသစ်၏ နအဖနှင့် ပျော့ပျောင်းသောဆက်ဆံရေးကို စိုးရိမ်းကြောင်းပြသလိုက်ကြပြီး မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားများရှိနေသမျှ ဒေါ်အောင်ဆန်းစုကြည်ကိုဖမ်းထားသမျှ မြန်မာစစ်အစိုးရနှင့်မဆွေးနွေးလိုသော ပါလီမန်၏သဘောထားကို ကော်မရှင်နာအသစ်ကို အသိပေးထားပြီးဖြစ်ကြောင်းဗြိန်တိန်နိုင်ငံမှ အီးယူပါလီမန်အမတ် ကလင်းနစ်ကင်းလော့ကို ကိုးကားသော ဗွီအိုအေသတင်းအရသိရှိရသည်။

ထို့အပြင် ပါလီမန်အမတ်များသည် ဂျပန်နိုင်ငံကျိုတိုမြို့တွင် မေလဆန်းကကျင်းပပြီးစီးခဲ့သော အာရှ–ဥရောပနိုင်ငံခြားရေးဝန်ကြီးအဆင့်အစည်းအဝေးတွင် နအဖနိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံခဲ့သူ အီးယူပြည်ပဆက်ဆံရေးကော်မရှင်နာမင်းကြီး ဗန်နီတာဖလဲဒိုဝေါ်ဒနာနှင့် တွေ့ဆုံသည့်အခါ မြန်မာနိုင်ငံတွင်အပြောင်းအလဲများမတွေ့ရသမျှ နအဖနှင့်မဆွေးနွေးလိုလားသော ပါလီမန်၏သဘောထားကို ပြတ်ပြတ်သားသားပြသသွားမည်ဟု သူမကပြောဆိုကြောင်း သတင်းကဆိုသည်။

ထို့အပြင်သူမက“မြန်မာနိုင်ငံမှာ အပြောင်းအလဲဖြစ်ဖို့က ဥရောပက လှမ်းပြောနေတာထက်စာရင် အာစီယံအဖွဲ့ကပြောတာက ပိုထိရောက်နိုင်ပါတယ်။ အာစီယံကိုတော့ ဘာလုပ်ပါ၊ ဘာမလုပ်ပါနဲ့ သွားညွှန်ကြားလို့မရပါဘူး။ ဒါပေမယ့် ဥရောပသမဂ္ဂရဲ့သဘောထားက ဒီလိုပါဆိုပြီး ပြတ်ပြတ်သားသားရပ်တည်ပြရင် အာဆီယံလည်း မြန်မာနိုင်ငံဥက္ကဋ္ဌဖြစ်လာရေးကို ပြန်စဉ်းစားလာမယ်လို့ထင်ပါတယ်”ဟုသူမ၏ အမြင်ကို ဖြည့်စွက်ပြောကြားသွားသည်။

ဥရောပသမဂ္ဂသည် အမေရိကန်ပြည်ထောင်စုနည်းတူ မြန်မာနိုင်ငံအားစီးပွားရေးပိတ်ဆို့ထားပြီး နအဖထိပ်ပိုင်းခေါင်းဆောင်များကို ဥရောပနိုင်ငံသို့ လာရောက်ခွင့်ဗီဇာပိတ်ပင်ခြင်း၊ လက်နက်ရောင်းချခွင့် ပိတ်ပင်ထားခြင်းများဖြင့် မြန်မာနိုင်ငံတွင်နိုင်ငံရေးတိုးတက်မှုဖြစ်ပေါ်အောင်ဖိအားပေး တောင်းဆိုလျှက်ရှိသည်။ ❖

# ကမ္ဘာ့ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)၏ အေ့စ်ရောဂါ တားဆီးရေးစီမံချက်အသစ် မြန်မာနိုင်ငံတွင်စတင်

ကမ္ဘာကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF ) က အာရှတွင် (HIV/AIDS) ရောဂါကူးစက်မှုအများဆုံးဖြစ်ပွားနေသောမြန်မာနိုင်ငံတွင် မိခင်မှကလေးသို့ (HIV/AIDS) ကူးစပ်မှုတားဆီးရေးစီမံချက်အသစ်တခုကို စတင်လိုက်သည်။

မေလကစတင်လိုက်သော (UNICEF) အဖွဲ့၏ ပထမ(၃)နှစ်စီမံကိန်းကို မြန်မာနိုင်ငံ၏ အကြီးဆုံးဆေးရုံ (၁၀)ခုတွင် စတင်ဆောင်ရွက်မည်ဖြစ်ပြီး ရောဂါပိုးရှိသူ မိခင်များမှ ကလေးငယ်သို့ ရောဂါမပြန့်ပွားအောင် ဆေးဝါးအခမဲ့ကုသမှုပေးမည့်အစီအစဉ်အပါအဝင်၊ မွေးကင်းစကလေးများရောဂါကမကူးစက်အောင် စောင့်ရှောက်မှုပေးခြင်း၊ ရောဂါနှင့်ပတ်သက်၍ တိုင်ပင်ဆွေးနွေးခြင်း၊ ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ပေးခြင်း၊ ဆေးဝန်ထမ်းများကို ရောဂါနှင့်ပတ်သက်၍ လေ့ကျင့်ပေးခြင်းနှင့် ရောဂါရှိသူများကို ခွဲခြားဆက်ဆံခြင်းများလျှော့နည်းအောင် ပညာပေးသည့်အစီအစဉ်များ ပါဝင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် နှစ်စဉ် (HIV)ရောဂါကူးစက်ခံရသူ အမျိုးသမီးတသောင်းခန့် ရှိပြီး၊ ၎င်းမိခင်များမှ ရောဂါပိုးရှိသောကလေး (၃၀၀၀)မှ (၄၀၀၀)ခန့် နှစ်စဉ် မွေးဖွားနေသည်ဟု (UNICEF)ကြေညာချက်တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်ကလေး (၁.၂၅) သန်းမွေးဖွားလျက်ရှိပြီး၊ (၁၆) ရာခိုင်နှုန်းသာဆေးရုံများတွင် မွေးဖွားနေသည်ဟု အဖွဲ့ကဆိုသည်။

ထို့အပြင် အရွယ်ရောက်သူ၏ (၁.၂) ရာခိုင်နှုန်းတွင် ရောဂါပိုးတွေ့ရှိရပြီး ရောဂါကူးစက်မှုနှုန်းမှာ ဆက်လက်တိုးတက်နေသည်ဟု အဖွဲ့ကဆိုသည်။

ယခုစီမံကိန်းကို ငွေကြေးအလုံအလောက်ဖြင့် စတင်ခဲ့ခြင်းဖြစ်ပြီး၊ ရေရှည်စီမံကိန်းအတွက် ကုလသမဂ္ဂ၊ မြန်မာနိုင်ငံအမျိုးသား (AIDS)စီမံချက်အဖွဲ့နှင့် အခြားငွေကြေး ထောက်ပံ့သောအဖွဲ့များမှ ရံပုံငွေရှာဖွေသွားမည်ဟု သိရှိရသည်။

မြန်မာနိုင်ငံတွင် (၂၀၀၄)ခုနှစ် ကုန်ပိုင်းအထိ ရောဂါပိုးရှိသူ (၃၃၈,၀၀၀)ဦး၊ ရောဂါပိုးကူးစက်ခံထားရသူ (၃)သိန်းကျော် ရှိပြီး အများစုမှာ ဆေးဝါးအကူအညီမရကြဘဲ တိုင်းရင်းဆေးများကိုသာ အသုံးပြုနေကြရသည်ဟု လေ့လာချက်များကဆိုသည်။

(UNICEF)အဖွဲ့သည် မြန်မာနိုင်ငံတွင် (HIV/AIDS) ရောဂါကာကွယ်စောင့်ရှောက်မှုများအတွက် နှစ်စဉ် ဒေါ်လာ (၂) သန်းကျော် ထောက်ပံပေးလျှက်ရှိသည်။

❖

**ပြင်ဆင်ဖတ်ရှုပါရန် ....**

❖ မိုးကြိုးအမှတ်စဉ် (၆၁)၊ စာမျက်နှာ (၅)ကော်လံ (၂)၊ ဦးတင်အေးကြူသတင်းပါ “အနှစ် (၆၀)လွတ်ငြိမ်းချမ်းသာခွင့်အမိန့်”အစား“ ၂/၈၀ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်”၊

❖ စာမျက်နှာ (၁၄)ပါ “ဦးအောင်လင်းထွန်း”အစား“ဦးအောင်လင်းထွင်”၊

❖ စာမျက်နှာ(၁၂)အမေရိကန်နှင့် ညွန့်ပေါင်းစစ်သားအကျအဆုံးသတင်းပါ “ဇန်နဝါရီလကုန်အထိ”အစား “ဧပြီလကုန်အထိ”ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အယ်ဒီတာအဖွဲ့

# "၁၉၉၀ ပြည့် ပါတီစုံအထွေထွေရွေးကောက်ပွဲ (၁၅)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်စာမျက်နှာ"

## ကဝမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမျိုးဝင်းနှင့် အင်တာဗျူး

**မိုးကြိုး။** ။ မေ (၂၇)ရွေးကောက်ပွဲ မတိုင်မီ မဲဆွယ်ကာလ ဆရာရဲ့အတွေ့အကြုံကိုပြောပြပေးပါလား။

**ဒေါက်တာမျိုးဝင်း။** ။ ခံစားချက်မျိုးစုံ ကြုံခဲ့ရပါတယ်။ ခင်ဗျားတို့သိတဲ့အတိုင်း ဒီရွေးကောက်ပွဲဟာ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲလို့ ကမ္ဘာကအသိအမှတ်ပြုထားပြီးဖြစ်ပါတယ်။ ဒါပေမယ့် တကယ်တမ်းတော့ ဒီလောက်မဟုတ်ပါဘူး။ နဝတ ညစ်လို့မရအောင် ကျနော်တို့ပါတီဝင်ထုက အတော်ကြိုးပမ်းခဲ့ပါတယ်။ အဲဒီအချိန်မှာ လူ (၅)ယောက်ထက်ပိုမစုရဆိုတဲ့ ဥပဒေကို တရားဝင်မရုပ်သိမ်းပေးပါဘူး။ ဒါကိုဖောက်ပြီး ကျနော်တို့ ကျေးရွာတွေကိုဆင်းစည်းရုံးတဲ့အခါ သက်ဆိုင်ရာကျေးရွာတွေမှာရှိတဲ့ လုပ်ပိုင်ခွင့်ပေးထားတဲ့ စစ်သားအချို့နဲ့ အမြဲတမ်းထိပ်တိုက်ရင်ဆိုင်ရပါတယ်။ သူတို့ခမျာလည်း ကျနော်တို့ရှင်းပြတော့ နားလည်သဘောပေါက်မှုရှိတာတွေ့ရပါတယ်။ ဒါပေမယ့် လူထုက ပွင့်ပွင့်လင်းလင်း ကျနော်တို့နဲ့ မတွေ့ရဲတာရှိပါတယ်။ အဲဒီအချိန်မှာ (တစည)ကလည်း သူတို့မှာ နဝတ တဖြစ်လဲ စစ်အုပ်စုနောက်ခံရှိတယ်ဆိုပြီး ဝါဒဖြန့်နေတာကို နဝတကလည်း မသိကျိုးကျွန်ပြုနေတာရှိပါတယ်။ တကယ်လည်း သူတို့ဟာ တစညကို ဇောင်းပေးနေတာ လူတိုင်းအသိပဲဖြစ်ပါတယ်။

နဝတဟာ တစည နိုင်မယ်ထင်ပြီးတော့ သိပ်ယုံကြည်လို့ရယ်သာ တရားမျှတတဲ့ ရွေးကောက်ပွဲမျိုးဖြစ်သွားတာပါ။ တကယ်တန်းတော့ လူထုကလည်း ကိုယ့်မဲပြားနဲ့ကျမှသာ အဲန်အယ်လ်ဒီကို ဆန္ဒပြုလိုက်ရတာ။ မဲမထည့်ခင် ပြောင်ဆန္ဒထုတ်ဖော်မပြောရဲဘူး။

မဲပေးတဲ့အခါမှာ ကိုယ်ပေးချင်တဲ့ပုဂ္ဂိုလ်ရဲ့ဘောမှာ ကြက်ခြေခတ်အမှတ်အသားတံဆိပ်တုံး ရိုက်နှိပ်ရပါတယ်။ အဲဒီအတွက် ကျနော်တို့တွေဟာ မဲပြားပုံစံတွေလုပ်၊ တဆိပ်တုံးတွေနဲ့ ဘယ်လိုနှိပ်ရတယ်။ ပါတီတံဆိပ်က ခမောက်ပုံ၊ ဘယ်အကွက်မှာနှိပ် စသည်ဖြင့် အိမ်တိုင်ရာရောက်သော်လည်းကောင်း၊ အစုအဝေးနဲ့သော်လည်းကောင်း၊ သင်ကြားပေးရပါတယ်။ ကျနော်တို့မြို့မှာဆို တစညက အဲန်အယ်လ်ဒီဟာ မဲပြားအတုတွေလုပ်ပြီး လူထုကို စည်းရုံးနေပါတယ်ဆိုပြီး မြို့နယ်အာဏာပိုင်တွေကို အတော်ရှင်းရပါတယ်။ နောက်တချက်က လူထုဟာ လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲဖြစ်လာလိမ့်မယ်လို့ မယုံကြည်တာ ကျနော်တို့ထက်သာတဲ့အချက်ပဲ။

**မိုးကြိုး။** ။ ရွေးကောက်ပွဲမှာ လူထုက အဲန်အယ်လ်ဒီကို တခဲနက် မဲပေးလိုက်တာ ဘာကြောင့်လို့ထင်ပါသလဲ။

**ဒေါက်တာမျိုးဝင်း။** ။ အခြေခံအားဖြင့်တော့ အချက် (၃)ချက်ရှိပါတယ်။ (၁)အချက် ပါတီခေါင်းဆောင်များကို ယုံကြည်အားကိုးတယ်။ (၂)အချက် အင်အားကြီးတဲ့ပါတီဖြစ်တယ်။ (၃)အချက်က ပိုအရေးကြီးမယ်ထင်တယ်။ မြို့နယ်အဆင့် စည်းရုံးရေးသမားတွေ သူတို့ရဲ့ ကျေးရွာဇနပုဒ်အထိ စည်းရုံးနိုင်စွမ်း၊ ပါတီမှာ ဘာပဲပြောပြော အထက်အောက် စုန်ဆန်ပေါင်းကူး စည်းရုံးဆက်သွယ်နိုင်တာ မြို့နယ်အဆင့်ပါပဲ။ ဒီလိုလူတွေရဲ့ ကြိုးပမ်းမှုပါတယ်။ ဥပမာအားဖြင့် အဲဒီတုန်းက ပါတီတွေအများကြီး၊ ယှဉ်ပြိုင်သူတွေ အများကြီး၊ လူထုကလည်း စစ်အစိုးရကို ရွံရှာနေပြီ။ မဆလ တဖြစ်လည်း တစညကိုကလွဲပြီး ကျန်တာ ဘယ်သူ့ထည့်ထည့်ဆိုတဲ့အမြင်မျိုးရှိနေကြတယ်။

မဲပေးတဲ့အခါမှာ ကိုယ်ပေးချင်တဲ့ပုဂ္ဂိုလ်ရဲ့ဘောမှာ ကြက်ခြေခတ်အမှတ်အသား တံဆိပ်တုံးရိုက်နှိပ်ရပါတယ်။ အဲဒီအတွက် ကျနော်တို့တွေဟာ မဲပြားပုံစံတွေလုပ်၊ တဆိပ် တုံးတွေနဲ့ ဘယ်လိုနှိပ်ရတယ်။ ပါတီတံဆိပ်က ခမောက်ပုံ၊ ဘယ်အကွက်မှာနှိပ် စသည်ဖြင့် အိမ်တိုင်ရာရောက်သော်လည်းကောင်း၊ အစုအဝေးနဲ့သော်လည်းကောင်း၊ သင်ကြားပေးရပါတယ်။

အဲဒီအချိန်မှာ ကျနော်တို့ အတွေးအခေါ်မှားသလား၊ တကိုယ်ကောင်းဆန်မိသလားတော့ မသိဘူး။ ပါတီအမျိုးမျိုး တွေ့ကရာလျှောက်ထည့်နေရင် ဘယ်ပါတီမှ ထုနဲ့ထည်နဲ့ အမတ်ဦးရေများများမရဘဲ ဖြစ်မယ်။ အဲဒီလိုဆိုခိုင်မာတဲ့အစိုးရမဖွဲ့နိုင်ဘဲ ညွန့်ပေါင်းအစိုးရသာဖြစ်လာမယ်။ တိုင်းပြည် ပြန်လည်ထူထောင်ရေးအတွက် တယောက် တပေါက်နဲ့ ကြန့်ကြာမယ်။ လူထုကလည်း စစ်အာဏာရှင်ဖြုတ်ချဖို့ဆိုရင် မဲပြန့်လို့မရဘူး။ အလားအလာရှိတဲ့ တပါတီတည်းကို မဲစုပေးမှ ရမယ်လို့ သိနေတယ်။ ဒါကြောင့် အဲန်အယ်လ်ဒီကို တခဲနက် စုပြီးမဲပေးတာပါ။ ပြီးတော့ ဒေါ်စုပါတီဖြစ်လို့ပါ။

**မိုးကြိုး။** ။ ၁၉၉၀ ကနေရေတွက်ရင် အခုဆိုရင် (၁၅)နှစ်ရှိပြီ။ အဲန်အယ်လ်ဒီဟာ လူထုက အနိုင်ရပါတီဖြစ်လျက်နဲ့ အခုအချိန်ထိ အာဏာရပါတီဖြစ်မလာတဲ့အပေါ် ဆရာ့သဘောထားကိုပြောပြပေးပါ။

**ဒေါက်တာမျိုးဝင်း။** ။ မကျေနပ်ဘူးပေါ့ဗျာ။ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဆိုပေမယ့် နဂိုထဲက စစ်အစိုးရဟာ တစညနိုင်မယ်ထင်လို့ ရွေးကောက်ပွဲကျင်းပပေးတာ။ တစညကလည်း အရင် မဆလ ဗိုဇအတိုင်း စာရွက်ပေါ်က ကိန်းဂဏန်းအလိမ်အညာတွေနဲ့ အလုပ်လုပ်နေတော့ သူတို့ကိုယ်တိုင်နိုင်မယ်ထင်နေတာ။ အဲဒီအချိန်မှာ လူထုက သိပ်အကင်းပါးနေပြီ။ ပြောင်မပြောရဲပေမယ့် အဲန်အယ်လ်ဒီကိုပဲ ပုံမဲထည့်တာ ရွေးကောက်ပွဲရလဒ်က သက်သေပဲ။ ညွန့်ပေါင်းအစိုးရတောင် ဖြစ်မလာနိုင်တော့တဲ့အချိန်မှာ စစ်အစိုးရအာဏာမပေးတာ ဘာဆန်းလဲ။ တချို့ ဝါရင့်နိုင်ငံရေးသမားတွေက ကြိုတင်ဟောကိန်းထုတ်ခဲ့တာဘဲ။ ကျနော့်သဘောထားပြောရရင် အဓိကက စစ်အစိုးရရဲ့ ပင်ကိုယ်စေတနာမမှန်တာပဲ။ ကျနော်တို့ပါတီကလည်း လိုအပ်ချက် တွေ ရှိနေသေးလို့၊ လူထုကလည်း တိုက်ပွဲလို့မမြင်ဘဲ မဲပေးရုံနဲ့ တာဝန်ကြေပြီလို့တွက်ထားတဲ့ အခြေအနေမျိုး (ခုတော့ ဒီလောက် မဆိုးတော့ပါဘူး) စစ်အစိုးရကလည်း ကြာလေ တရားခံရင့်မကြီး ဖြစ်လာလေဆိုတော့ ပိုပြီးအာဏာမလွှဲရဲလေပေါ့။ ဒါပေမယ့် ဘယ်သူ့အပေါ်မှ တာဝန်ပုံချစရာမလိုဘူး။ စစ်အစိုးရရဲ့ ပင်ကိုယ်သရုပ်ကိုက စေတနာ မမှန်ဘဲ။ တစညအနိုင်မရလို့ အာဏာမအပ်တာဟာ ရှင်းပါတယ်။ နောက်ပိုင်းပြဿနာတွေက နောက်မှ ဆက်စပ်ဖြစ်လာတာပါ။ သို့သော် ကျနော်တို့က အာဏာလိုချင်လို့ နိုင်ငံရေးလုပ်နေတာ မဟုတ်ပါဘူး။ သမိုင်းကြောင်းမကောင်းခဲ့တဲ့တပါတီ အာဏာရှင်စနစ်ပုံစံမျိုးနဲ့ အုပ်ချုပ်နေတဲ့ စစ်အစိုးရအဆင့်ဆင့်ကို သင်းကွတ်ပြီး၊ ဒီမိုကရေစီနိုင်ငံသစ်ကို ဖော်ဆောင်ချင်လို့ ဆက်လက်တိုက် ပွဲဝင်နေတာဘဲ။

**မိုးကြိုး။** ။ နအဖရဲ့ရုတ်မတ်မှာ ရွေးကောက်ပွဲအသစ်ပြန်လုပ်ဖို့ဆိုတာ ပါပါတယ်။ အဲဒီအပေါ် လွှတ်တော်ကိုယ်စားလှယ်တယောက်အနေနဲ့ ဆရာရဲ့သဘောထားကိုသိပါစေ။

**ဒေါက်တာမျိုးဝင်း။** ။အား ....အများကြီး ပြောစရာရှိတယ်။ ရပ်ကွက်ထဲမှာ လိမ်စားနေတဲ့ လူ့ကလိန်တယောက်ရဲ့ စကားကို ခင်ဗျားယုံကြည်မလား။ တခါ အလိမ်ခံရရင် လိမ်တဲ့လူရဲ့အပြစ်။ နှစ်ခါ အလိမ်ခံရင် အလိမ်ခံရတဲ့လူရဲ့ အပြစ်တဲ့။ သာမန်လူတယောက်က ကြောင်လေးကို ကျားပေါက်စလို့ပြောရင် ကျနော်တို့ယုံမိမှာပဲ။ လူလိမ်တယောက်က လမ်းဘေးက သစ်ပင်ကို သစ်ပင်ပါလို့ပြောရင်တောင် ပလတ်စတစ်နဲ့လုပ်ထားသလားလို့ သွားကိုင်ကြည့်သင့်ပြီဗျို့။ အချို့ မကင်းရာမကင်းကြောင်း ကြွေးပေးရတဲ့ဆိုင်တွေမှာ သင်ခန်းစာယူစရာ ရေးထားတာတွေ့ဖူးတယ်။ "နောက်ကြွေးယူလိုက၊ ပထမကြွေး အရင်ဆပ်ပါ"တဲ့။

ပြောရရင် ရွေးကောက်ပွဲအသစ်လုပ်တယ်ဆိုတာကို လက်ခံဖို့ဆိုရာ၊ ပထမရလာဒ်ကို အရင်အကောင်အထည်ဖော်ပါဦး။ ဒီနေ့ ရုတ်မတ်ရေးဆွဲတယ်။ ဘယ်သူလဲ အမျိုးသားညီလာခံခေါ်ယူတာ ဘယ်သူလဲ။ ရွေးကောက်ပွဲ အသစ်လုပ်ပေးမယ့်သူက ဘယ်သူလဲ။ အဲဒီလူတွေဟာ သူလုပ်သင့်လုပ်ထိုက်တာကို လုပ်နေတာလားဆိုတာလည်း ကြည့်ဦးလေ။ သူ့ အလုပ်ပါလား သူ့အရာပါလားလို့ မေးချင်ပါတယ်။ ခပ်ကြမ်းကြမ်းပြောရရင် ဒီနေ့အခင်းအကျင်းတွေဟာ နိုင်ငံရေးသမား၊ တော်လှန်ရေးသမားတွေရဲ့ အသက်သွေးချွေးတွေကို ယစ်ပူဇော်ပြီး၊ ဒီမိုကရေစီအပျိုဖျန်းလေးကို စစ်အာဏာရှင်စနစ်နဲ့ သားဖောက်မျိုးစပ်ဖို့ အခမ်းအနားကျင်းပနေတာပဲဖြစ်တယ်။

**မိုးကြိုး။** ။ အခုဆိုရင် ရွေးကောက်ပွဲဟာ (၁၅)နှစ်ကြာသွားပါပြီ။ တနည်းပြောရရင် မျိုးဆက်တခုနီးနီးခြားသွားပြီဖြစ်တဲ့ကာလမှာ အဲန်အယ်လ်ဒီကိုလူထုက ဘယ်အတိုင်းအတာထိ ထောက်ခံတယ်လို့ ထင်ပါသလဲ။

**ဒေါက်တာမျိုးဝင်း။** ။ နိယာမသဘောအရတော့ လောကမှာ ဘယ်အရာမှ မမြဲပါဘူး။ ရုပ်ဝတ္ထုအရရော၊ စိတ်ဓာတ်အတွေးအခေါ်အရရော အပြောင်းအလဲဆိုတာတော့ ရှိစမြဲပါ။ လူထုဟာ အဲန်အယ်လ်ဒီကို မဲပေးလိုက်တုန်းက ပုဂ္ဂိုလ်ရေးအရပေးတာမဟုတ်ပါဘူး။ လူထု ဒီလောက်မညံ့ပါဘူး။ တချို့ကပြောမှာပေ့ါ။ ဒေါ်စုဟာ ဗိုလ်ချုပ်သမီးမို့ သံယောဇဉ်ရှိတာတို့ ဘာတို့။ ဒါဆို ဦးအောင်ဆန်းဦးအပေါ် ဘယ်လိုစဉ်းစားကြမလဲ။ တကယ်တမ်းတော့ ခေါင်းဆောင်များရဲ့ အရည်အချင်းနဲ့ အနစ်နာခံမှု အပေါ်ယုံကြည်ကြတာဘဲ။ ခုဖြစ်နေတာက လူထုမှာ ရွေးချယ်စရာမရှိဘူး။ ဒီထက်တော်တဲ့၊ ဒီထက်အနစ်နာခံတဲ့၊ ဒီထက်စွမ်းပကားရှိတဲ့ လူထုခေါင်းဆောင်ပေါ်ထွက်လာရင်တော့ တမျိုးစဉ်းစားရမှာပေ့ါ။ နောက်တခုက စစ်အစိုးရဟာ ဒီမိုကရေစီကို ရိုက်ချိုးနေတယ်ဆိုတာလည်း လူထုသိတယ်။ လူထုကိုသာမက နိုင်ငံရေးပါတီတွေရဲ့ ထွန်းလက်မှုကိုလည်း ညစ်နွမ်းအောင်လုပ်နေတယ်ဆိုတာလည်း လူထုသိတယ်။ ဒီနေ့အထိ ထောက်ခံဆဲဆိုတာ ကျနော်ယုံကြည်တယ်။ တချို့ လူ့မလိုင်တွေကလွဲရင် အမှန်တရားနဲ့ တ သားတည်းရှိတဲ့ လူထုကတော့ စစ်အစိုးရပြောတိုင်း နားမယောင်ဘူးဆိုတာ ကျနော်ယုံကြည်တယ်။ ဘာဖြစ်လို့လည်းဆိုတော့ လူထုမှာ သင်ခန်းစာတွေအများကြီးရရှိခဲ့ဘူးပြီးပြီလေ။ ဒီနေ့လူထုဟာ ရွေးကောက်ပွဲကာလ လူထုနဲ့တောင်မတူတော့ဘူး။ ပိုမိုမြင့်မားတဲ့အတွေးအခေါ်တွေ ရှိနေပြီဆိုတာ ယုံမှားသံသယမရှိဘူး။ တဆက်တည်း ပြောချင်တာက နိုင်ငံရေးပါတီတွေဟာ ရွေးကောက်ပွဲအနိုင်ရဖို့ထက် စစ်အစိုးရပြုတ်ကျရေးကို တူညီစွာရှေးရှုနေတဲ့အတွက် လူထုဟာလည်း အဲန်အယ်လ်ဒီကိုမှ မဟုတ်ပါဘူး။ ဘယ်ဒီမိုကရေစီအင်အားစုမဆို ထောက်ခံမှာပါ။ ကျနော်တို့ကလည်း ကျနော်တို့ကိုမှ ထောက်ခံရမယ်လို့ မဆိုလိုချင်ပါဘူး။ တော်လှန်ရေးမပြီးသေးဘူးလေ။ ကျားနဲ့ရင်ဆိုင်တွေ့ရင် ကျားကိုအရင်ရှင်းပါတဲ့။ ဒီကာလဟာ ဘယ်အဖွဲ့အစည်းမှ ပါတီနိုင်ငံရေးကို ရှေးရှုတာမဟုတ်ပါဘဲ အမျိုးသားနိုင်ငံရေးကို တစုတပေါင်းတည်း ဦးတည်ရမှာဖြစ်လို့ အားလုံးညီညွတ်ဖို့ လိုနေပြီဆိုတာ စကားချုပ်အနေနဲ့ ကျနော် ပြောပါရစေ။



ကဝမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမျိုးဝင်း

ကဝမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမျိုးဝင်းသည် ပြည်ပတွင် ဖွဲ့စည်းထားသည့် လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ (မြန်မာနိုင်ငံ)၏ Co-ordinator အဖြစ်လက်ရှိကာလတွင် တာဝန်ယူဆောင်ရွက်နေသည်။

# ဒီပဲယင်းအကြမ်းဖက်ခံရမှု ၂နှစ်မြောက် နှစ်ပတ်လည်အခမ်းအနား ပြည်တွင်းပြည်ပတွင်ကျင်းပ




ဒီပဲယင်း လုပ်ကြံမှုစုံစမ်းရေးကော်မတီဝင် ကိုကျော်ကျော်မှ ဆွေးနွေးတင်ပြစဉ်

ဒီပဲယင်းအကြမ်းဖက်ခံရသည် (၂)နှစ်မြောက်နေ့တွင် ပြည်တွင်းပြည်ပမှ မြန်မာ့ဒီမိုကရေစီအရေးကြိုးပမ်းသူများက ဒီပဲယင်းလုပ်ကြံခံရခြင်းအထိမ်းအမှတ် အောက်မေ့ဖွယ်အခမ်းအနားများကျင်းပခဲ့ကြောင်း သိရှိရသည်။

ထိုင်းမြန်မာနယ်စပ်တနေရာတွင် ကျင်းပသော ဒီပဲယင်းအောက်မေ့ဖွယ်အခမ်းအနားသို့ ဒီပဲယင်းတွင်ကိုယ်တိုင်ကြုံတွေ့ခံရသော မျက်မြင်သက်သေများ၊ နယ်စပ်အခြေစိုက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ကိုယ်စားလှယ်များ၊ ဒီမိုကရေစီအရေးကြိုးပမ်းသည့်အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ သံဃာတော်များနှင့် ဒီမိုကရေစီမြတ်နိုးသော စက်ရုံအလုပ်သမားများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မန္တလေးအနောက်တောင်မြို့နယ် အဲန်အယ်ဒီလူငယ်အဖွဲ့ဝင် ကိုကျော်မျိုးသူနှင့် ဘုန်းတော်ကြီး အရှင်ဝိမလတို့က ဒီပဲယင်းတွင်ကြုံတွေ့ခဲ့သော၊ ၎င်းတို့၏ကိုယ်တွေ့အတွေ့အကြုံများကို ပြန်ပြောင်းပြောပြခဲ့ပြီး၊ ဒီပဲယင်းလုပ်ကြံမှုစုံစမ်းရေးကော်မတီမှ ကိုကျော်ကျော်က ကော်မရှင်အနေဖြင့် ဒီပဲယင်းအကြမ်းဖက်မှုတွင် တာဝန်ရှိသူများကို နိုင်ငံတကာရာဇဝတ်မှုခုံရုံးနှင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတို့တွင် တရားစွဲနိုင်သည့်အခြေအနေထိရောက်အောင် ဆက်လက်ဆောင်ရွက်နေကြောင်း ပြောကြားသွားသည်။

အလားတူ ပြည်တွင်းအင်အားစုများ၏ ဒီပဲယင်း (၂)နှစ်ပြည့်အခမ်းအနားများကို ရန်ကုန်နှင့်မန္တလေးမြို့ရှိ နေရာအတော်များများတွင် ကျင်းပခဲ့ကြပြီး ဒီပဲယင်း၌ အသက်ပေးခဲ့ရသောသူများအတွက် ရေစက်ချအမျှအတန်းဝေခဲ့ကြောင်းသိရှိရသည်။ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် သီရိသုခဓမ္မာရုံတွင် ကျင်းပခဲ့သော ဒီပဲယင်းအောက်မေ့ဖွယ် အခမ်းအနားသို့ ကျောင်းသားခေါင်းဆောင်မင်းကိုနိုင်အပါအဝင်ပရိသတ် (၂၀၀)ကျော်တို့က ဝမ်းနည်းခြင်းအထိမ်းအမှတ်အနက်ရောင်ရင်ထိုးများတပ်ဆင်၍ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

ဦးတင်ဦးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များနှင့်အတူ (၂၀၀၃)ခုနှစ် အထက်မြန်မာပြည်သို့ စည်းရုံးရေးခရီးထွက်ခဲ့ရာမှ မေလ (၃၀)ရက်နေ့တွင် စစ်ကိုင်းတိုင်း၊ ဒီပဲယင်းအနီး ကျည်ရွာအရောက်တွင် နအဖလိုလားသူများ၏ အကြမ်းဖက်တိုက်ခိုက်ခြင်းခံခဲ့ပြီး၊ အဖွဲ့ချုပ်ဝင်များအပါအဝင် ဒီမိုကရေစီထောက်ခံသူရာနှင့်ချီ၍ အသက်ဆုံးရှုံးခဲ့ရသည်။

နအဖသည် ထိုတိုက်ခိုက်မှုတွင် တာဝန်ရှိသူများကို ယခုတိုင်ဖော်ထုတ်ပေးခြင်းမရှိသည့်အပြင်၊ ဒီပဲယင်းလုပ်ကြံခံရမှုပြီးကတည်းက ဖမ်းဆီးထားသော အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်ဦးနှင့် အတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့ကိုလည်း ယခုတိုင်ပြန်လွှတ်ပေးခြင်းမရှိပေ။ ❖

# နိုင်ငံရေးအကျဉ်းသားများ နှိပ်စက်ညှင်းပမ်းခံနေရသည့်ကိစ္စကို အဝေးရောက်ညွန့်ပေါင်းအစိုးရအဖွဲ့က လူ့အခွင့်အရေးအဖွဲ့များသို့ တိုင်ကြား

ပြီးခဲ့သည့်လက အင်းစိန်ထောင်တွင် အစာငတ်ခံဆန္ဒပြသော နိုင်ငံရေးအကျဉ်းသား (၉)ဦးကို အာဏာပိုင်များက နှိပ်စက်ညှင်းပမ်းခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးပေးရန် အဝေးရောက်ညွန့်ပေါင်းအစိုးရအဖွဲ့ (အဲန်စီဂျီယူဘီ)က မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာပီညဲရိုးထံ စာပေးပို့ထားကြောင်း သတင်းများအရသိရှိရသည်။



ကိုဟန်ဝင်းအောင်

အဲန်စီဂျီယူဘီ၏ ကုလသမဂဆိုင်ရာတာဝန်ခံ ဒေါက်တာသောင်းထွန်းက အကျဉ်းသားများကိစ္စကို မစ္စတာပီညဲရိုး၊ ဥရောပသမဂ္ဂလူ့အခွင့်အရေးတာဝန်ခံ မစ္စတာမိုက်ကယ်ဒီယာဆန်၊ ဂျီနီဗာရှိ နိုင်ငံတကာကြက်ခြေနီအဖွဲ့နှင့် နိုင်ငံတကာအစိုးရများသို့လည်း အကြောင်းကြားထားပြီးဖြစ်ကြောင်း သတင်းဌာနများသို့ အတည်ပြုပြောဆိုသည်။

ပြီးခဲ့သည့်လက အင်းစိန်ထောင်အာဏာပိုင်များသည် နိုင်ငံရေးအကျဉ်းသားများကို ရာဇဝတ်အကျဉ်းသားများနှင့် တဆောင်ထဲတွင် ရောနှောထားပြီး၊ ရာဇဝတ်သားများကို နိုင်ငံရေးအကျဉ်းသားများအား ရိုက်နှက်အောင် သွေးထိုးပေးခဲ့သဖြင့်၊ မကျေနပ်သော နိုင်ငံရေးအကျဉ်းသားများက ၎င်းတို့ကို နေရာပြောင်းရွှေ့ပေးရန် တောင်းဆိုဆန္ဒပြခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

အစာငတ်ခံဆန္ဒပြသူများ

ကိုမျိုးခင်
ကိုကျော်ကျော်
ကိုဟန်ဝင်းအောင်
ကိုလွင်ကိုလတ်
ကိုမျိုးဝင်း
ကိုအေးလွင်
ကိုကျော်မိုး
ကိုကျော်နိုင်
ဆရာတော် ဦးရာဇဓမ္မ

အာဏာပိုင်များသည် နိုင်ငံရေးအကျဉ်းသားများ၏ တောင်းဆိုချက်ကို မလိုက်လျောခဲ့ရုံမျှမက ခေါင်းဆောင်သူများဟု ယူဆရသူများကို စစ်ခွေးတိုက်သို့ပို့ဆောင်ပြီး ထောင်ပိုင်အမိန့်ဖြင့် ရိုက်နှက်ညှင်းပမ်းခဲ့သည်ဟု ထောင်နှင့်နီးစပ်သော အသိုင်းအဝိုင်းမှတဆင့် သိရှိရသည်။

အစာငတ်ခံဆန္ဒပြသူများအနက် ကိုဟန်ဝင်းအောင်နှင့် ကိုလွင်ကိုလတ်တို့သည် မေလဆန်းမှစ၍ ရေပါဖြတ်တောက်ဆန္ဒပြခဲ့ကြသဖြင့် လမ်းမလျှောက်နိုင်ဖြစ်နေပြီး၊ ပူပြင်းသောရာသီဥတုတွင် ၎င်းတို့၏ ကျန်းမာရေးအခြေအနေစိုးရိမ်ရကြောင်း နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ)က သတင်းထုတ်ပြန်ထားသည်။

ကိုဟန်ဝင်းအောင်မှာ ယခင်ကလည်း (၂)ကြိမ်တိုင်တိုင် ဖမ်းဆီးထောင်ချခံရသူဖြစ်ပြီး ပထမအကြိမ်ဖမ်းဆီးခံရစဉ်က ဥပဒေအရ ထောင်ချနိုင်သည့် အသက်ပင်မပြည့်သေးဟု မိခင်ဖြစ်သူက ဒီဗွီဘီသတင်းဌာနနှင့်မေးမြန်းခန်းတွင် ပြောကြားသွားသည်။

# စစ်ကြောရေးစခန်းတွင် ကိုအောင်လှိုင်ဝင်းသေဆုံးရသည့်ကိစ္စ အဲန်အယ်လ်ဒီက အမှုဖွင့်တိုင်ကြား

မေလဆန်းပိုင်းက နအဖစစ်ကြောရေးစခန်းတွင် အဲန်အယ်လ်ဒီလူငယ်အဖွဲ့ဝင် ကိုအောင်လှိုင်ဝင်းသေဆုံးသွားရသည့် ကိစ္စကို စုံစမ်းပေးရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥပဒေအကြံပေးအဖွဲ့က ရဲကိုအမှုဖွင့်တိုင်ကြားထားကြောင်း သိရှိရသည်။

မေလ (၁)ရက်၊ ည (၈)နာရီခန့်က လှိုင်မြို့နယ် အောင်မြေသာစည်အိမ်ယာဝင်းကြေးအိုးစည်ချက်ဆိုင်တွင် စားသောက်နေသော ကိုအောင်လှိုင်ဝင်းကို အရပ်ဝတ်ဖြင့်လူ (၄)ယောက်က လက်ထိပ်ခတ်၍ တိတ်တဆိတ်ခေါ်ဆောင်သွားသည့် အချိန်မှစ၍ ကိုအောင်လှိုင်ဝင်းတယောက် သတင်းပျောက်နေခဲ့သည်။

နောက်ရက်များတွင် ကိုအောင်လှိုင်ဝင်း၏ ဇနီးဖြစ်သူ မနှင်းစန္ဒာက အင်းစိန်အကျဉ်းထောင်သို့ သွားရောက်စုံစမ်းခဲ့သော်လည်း သတင်းတစုံတရာမကြားရဘဲ မည့်သည့်အာဏာပိုင်ကမှလည်း ကိုအောင်လှိုင်ဝင်းကို မိသားစုထံအကြောင်းမကြားခဲ့ပေ။

မေလ (၁၀)ရက်နေ့ ၊ ညနေ (၄)နာရီခန့်တွင် ကိုအောင်လှိုင်ဝင်းမိသားစုနှင့် ဇနီးကို ရယကရုံးကဆင့်ခေါ်ပြီး ကိုအောင်လှိုင်ဝင်းတယောက် မေလ (၇)ရက်နေ့က နှလုံးရောဂါဖြင့် သေဆုံးသွားပြီဖြစ်၍ လျော်ကြေးငွေအဖြစ် ကျပ် (၁)သိန်းကိုလက်ခံယူရန် စစ်ကြောရေးစခန်းမှ ဒုတိယ ဗိုလ်မှူးကြီး မင်းလှိုင်နှင့် ဗိုလ်ကြီးတဦးတို့က ပြောဆိုသည်ဟု မိသားစုဝင်များကို ကိုကား၍ အဲန်အယ်လ်ဒီပြောခွင့်ရသူဦးလွင်က ပြောဆိုသည်။

မိသားစုဝင်များက ထိုငွေကိုလက်မခံကြောင်း၊ အလောင်းကိုသာပြန်ပေးရန် တောင်းဆိုသောအခါ အာဏာပိုင်များက မိမိတို့သင်္ဂြိုလ်လိုက်ပြီးဖြစ်၍ အလောင်းမရနိုင်တော့ကြောင်း ပြန်လည်ပြောဆိုသည်ဟု ဆိုသည်။

ထိုကိစ္စနှင့်ပတ်သက်၍ မိသားစုက အဲန်အယ်လ်ဒီ ဥပဒေအကြံပေးအဖွဲ့ထံ အကူအညီတောင်းခဲ့သဖြင့် အဖွဲ့က ရဲကိုအကြောင်းကြားအမှုဖွင့်ခဲ့သည်။

ကွယ်လွန်သူ ဦးအောင်လှိုင်ဝင်း (၃၀)နှစ်သည် လှိုင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်စည်းရုံးရေးမှူးဖြစ်သူ ဦးရွှေဂျို၏ သားမက်ဖြစ်ပြီး ဖမ်းဆီးခေါ်ဆောင်သွားချိန်အထိ ကျန်းမာရေးကောင်းမွန်ပြီး နှလုံးရောဂါလည်းမရှိသဖြင့် ယခုကဲ့သို့ ရုတ်တရက်သေဆုံးသွားခြင်းသည် စစ်ကြောရေးစခန်းတွင် ရိုက်နှက်စစ်ဆေးရာမှ လက်လွန်သွားခြင်းဖြစ်နိုင်သည်ဟု အများက တွက်ဆနေကြသည်။

ကိုအောင်လှိုင်ဝင်းသည် ယခင်ကလည်း ထောင် (၂)ကြိမ်ခဲ့ဖူးသူဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်၏ ခရီးစဉ်များတွင် လုံခြုံရေးတာဝန်ယူခဲ့သူဖြစ်ကြောင်း ဦးလွင်ကဆိုသည်။

ယခုကိစ္စနှင့် ပတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က နအဖထံသို့ တရားဝင်ကန့်ကွက်စာပေးပို့ထားကြောင်း သိရှိရသည်။❖

# ကျောက်တန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းငြိမ်းကို အာဏာပိုင်များက ဆေးဝါးကုသခွင့်မပေး

ပြည်ထောင်တွင် မတရားဖမ်းဆီးထောင်ချခံနေရသော ကျောက်တန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းငြိမ်းသည် အသဲ၊ ဆီးကျိတ်၊ အစာအိမ်ရောဂါများ အပြင်းအထန်ခံစားနေရပြီး ဆရာဝန်နှင့်ပြသခွင့်မရသည်မှာ (၉)လရှိနေပြီဖြစ်၍ ကျန်းမာရေးအခြေအနေစိုးရိမ်နေရကြောင်း ဇနီးသည် ဒေါ်ခင်ခင်အေးက သတင်းဌာနများကို ပြောဆိုထားသည်။

ထောင်သက်တမ်းပြည့်သော်လည်း ဆက်လက်အဖမ်းခံထားရသူ ဒေါက်တာသန်း ငြိမ်းက “ကြိုးမိန့်ချခံထားရသူတယောက် ကြိုးမိန့်ကိုစောင့်နေရသလိုပဲ“ဟု မိမိကို ပြောကြောင်း မကြာခင်ကမှ ထောင်ဝင်စာသွားတွေ့ခဲ့သောဇနီးသည်က ဆိုသည်။

ဒေါက်တာသန်းငြိမ်းသည် ပြီးခဲ့သောနှစ် စက်တင်ဘာလကအာဏာပိုင်များ၏ ထောင်သက်တမ်းထပ်မံတိုးခြင်းအပေါ် မကျေနပ်၍ အစာငတ်ခံဆန္ဒပြခဲ့သဖြင့် အင်းစိန်ထောင်မှ သာယာဝတီထောင်၊ ထို့နောက် ပေါင်းတည်ထောင်နှင့် ယခုနောက်ဆုံး ပြည်ထောင်သို့ အဆင့်ဆင့်ထောင်ပြောင်းရွှေ့ခံခဲ့ရသည်။

ဒေါက်တာသန်းငြိမ်းကို ၁၉၉၇ခုနှစ် အောက်တိုဘာလ ဒေါ်အောင်ဆန်းစုကြည်၏ မရမ်းကုန်းမြို့နယ်သို့စည်းရုံးရေးခရီးစဉ်တွင် အဲန်အယ်လ်ဒီလူငယ်များနှင့် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံရန်စီစဉ်ခဲ့သဖြင့် အာဏာပိုင်များက ထောင်ဒဏ် (၇)နှစ် ချမှတ်ခဲ့သည်။

❖

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မစုစုနွေးအား လူ့အခွင့်အရေးကြိုးပမ်းမှုဆု ချီးမြှင့်

အဓမ္မလုပ်အားပေးစေခိုင်းသူ အာဏာပိုင်များကို ပြန်လည်တရားစွဲဆို အနိုင်ရခဲ့သော ရန်ကုန်တိုင်း၊ ကော့မှူးမြို့နယ် ထမ်းမနိုင်ရွာသူ မစုစုနွေးကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လူ့အခွင့်ရေးကြိုးပမ်းမှုအထူးဆုချီးမြှင့်ခဲ့လိုက်ကြောင်း သိရှိရသည်။

ရန်ကုန်အဖွဲ့ချုပ်ရုံးတွင်မေလ (၂၅)ရက်နေ့ကကျင်းပသော အဖွဲ့ချုပ်ဝင်များ၏ လူ့အခွင့်အရေးသင်တန်းဆင်းပွဲ အခမ်းအနားတွင်မစုစုနွေး၏ ရဲစွမ်းသတ္တိကို ဂုဏ်ပြုသည့်အနေဖြင့် ယခုကဲ့သို့ဆုချီးမြှင့်လိုက်ခြင်းဖြစ်သည်။

ယခုအခါ မစုစုနွေးကို ကျေးရွာအာဏာပိုင်များက အကြိုးကြီးစွာဖြင့် စောင့်ကြည့်နေပြီး၊ အမှုဆင်ဖမ်းဆီးရန် ကြိုးစားနေသည့်အတွက် သူမက မိမိအနေဖြင့် အမှန်တရားအတွက် နောက်ဆုံးထွက်သက်အထိ တိုက်ပွဲဝင်ရန် ဆုံးဖြတ်ထားပြီးဖြစ်၍ ထန်းတပင်ရွာမှ ဘယ်တော့မှ စွန့်ခွာသွားမည်မဟုတ်ကြောင်း ပြောဆိုထားသည်။ ❖

(၈၈)ရဲ့ မိုးနှောင်း တညနေခင်းမှာ ဒီမြို့လေးမှာပဲ ဆရာ့ကိုနောက်ဆုံးတွေ့လိုက်ရတယ်။ အဲဒီနေ့က မှတ်မှတ်ရရ ကျနော်က အရောင်လွင့်ပြယ်နေတဲ့ ကျောပိုးအိတ်တလုံးနဲ့ရိုးမပေါ်က ဆင်းလာတဲ့နေ့ပေါ့။ မိုးတွင်းဆိုပေမယ့် ရာသီဥတုက ကြည်လင်နေတယ်။ စက်တင်ဘာ (၁၈)ရက်နောက်ပိုင်း အာဏာသိမ်းပြီးစ ခြောက်ကပ်ကပ်နေ့ရက်တွေပေါ့။ ဆရာ့အိမ်ရှေ့လမ်းဘေးမှာပဲ စကားတွေပြောဖြစ်ခဲ့ကြတယ်။ ဆရာရဲ့သတိစကားတွေနာကြားခဲ့ရတယ်။ အဲဒီအချိန်တုန်းက ဒီမြို့ကလေးမှာ ဒီချုပ်ရုံး မဖွင့်ဖြစ်သေးဘူးဆိုတာ မှတ်မိနေတယ်။ ဖွင့်ဖို့ စိုင်းပြင်းနေတုန်းပဲ။ ဒီအချိန်မှာ ဆရာက ဒီချုပ်မှာ ဝင်လုပ်မလား၊ မလုပ်ဘူးလားဆိုတာတော့ မသိရသေးဘူး။ ဆရာ့သဘောကတော့ လူငယ်တွေကိုပဲ လုပ်စေချင်တယ်။ သူ့အနေနဲ့ကတော့ အကြံဉာဏ်ပေးရုံ၊ အပြင်က ကူရုံပဲလုပ်ချင်ပုံပေါ်တယ်။ အသက်ကလည်း ထောက်လာပြီလေ။ အဲဒီအချိန်က ဆရာ့အသက်က (၆၆)ဝန်းကျင်လောက်ရှိပေမယ့် ကျန်းမာရေးဂရုစိုက်သူဖြစ်လေတော့ သူ့ရဲ့ လှုပ်ရှားမှုဟန်ပန်တွေက လူငယ်တွေလိုပဲ ဖြတ်လတ်သွက်လက်နေဆဲပဲ။ မှောင်ရီပျိုးစမှာ ခွဲခဲ့ကြတယ်။ နှုတ်အဆက်မှာတော့ ဆရာ့ရဲ့မျက်ဝန်းမှာ တစုံတခုပြောဖို့ကျန်နေသလိုပဲ။ အဲဒီတုန်းကတော့ ဒီမျက်ဝန်းတွေကို ကျနော် သေသေချာချာမဖတ်တတ်ခဲ့ဘူး။ သူ့ဘဝဖြတ်သန်းမှုတွေအရ သွားရမယ့်လမ်းက ရှည်အုံးမယ်ဆိုတာ အဲဒီကထဲက သိနေပုံပဲ။

ဒီနောက်မှာတော့ မြို့ခံလူငယ်တွေနဲ့ လူထုက ဆရာခေါင်းဆောင်မှဖြစ်မယ်ဆိုတာ အတင်းတောင်းဆိုကြလို့ ဆရာလည်း မနေသာတော့ပဲ ဒီမြို့လေးရဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဥက္ကဋ္ဌ ဝင်လုပ်ခဲ့တယ်လို့ သိလိုက်ရတယ်။ အဲဒီမြို့မှာ ဒီချုပ်နဲ့အပြိုင်ဖြစ်နေတဲ့ တစညဘက်က ဝင်အရွေးခံမဲ့လူကလည်း ဆရာရဲ့ တချိန်ကရဲဘော်ဟောင်းတဦးရဲ့ညီငယ်လည်းဖြစ်တော့ ဆရာ့ရဲ့ ညီငယ်တဦးလိုလည်း ဖြစ်နေတယ်လေ။ ဒီလူကလည်း ဆရာ့ကို ပုဂ္ဂိုလ်ရေးအရ ရှိရင်းစွဲ လေးစားတဲ့သူ။ ဆရာနဲ့ရွေးကောက်ပွဲပြိုင်မယ်ဆိုရင်လည်း သူမရဘူးဆိုတာသိနေတဲ့သူလေ၊ “ဆရာသာ ဒီချုပ်မှာဝင်မလုပ်ရင် ဒီနယ်မှာ ဘယ်သူ့ကိုမဆို ယှဉ်နိုင်တယ်”တဲ့ သူကိုယ်တိုင် ကျနော့်ကို ဖွင့်ဟပြောခဲ့ဘူးတယ်၊ အမှန်ပါပဲ ဒီနယ်တဝှမ်းလုံးကလည်း ဒီလိုပဲသိနေကြတယ်လေ။

> “မြို့ကလေးကနေ ဝေးလံခေါင်သီလှတဲ့ ရိုးမဒေသ လျှိုမြောင်စိမ့်စမ်းပတ်ဝန်းကျင်က ဒေသခံပြည်သူတွေဆီ အိမ်တိုင်ရာရောက် အရောက်သွားခဲ့ကြတယ်။ ဒီမိုကရေစီတရားတွေကို မမောနိုင်မပမ်းနိုင် ပြောခဲ့ဟောခဲ့ကြ၊ သမိုင်းစဉ်လာကြီးတဲ့ ဒေသခံပြည်သူတွေဆီက အတွေ့အကြုံတွေနဲ့ ရင်ဖွင့်သံတွေကို ကြားနာခဲ့ကြတယ်။ ရိုးမကျေးလက်ပြည်သူလူထုကြီးကလည်း သူတို့ချစ်တဲ့ ဆရာအဖိုးအိုနဲ့ ပြန်လည်ဆုံစည်းခဲ့ကြ ပြီး ....”



ဆရာဦးစောနေဒွန်းတို့ ဇနီးမောင်နှံ

# သံတိုင်ကြားက အမေ့လျော့ခံအဖိုးအို (သို့) အကျဉ်းသားအမှတ် ၂၇၃၀/C

**ဗလ**

ဆရာတို့၊ ဆရာမကြီးတို့ အရှိန်အဝါက ဒီနယ်မှာ ပြောစရာမလိုအောင် လူတိုင်းအသိအမှတ်ပြုရတယ်လေ။ ဒီဒေသလေးရဲ့ နော်မန်ဗက်သွန်းလို့ပြောရင်လည်း ပိုမယ်လို့မထင်ပါဘူး။ ဇနီးမောင်နှံ နှစ်ဦးစလုံးက ဒီဒေသခံမဟုတ်ပေမယ့်လည်း ဒီနယ်၊ ဒီဒေသက လူထုတရပ်လုံး အထူးသဖြင့် ကျေးလက်နဲ့ မြို့ပြဆင်းရဲသားတွေအများစုကြီးရဲ့ မိဘလိုဖြစ်နေတာကိုး။ နှစ်ဦးစလုံးက ဆေးပညာကိုကျွမ်းကျင်တတ်မြောက်သူ၊ အတွေ့အကြုံကြွယ်ဝသူတွေ၊ ဆရာ့ရဲ့ဇနီးဖြစ်သူ ဆရာမကြီးဆိုရင် တောထဲကပြန်ရောက်ပြီး အသက်ကြီးမှ ဆေးကျောင်းတက်ပြီး အသက်(၄၀)မှာ ရန်ကုန်ဆေးတက္ကသိုလ်က ဒေါက်တာဘွဲ့ ရခဲ့လို့ အဲဒီကာလထုတ်သတင်းစာမျက်နှာဖုံးတွေမှာ အထူးအဆန်းအနေနဲ့ အသက်အကြီးဆုံး ဒေါက်တာဘွဲ့ရသူ အမျိုးသမီးဆိုပြီး ဖော်ပြခံရတဲ့သူပဲပေါ့။ ဒီဒေသမှာ ဆေးရုံဆေးခန်းနဲ့ ဆရာဝန်တွေမရှိခင်ကတည်းက ဆရာတို့မောင်နှံက တနယ်လုံးကို ဆေးပညာနဲ့အလုပ်အကျွေးပြုနေတာ။ ဆရာကလည်း အင်္ဂလိပ် ပြန်အဝင် ဗမာ့တပ်မတော်ဖွဲ့စကတည်းက ဆေးဘက်ဆိုင်ရာမှာ တာဝန်ယူခဲ့ဘူးသူ။ နောက်ပိုင်း ပဲခူးရိုးမဌာနချုပ်မှာ ဆရာဝန်ကြီး ဒေါက်တာနတ်ရဲ့ လက်ထောက်ဆရာအဖြစ်လုပ်ခဲ့ဘူးသူ။ ဆေးပညာဘက်မှာ အတွေ့အကြုံလည်းကြွယ်၊ ဒေသခံလူထုနဲ့လည်း လွတ်လပ်ရေးခေတ်တလျှောက်လုံး အတူနေ အတူစားအတူလုပ်ကိုင်ခဲ့ဘူးတဲ့ သူလေ။



ဆရာ ဦးစောနေဒွန်းနှင့် ဒေါက်တာစိန်ဝင်း (ယခုမြန်မာနိုင်ငံအဝေးရောက်ညွန့်ပေါင်းအစိုးရအဖွဲ့ဝန်ကြီးချုပ်)

ကျနော် တောင်တန်းတွေပေါ်မှာ ဘဝသစ်နဲ့နပန်းလုံးနေချိန် (၁၉၉၁)ခုနှစ်မှာ ရေဒီယိုက ဗိုလ်ခင်ညွန့်ရဲ့ သတင်းစာရှင်းလင်းပွဲနားထောင်လိုက်ရတော့ ဆရာတို့ အဖမ်းခံလိုက်ရပြီဆိုတာ သိလိုက်ရတယ်။ ဖြစ်မှုကတော့ ထုံးစံအတိုင်းပဲ။ အာဏာကို ဖြတ်လမ်းက သိမ်းပိုက်ရန်ကြံစည်မှုပဲပေါ့။ အဖြူကို အမဲလုပ်တဲ့ ဗမာပြည်က လက်မရှိ စစ်အာဏာရှင်တွေရဲ့ လက်သုံးစကားပဲလေ

၁၉၉၀ခုနှစ်၊ မေလရွေးကောက်ပွဲမတိုင်ခင်၊ ဒီမြို့မှာ ကိုယ်စားလှယ်လောင်း ဘယ်သူလုပ်မလဲ စဉ်းစားကြတော့၊ ဒီမြို့ ဒီနယ်ကလူတွေ အမြော်အမြင်ရှိလိုက်ပုံကတော့ သမိုင်းတွင်ကျန်ရစ်တော့တာပါပဲ။ ဒီမိုကရေစီသမိုင်းမှတ်တိုင်မှာ အလွန့်အလွန်ကြီးမားတဲ့ မှတ်တိုင်ကြီးကို စိုက်ခဲ့ကြတယ်။ ဒါကလည်း ဆရာနဲ့ဒေသခံလူထုရဲ့ ရင့်ကျက်တဲ့ နိုင်ငံရေးကို ပြသခဲ့တာပဲလေ။ သူတို့ ဘယ်သူ့ကို ကိုယ်စားလှယ်လောင်းအဖြစ် တင်မြှောက်ခဲ့သလဲ။

ကျနော်တို့တိုင်းပြည်ရဲ့ ခေတ်သစ်ဒီမိုကရေစီသူရဲကောင်းလည်းဖြစ်၊ လူထုတရပ်လုံးကလေးစားယုံကြည်အားထားသူလည်းဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ မောင်ဝမ်းကွဲတော်သူ၊ အမျိုးသားဒီမိုကရေစီပါတီရဲ့ ခေါင်းဆောင် ဒေါက်တာစိန်ဝင်းကို ဒီမြို့ရဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဆရာတို့မြို့နယ်ဒီချုပ်ရဲ့ ဆန္ဒပြုမှုအောက်မှာ မြို့ခံအားလုံးက တညီတညွတ်တည်း လက်ခံခဲ့ကြတယ်။

ဒီလိုနဲ့ ဆရာနဲ့ သူ့ရဲ့ဒီမိုကရေစီဘက်တော်သားတွေဟာ ဒေါက်တာစိန်ဝင်းနဲ့အတူ မြို့ကလေးကနေ ဝေးလံခေါင်သီလှတဲ့ ရိုးမဒေသ လျှိုမြောင်စိမ့်စမ်းပတ်ဝန်းကျင်က ဒေသခံပြည်သူတွေဆီ အိမ်တိုင်ရာရောက် အရောက်သွားခဲ့ကြတယ်။ ဒီမိုကရေစီတရားတွေကို မမောနိုင်မပမ်းနိုင် ပြောခဲ့ဟောခဲ့ကြ၊ သမိုင်းစဉ်လာကြီးတဲ့ ဒေသခံပြည်သူတွေဆီက အတွေ့အကြုံတွေနဲ့ ရင်ဖွင့်သံတွေကို ကြားနာခဲ့ကြတယ်။ ရိုးမကျေးလက်ပြည်သူလူထုကြီးကလည်း သူတို့ချစ်တဲ့ ဆရာအဖိုးအိုနဲ့ ပြန်လည်ဆုံစည်းခဲ့ကြပြီး သူတို့ တချိန်က သွေးနဲ့ရင်းခဲ့ရတဲ့ မစိုက်ထူလိုက်ရသေးတဲ့ မျှော်လင့်ချက်မှတ်တိုင်ကို အခုအချိန်မှာ ဆန္ဒနဲ့ ထုတ်ဖော်စိုက်ထူဖို့ သံနိဋ္ဌာန်ချလိုက်ကြပြီလေ။ သူတို့သွေးနဲ့ချွေးနဲ့ ခုတ်ထွင်တူးဆွခဲ့ရတဲ့ မြေဆီလွှာမှာ ပျိုးကြဲဖို့ အခွင့်အလမ်းသစ် အချိန်အခါကို ရောက်လာပြီဆိုတာ သူတို့ဖြတ်ခဲ့ရတဲ့ အတွေ့အကြုံတွေအရ ရှင်းရှင်းလင်းပြတ်ပြတ်သားသား သိမြင်ခဲ့ကြတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရဲ့ ဒေါက်တာစိန်ဝင်းဆိုတာ ဒီကနေ့ နိုင်ငံတကာအဝန်းအဝိုင်းမှာ အသိအမှတ်ပြုခံရတဲ့ ဗမာ့ဒီမိုကရေစီရေးရဲ့ တရားဝင်ကိုယ်စားပြုနေတဲ့အဖွဲ့နဲ့ ခေါင်းဆောင်ဆိုရင်လည်း မမှားဘူးပေါ့။ သူဘယ်တုန်းကမှ မရောက်ဘူးတဲ့၊ သူ့ကိုလည်း ဘယ်တုန်းကမှ မမြင်ဘူးမကြားဘူးတဲ့ဒေသမှာ ဒေသခံပြည်သူတွေက သူတို့ဘဝတွေကို ကိုယ်စားပြုဖို့ ဆန္ဒညီစွာနဲ့ပဲ ရွေးကောက်တင်မြှောက်ခဲ့ကြတယ်။ အဲဒီဒေသကတော့ ဆရာတို့နေတဲ့ ပေါက်ခေါင်းမြို့ကလေးပေါ့။

ဒီမြို့ကလေးက ဗမာပြည်ရဲ့နိုင်ငံရေးသမိုင်းမှာ အလွန်စိတ်ဝင်စားဖွယ်လည်းဖြစ် အံ့အားသင့်စရာတွေနဲ့လည်း ပြည့်လျှံနေတဲ့ မြို့ကလေးလည်းဖြစ်တယ်ဆိုရင် မမှားပါဘူး။ ဘာပြုလို့လည်းဆိုတော့ တဖက်မှာ မဆလ တပါတီအာဏာရှင်ကြီး ဗိုလ်နေဝင်းရဲ့ မွေးရပ်ဒေသလည်းဖြစ်၊ သူ့ရဲ့ဆွေမျိုးသားချင်းတွေနဲ့ ကျေးဇူးခံကျေးဇူးစားမကင်းတဲ့သူတွေ အများစုလွှမ်းမိုးနေပြီး၊ တဖက်မှာတော့ ဒီမြို့ခံပညာတတ်အများစုနဲ့ ဒေသခံကျေးလက်လူထုအများစုကြီးက ဗိုလ်နေဝင်းရဲ့ မဆလအာဏာကို အဆန့်ကျင်ဆုံးဖြစ်တဲ့ ဒီဒေသမှာ ဗဟိုပြုလှုပ်ရှားခဲ့တဲ့ ဗကပဘက်မှာရပ်တည်ပြီး ဗမာပြည်လွတ်လပ်ရေးရတဲ့ အချိန်ကစလို့ ဒီမိုကရေစီရေးမှာ ရှေ့ဆုံးတန်းက တက်ကြွစွာ ပါဝင်လှုပ်ရှားကြတဲ့ ဒေသဖြစ်နေလို့ပါ။

အာဏာရှင်ကြီးကသူ့ရဲ့ အမာခံဒေသလို့ယူဆထားပြီး၊ သူ့ရဲ့ မဆလ တဖြစ်လဲ တစညပါတီ ကြိမ်းသေပေါက်အနိုင်ရမယ်လို့ တွက်ချက်ထားတဲ့မြို့ကလေး၊ တနည်းပြောရရင် အာဏာရှင်ကြီးရဲ့ အောင်အတိတ်

စာမျက်နှာ (၁၁) ကော်လံ (၁)သို့ ....

# ရှမ်းအဖွဲ့ချုပ်ခေါင်းဆောင် ဦးခွန်ထွန်းဦး၏အမှုကို အင်းစိန်ထောင်တွင် ဆက်လက်စစ်ဆေး

ဖေဖော်ဝါရီလကတည်းက ဖမ်းဆီးခံထားရသော ရှမ်းပြည်အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးနှင့် ရှမ်းခေါင်းဆောင်များ၏အမှုကို အင်းစိန်အကျဉ်းထောင်တွင် ဆက်လက်စစ်ဆေးနေသည်ဟု ရန်ကုန်ကလာသည့် သတင်းများအရ သိရှိရသည်။

မိသားစုဝင်များနှင့် နီးစပ်သူများ၏အဆိုအရ အာဏာပိုင်များသည် ဦးခွန်ထွန်းဦး၏ အမှုနှင့် ပတ်သက်၍ မိသားစုကို ယခုတိုင် တစုံတရာအကြောင်းကြားခြင်း မပြုရုံသာမက မိသားစုက ဦးခွန်ထွန်းဦးနှင့် ပတ်သက်၍ မေးမြန်းလျှင်ပင် လက်မခံ၊ ငြင်းပယ်နေသည့်အတွက် မည်သူမှ အခြေအနေမှန်ကို သိခွင့်မရဖြစ်နေသည်ဟု ဆိုသည်။

ဦးခွန်ထွန်းဦးကို နိုင်ငံတော်ပုန်ကန်မှုပုဒ်မဖြင့် မတ်လကတည်းက စွဲချက်တင် စစ်ဆေးနေခြင်းဖြစ်ပြီး ဦးခွန်ထွန်းဦးဘက်က ကာကွယ်လျှောက်လဲရန် မိသားစုက ငှားရမ်းထားသောရှေ့နေကို အာဏာပိုင်များက လက်မခံဘဲ၊ ၎င်းတို့ စိတ်ကြိုက်ရှေ့နေ (၂)ဦး



ရှမ်းအဖွဲ့ချုပ်ခေါင်းဆောင် ဦးခွန်ထွန်းဦး

ကို ဦးခွန်ထွန်းဦးအတွက် ငှားရမ်းပေးခဲ့သည်ဟု သတင်းများကဆိုသည်။

ထိုကိစ္စနှင့် ပတ်သက်၍ ဦးခွန်ထွန်းဦး၏ လုပ်ဖော်ကိုင်ဖက်ဖြစ်သူ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဝင် ဦးကျင်ရှင်းထန်က ''တရားခံအနေနဲ့ ကိုယ့်ဘက်က ခုခံချေပေးမယ့် ရှေ့နေကို ငှားခွင့်မရှိ၊ တရားစွဲလည်း အစိုးရတရားခံအတွက် ရှေ့နေငှားပေးတာလည်း တရားလိုဖြစ်တဲ့ အစိုးရပဲဆိုတော့ တရားခံအတွက်ဘယ်လိုမှ အလားအလာမကောင်းပါ ''ဟု သုံးသပ်သည်။

တသက်တကျွန်းနှင့် သေဒဏ်ကျခံရဖွယ်ရှိသော နိုင်ငံတော်ပုန်ကန်မှုကဲ့သို့သော စွဲချက်မျိုးကို အများမြင်သာပြီး ပွင့်လင်းသော တရားစီရင်ရေးဖြင့်သာ ဆုံးဖြတ်သင့်သည်ဟု ဥပဒေရေးရာကျွမ်းကျင်သူများက ဆိုသည်။

ဤအတောအတွင်း တိုင်းရင်းသားလူမျိုးများကောင်စီက ထိုင်း-မြန်မာနယ်စပ် ကေအဲန်ယူ စခန်းတနေရာတွင် အစည်းအဝေးတရပ်ကျင်းပခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်၊ ဦးခွန်ထွန်းဦးအပါအဝင် ဖမ်းထားသော နိုင်ငံရေးအကျဉ်းသားများကို ပြန်လွှတ်ပေးပြီး ဒီမိုကရေစီအင်အားစုအားလုံးပါဝင်သော တွေ့ဆုံဆွေးနွေးပွဲတရပ် အမြန်ပြုလုပ်ရန် ဥက္ကဋ္ဌ ပဒိုစောဘသင်စိန် လက်မှတ်ထိုး၍ နအဖ ဥက္ကဋ္ဌထံ စာရေးတောင်းဆိုထားကြောင်း သိရှိရသည်။ ❖

# ရှမ်းပြည်နယ် အစိုးရထောက်ခံသူများ ထိုင်းနိုင်ငံသို့ ထွက်ပြေးနေရ

ရှမ်းပြည် ယာယီအစိုးရထောက်ခံသူများကို နအဖ စစ်တပ်က လိုက်လံနှိမ်နင်းလျက်ရှိရာ ယခုအချိန်ထိ ရှမ်းပြည်ဘက်မှ ထိုင်းနိုင်ငံအတွင်းသို့ ထွက်ပြေးလာသူ ဒုက္ခသည် (၁၀၀၀)ကျော်ရှိသွားပြီးဟု ဒေသတွင်း သတင်းများအရ သိရှိရသည်။

ဧပြီလ (၁၇)ရက်နေ့က ရှမ်းအမျိုးသားတချို့က လွတ်လပ်သောသီးခြားရှမ်းပြည်အစိုးရဖွဲ့စည်းကြောင်း ကြေညာအပြီးတွင် နအဖတပ်က ရှမ်းပြည်နယ်အတွင်းရှိ လူထုကို ဖမ်းဆီးနှိပ်စက်သတ်ဖြတ်မှုများ ပိုမိုပြုလုပ်လာပြီး၊ ရွာများကို မီးရှို့ဖျက်ဆီးခဲ့သဖြင့် အပြစ်မဲ့ရွာသားများ ကြောက်လန့်ထွက်ပြေးခဲ့ကြောင်း နယ်စပ်ရှိဒုက္ခသည်များကို အကူအညီပေးနေသော အရာရှိတဦးကို ကိုးကား၍ ရှမ်းသံတော်ဆင့် သတင်းကဆိုသည်။

ဤအတောအတွင်း ထိုင်း-မြန်မာနယ်စပ်ရှိ နယ်စပ်ဖြတ်ကျော်ဒုက္ခသည်များကို နှစ်အတန်ကြာအကူအညီပေးလာသော (Thai Burma Border Consortiun)အဖွဲ့က အမေရိကန်နိုင်ငံ နယူးယောက် (UN) ပလာဇာတွင် ဆွေးနွေးပွဲတရပ်ပြုလုပ်ခဲ့ပြီး နအဖ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့်၊ (၁၉၈၄)ခုနှစ်မှစ၍ နယ်စပ်မျဉ်းများကိုကျော်၍ ထွက်ပြေးလာသော မြန်မာဒုက္ခသည်များ နှစ်စဉ်တိုးများလာနေကြောင်း၊ ၁၉၉၆ ခုနှစ်မှစ၍ ယခုအချိန်ထိ နအဖတပ်က တိုင်းရင်းသားရွာပေါင်း (၃၀၀၀)ကျော်ကို ဖျက်ဆီးခဲ့ပြီး၊ လူပေါင်း (၁)သန်းအထိ ဒုက္ခရောက်ခဲ့ရကြောင်း။ အဆိုပါ ဒုက္ခသည်များအနက်မှ (၁)သိန်းခွဲကို ထိုင်းနိုင်ငံရှိ ဒုက္ခသည်များစခန်း (၁၂)ခုတွင် စောင့်ရှောက်ထားပြီး အများစုမှာ နယ်စပ်ရှိတောတောင်များထဲတွင် ပုန်းအောင်းနေကြောင်း ဓာတ်ပုံအထောက်အထားများဖြင့် ရှင်းလင်းသွားခဲ့သည်။





ထိုင်း-မြန်မာနယ်စပ်တလျှောက်မှ ဒုက္ခသည်စခန်းများပြမြေပုံ

ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများက မြန်မာဒုက္ခသည်များအတွက် နှစ်စဉ်ဒေါ်လာ (၂၃)သန်း ထောက်ပံ့ပေးနေသော်လည်း အိုးအိမ်စွန့်ထွက်ပြေးလာသော ရှမ်းပြည်ဘက်မှ ဒုက္ခသည် (၂)သိန်းအပါအဝင်၊ အခြား (၅)သိန်းခန့်သည် နယ်စပ်ရှိတောတောင်များထဲတွင် အကာအကွယ်မဲ့ပုန်းအောင်းနေဆဲဖြစ်ကြောင်း (TBBC)အဖွဲ့က လေ့လာထားချက်များဖြင့် ကိုးကားဆွေးနွေးသွားခဲ့သည်။

❖

# နအဖသည် တိုင်းရင်းသားလူမျိုးနွယ်စုများအပေါ် လူမျိုးတုံးသတ်ဖြတ်သော ရာဇဝတ်မှုကိုကျူးလွန်နေ

တိုင်းရင်းသားလူမျိုးစုတို့နေထိုင်ရာဒေသများတွင် ကျူးလွန်နေသော နအဖ၏ လူ့အခွင့်အရေးချိုးဖောက်မှုများသည် (Genocide)ခေါ် လူမျိုးတုံးအောင် သုတ်သင်အားထုတ်မှုတရပ်အဖြစ် မှတ်ယူနိုင်သော အတိုင်းအတာဖြစ်လာနေသည်ဟု ထိုဒေသများသို့ (၅)နှစ်ကျော်သွားရောက်နေထိုင်ပြီး သက်သေအထောက်အထားများရယူခဲ့သူ



နအဖ၏ လူ့အခွင့်အရေးချိုးဖောက်မှုကြောင့် အိုးအိမ်စွန့်ခွာခဲ့ရသူ ဒုက္ခသည်များ

မစ္စတာရိုင်းဟော်တန်က မကြာသေးခင်က ပြုလုပ်သောအင်တာဗျူးတခုတွင် ပြောကြားသွားခဲ့သည်။

မစ္စတာဟော်တန်က ''ရှင်ရက်နဲ့ သေနေရသောဘဝများ''သို့မဟုတ် မြန်မာပြည်လူ့အခွင့်အရေးချိုးဖောက်မှုများကို ဥပဒေကြောင်းအရအကဲဖြတ်ခြင်းဟု အမည်ပေးထားသော သူ၏ စာမျက်နှာ (၆၀၀)ကျော်ပါ (၅)နှစ်ကျော်လေ့လာထားချက်များ စာတမ်းကို အမေရိကန်၊ ဗြိတိန်၊ ကနေဒါနှင့် ဒတ်ချ်အစိုးရများထံ တင်ပြမည်ဖြစ်ပြီး ''ယေဘုယျအားဖြင့် မြန်မာလူထုအပေါ် စစ်အစိုးရရဲ့ ကျူးလွန်နေမှုတွေဟာ လူသားမျိုးနွယ်တွေအပေါ်ကျူးလွန်တဲ့ ရာဇဝတ်မှုဖြစ်တယ်ဆိုတာ သံသယဖြစ်ဖွယ်မရှိပါဘူး။ တချိန်တည်းမှာ သိန်းနဲ့ချီတဲ့လူမျိုးစုတွေရဲ့ အိုးအိမ်၊ ဆေးဝါးနဲ့ အစာရေစာတွေကို ဖျက်ဆီးတာတွေဟာ လူမျိုးတုံးအောင် သတ်ဖြတ်မှုအဖြစ်မှတ်ယူနိုင်တဲ့ အတိုင်းအတာဖြစ်လာနေတယ်။ တကယ်လို့ နိုင်ငံတကာတရားရုံးက ဒီလိုပဲတူညီတဲ့ကောက်ချက်ချနိုင်တဲ့အခြေအနေရောက်ရင်တော့ လူသားချင်းစာနာမှုအရ ကြားဝင်ဆောင်ရွက်ဖို့ ဝတ္တရားရှိလာမှာပါ။ ဒီအခြေအနေဆိုရင်တော့ မြန်မာစစ်အစိုးရအတွက် အန္တရာယ်ကြီးပါတယ်''ဟုဆိုသည်။

အဆိုပါအစီရင်ခံစာတွင် စစ်အစိုးရအားဥပဒေကြောင်းအရအရေးယူရန် နည်းလမ်း (၃)ခုကို တင်ပြထားပြီး အထိရောက်ဆုံးနှင့် အခက်ခဲဆုံးနည်းလမ်းမှာ နိုင်ငံတကာရာဇဝတ်ခုံရုံး (The Hague)တွင် နအဖကို တရားစွဲရန်ဖြစ်သည်ဟုဆိုသည်။

နာဇီများက ဂျူးလူမျိုးများသတ်ဖြတ်မှုအပြီး (၁၉၄၈)တွင်ကျင်းပသော လူမျိုးတုံးသုတ်သင်မှုဆိုင်ရာညီလာခံ (Genocide Covention)ကြီးက ''လူမျိုးတုံးသုတ်သင်မှုဆိုသည်မှာ အုပ်စုတခု၊ အဖွဲ့တခုအား၎င်းတို့၏ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် အစိတ်အပိုင်းတခုခုကို ရည်ရွယ်ချက်ရှိရှိ တွက်ချက်ဖျက်ဆီးမှု''ဟု ဖွင့်ဆိုပြီး မြန်မာနိုင်ငံသည် ထိုညီလာခံသဘောတူညီချက်ကို ၁၉၅၆ တွင် လက်မှတ်ထိုးခဲ့သည်။

Dying Alive အစီရင်ခံစာကိုပြုစုသူ မစ္စတာဟော်တန်သည် မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်၏ ခင်ပွန်းသည် ဒေါက်တာမိုက်ကယ်အဲရစ်၏ မိတ်ဆွေတဦးဖြစ်ပြီး၊ ယင်းခင်မင်မှုများက မြန်မာပြည် လူ့အခွင့်အရေးချိုးဖောက်မှုများကိုစုံစမ်းရန် သူ့အားစေ့ဆော်သည့် အကြောင်းရင်းတရပ်ဖြစ်ခဲ့သည်။

❖

## ဦးမြင့်ထွေး အင်တာဗျူးမှ ...

အဲဒီလိုမျိုးတွေက ငြိမ်းချမ်းရေး တကယ်လိုချင်တာ။ အဲဒါက အမှန်အတိုင်းပဲ။ ဗီယမ်နမ်စစ်ပွဲနဲ့ပတ်သက်ပြီး ငြိမ်းချမ်းရေးလိုချင်တဲ့သူက (Secretary of State)ဒင်းရပ်စ်မဟုတ်ခဲ့ဘူး။ (Secretary of Defence) မက္ကနာမာရား၊ တပ်ကလူတွေ၊ ဗိုလ်ချုပ်တွေဘာတွေ၊ သူတို့က လက်တွေ့တိုက်ပြီး၊ လက်တွေ့သေ နေတဲ့ဟာတွေကို မြင်တာ။ ပါကစ္စတန်ကိုကြည့်ရင် မူရှာရပ်လိုလူမျိုးကမှ တကယ့်ကို ရဲရဲဝံ့ဝံ့သလို၊ ပါကစ္စတန်နဲ့အိန္ဒိယဘယ်တုန်းကမှ ဖြေရှင်းလို့မရတဲ့ ကတ်ရှ်မီးယားပြဿနာကို ကိုင်တွယ်ရဲတာ။ သူလိုလူမျိုးမှ ကိုင်တွယ်ရဲတာ။ အင်ဒိုနီးရှားမှာလည်း သိပ်ဝမ်းသာစရာကောင်းတယ်။ အခု အာရှ-အာဖရိကွန်ဖရန့်အပြီးမှာ စစ်ဗိုလ်ချုပ်တွေအနေနဲ့ စီးပွားရေးမလုပ်ရတော့ဘူး။ တပ်မတော်အနေနဲ့လည်း လွှတ်တော်မှာ အလိုအလျောက်ရတဲ့ အမတ် (၃၈)နေရာကို စွန့်လွှတ်လိုက်တယ်။ ဒါက စစ်ဗိုလ်ချုပ်ဖြစ်ခဲ့တဲ့လူမို့လို့ လုပ်နိုင်တာ။ ဒါကြောင့် သူမို့လို့လည်း သူဆုံးဖြတ်ရဲတယ်။ သူဆုံးဖြတ်ရဲသလို သူ့အမိန့်ကိုလည်းနာခံရဲတယ်။ ချီးကျူးစရာကောင်းတာက အဲဒီစစ်ဗိုလ်ချုပ်ဟာ ခါးမှာဗျောက်ထိုးပြီးတော့ သမတဖြစ်တာမဟုတ်ဘူး။ အငြိမ်းစားယူပြီးမှ ရွေးကောက်ပွဲဝင်ပြီးမှ သမတဖြစ်တာ။ အဲဒီဟာချင်းတော့ မတူဘူး။ မတူတဲ့အခြေအနေမှာ သူတို့က ခါးဗျောက်ထိုးပြီးမှ သူတို့ကပဲ အနေကျပ်ပါတယ်။ ကြောက်ပါတယ်။ (Siege Mentality)ရှိတယ်ဆိုတော့ မကောင်းဘူး။ သူတို့လည်း မျိုးချစ်ပုဂ္ဂိုလ်တွေပဲ။ နိုင်ငံရေးသမားတွေလည်း မျိုးချစ်ပုဂ္ဂိုလ်တွေပဲဆိုတာ အဲဒီလောက်ကိုပဲစဉ်းစားဦးပေါ့။ ဗျောက်ထိုးပြီးတော့ (Siege Mentality)နဲ့ (Under Mentality)ရှိတာ မကောင်းဘူး။ ညီညွတ်ချင်တယ်။ ငြိမ်းချမ်းချင်တယ်ဆိုရင်၊ (Main Key Point)ကရှာ ချင်ရင်၊ စေတနာရှိရင်၊ ရနိုင်တာပဲ။

❖

စကားလုံးတွေက အခရာကျဆိုပဲ။ ပြောစကားတိုင်း မယုံနဲ့။ အမေရိကန် မိတ်ဆွေတော်တော်များများပြောတာက တချို့ ရူးနှမ်းနှမ်း ဟိုမရောက်၊ ဒီမရောက် အမေရိကန်တွေပြောတဲ့ အမေရိကန် အင်ပါယာခေတ်ကိုရောက်ပြီဆိုတဲ့ ဗလွတ်ရွှတ်တွတ် စကားတွေကို ဂရုမစိုက်ပါနဲ့။ သူတို့ ပြောစကားဆိုတာ အမေရိကမှာလုပ်ကြတဲ့ ‘ဟဲလိုးရင်း’ဆိုတဲ့ ကလေးတွေပျော်တဲ့ရာသီလို (မြန်မာနိုင်ငံမှာတော့ တန်ဆောင်တိုင်ကကျီးမနိုးပွဲရာသီနဲ့ ခပ်ဆင်ဆင်တူပါတယ်။) အခုမြင်၊ အခုပျောက်ကိစ္စတွေလိုပါပဲတဲ့။ ခပ်

အီရတ်စစ်ပွဲနဲ့ ဆက်စပ်နေတဲ့ သင်ခန်းစာကြီးတခုကတော့ အမေရိကန်အစိုးရဟာ အင်ပါယာတခုထူထောင်ဖို့ အဆင်သင့်မဖြစ်သေးဘူးဆိုတာပါပဲ။ အမေရိကန်နိုင်ငံဟာ အခြားမည်သည့်နိုင်ငံမဆို အနိုင်ပိုင်းနိုင်တဲ့ စစ်ရေးအခြေအနေရှိပါတယ်။ တကယ်တန်းအားဖြင့် အီရတ်ကိုစစ်ရေးနည်းနဲ့ ဝင်ရောက်ခဲ့တာဟာ အင်မတန်မှ ရဲတင်းလွန်းလှတယ်လို့ ဆိုရပါမယ်။ အမေရိကန်နိုင်ငံသားတွေ အကျအဆုံးအနည်းဆုံးနဲ့ အောင်မြင်ခဲ့တယ်။ ဒါပေမယ့် ထာဝရအုပ်ချုပ်ရေး၊ ထာဝရတပ်စွဲထားရေးဆိုတာ နိုင်ငံတခုကိုဘယ်လိုနည်းနဲ့ အာဏာပါဝါကို တာရှည်အသုံးမပြုသင့်တော့ပါဘူး။ ဒီပုံစံအစား နိုင်ငံတကာအကျိုးစီးပွားအပေါ် ချင့်ချိန်တွက်ချက်သင့်ပြီး အခြားနိုင်ငံတွေအပေါ်ထားရှိတဲ့ သူ့ရဲ့ပေါ်လစီတွေရဲ့ သက်ရောက်မှုတွေကိုပါ သေသေချာချာ ပြန်လည်ဆန်းစစ်မှုတွေလုပ်ရပါလိမ့်မယ်။

(၁၉၅၄) ခုနှစ်မှာ အမေရိကန်အစိုးရကိုယ်တိုင်ပုံဖော်ခဲ့တဲ့ နိုင်ငံကျော်အဖွဲ့အစည်းတွေရဲ့ အခြေခံအဆောက်အအုံတွေဟာ ကမ္ဘာကြီးအတွက် လက်ဆောင်တခုလို့ ဆိုခဲ့ကြပါတယ်။ ဒီကမှတဆင့် ကမ္ဘာ့လက္ခဏာဆောင်တဲ့ ကွန်ယက်တခုကို ဖန်တီးနိုင်ခဲ့ပြီး အသက်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့ကြပါတယ်။ အရှေ့တီမောနဲ့ အနောက်ပိုင်းအာဖရိကဘက် ဇိုင်အာယာနိုင်ငံတို့ကိစ္စမှာ တွေ့ခဲ့ရပါတယ်။ ဒီလိုမျိုးဝင်ရောက်မှုတွေ မလုပ်ခဲ့တဲ့အချိန်မှာတော့ ပိုမိုဆိုးဝါးတဲ့ကပ်ဆိုးကြီးတွေဖြစ်ပေါ်ဖို့ တွန်းအားပေးသလိုဖြစ်စေခဲ့တာကို ရဝမ်ဒါက မျိုးတုန်းစစ်ပွဲတွေက ဖော်ပြနေသလိုပါဘဲ။

အမေရိကန်အစိုးရအတွက် အချိန်ကျလို့လာခဲ့ပါပြီ။ အိုင်အမ်အက်ဖ်နဲ့ လုံခြုံရေးကောင်စီအတွင်းက သူ့ရဲ့ ကြီးမားလှတဲ့အင်အားပါဝါကို ကမ္ဘာကြီးအကျိုးစီးပွားအတွက် အနည်းငယ်သော ဒေါ်လာ သန်းအနည်းငယ်ချွေတာနိုင်ခဲ့ပါမယ်။ အခြားတဖက်ရဲ့ စာရင်းအင်းတွေအပေါ်မှာတော့ (၉)လ၊ (၁၁)ရက် ကိစ္စအတွက် တကယ့်ငွေကြေးကုန်ကျစရိတ်ဘယ်လောက်ရှိခဲ့သလဲဆိုတာ ဘယ်သူမှ တတ်အပ်မပြောနိုင်သေးပါဘူး။ ဒေါ်လာ ဘီလီယံပေါင်းရာချီပြီး ကုန်ကျခဲ့သလား။ ဒါမှမဟုတ် တရီလီယံထိကောများသုံးခဲ့ကြသလား။

ပြဿနာတွေကာကွယ်ဖို့နဲ့ အဖြေရှာဖို့အတွက် ပိုမိုတိကျပြီး အားလုံးအလေးထားနိုင်တဲ့ စည်းမျဉ်းစည်းကမ်းတွေကသာ ကမ္ဘာကြီးရဲ့ ကုန်ကျစရိတ်တွေကို သက်သာရာဖြစ်

# နာလန်ထအောင် ကြိုးပမ်းနေရတဲ့ အမေရိကာ

သံဒိုင်းဖေ

**“ ကျနော်တို့ ဘဝတသက်တာမှာ လူသားမျိုးနွယ်စုတွေအပေါ် နှစ်ကြိမ်ကြိမ်တိုင်တိုင် ကြုံတွေ့ရင်ဆိုင်ခဲ့ကြရတဲ့ ပြန်ပြောလို့တောင် ကုန်နိုင်ဖွယ်မရှိတဲ့ ဝမ်းနည်းကြေကွဲခဲ့ရမှုတွေဖြစ်တဲ့ စစ်ရဲ့ခါးသီးလှတဲ့ ဒုက္ခဆင်းရဲတွေဘေးမှ ကျနော်တို့ရဲ့ လူသားမျိုးဆက်သစ်တွေကို ကယ်တင်ဖို့ လို့ဆိုထားပါတယ်။ ”**

ကြောင်ကြောင် အဝတ်အစားတွေဝတ်သလို ရေရှည် သုံးစားမရတဲ့သဘောကို ဆိုလိုပါတယ်။ ဒါပေမယ့် အမေရိကန်အင်ပါယာဆိုတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ဒါဟာအမှန်တကယ်ပဲ ကျီးမနိုးပွဲက စကားလုံးတွေဖြစ်ခဲ့တယ်ဆိုဦးတော့ ဒီကိစ္စကို ဗလွတ်ရွှတ်တွတ်စကားလုံးတွေဆိုပြီး လျှော့တွက်မယ်။ လစ်လျူရှုထားမယ်ဆိုရင်ဖြင့် အသိကင်းမဲ့ရာကျပါလိမ့်မယ်။ ဒါဟာ ဘာကိုပြနေသလဲဆိုတော့ အမေရိကန်တွေရဲ့စဉ်းစားမှုထဲက အချက်တခုဖြစ်တယ်ဆိုတာပါပဲ။ အရင်းရှင်စနစ်ရဲ့ အသီးအပွင့်တွေကို ခံစားရယူနိုင်ဖို့နဲ့ ဒီလိုအင်ပါယာတခု တည်ထောင်လို့ရနိုင်ဖွယ်ရှိတယ်ဆိုတဲ့ အိပ်မက်တခုမက်ကြည့်တဲ့သဘောလို့ ပြောရမယ်ထင်ပါတယ်။

အင်ပါယာနဲ့ ပတ်သက်ပြီး အိပ်မက်မက်နေကြတဲ့ အမေရိကန်အချို့က ဒီလိုအင်ပါယာမျိုးတည်ထောင်ဖို့လုပ်မယ်ဆိုရင် ဒါဟာ ကိုလိုနီအုပ်ချုပ်ရေးနဲ့ လွတ်လပ်ရေးအရသာကို ဘဝအတွေ့အကြုံနဲ့ ရင်းနှီးသိခဲ့ရတဲ့ အာရှနိုင်ငံနဲ့အခြားနိုင်ငံတွေက ကျနော်တို့မျိုးဆက်တွေအပေါ် အတိအလင်းစိန်ခေါ်စော်ကားလိုက်သလိုဖြစ်မယ်ဆိုတာကိုလည်း သတိထားသင့်ပါတယ်။ ဥရောပကိုလိုနီအုပ်ချုပ်ရေးထဲက အင်မတန်ညင်သာတဲ့ ပုံစံတခုဖြစ်ခဲ့တဲ့ ဗြိတိသျှကိုလိုနီအုပ်ချုပ်ရေးနဲ့ သင့်တော်လောက်ပါပြီ။ ဒါပေမယ့် ဗြိတိသျှကိုလိုနီအုပ်ချုပ်ရေးအောက်က ကိုလိုနီနိုင်ငံသားတွေရဲ့ အတွေ့အကြုံနဲ့ပြောရရင် ကိုလိုနီအုပ်ချုပ်ရေးဆိုတာ အုပ်ချုပ်သူနဲ့အုပ်ချုပ်ခံဆိုတာရှိကြပါတယ်။ သခင်နဲ့ ကျွန်သဘောမျိုးဖြစ်ပါတယ်။ နိုင်ငံသားလို့ အသိအမှတ်မပြုတဲ့ အခြေအနေအောက်မှာ စိတ်ပိုင်းဆိုင်ရာခွတ်ခြုံကျစွာနဲ့ အသက်ရှင်ရတယ်ဆိုတာ ကိုယ့်မြေပေါ်မှာ ကိုယ်နေထိုင်ကြီးပြင်းရပေမယ့် ကိုယ်မြေကိုယ်ပိုင်ဆိုင်တယ်ဆိုတဲ့ အသိပျောက်နေသလို ခံစားရပါတယ်။

ကျူးကျော်သိမ်းပိုက်မှု မပြုရဆိုတဲ့ ကျောင်းသင်ခန်းစာထဲက လေ့လာစရာဘာသာရပ်တခုလို ဖြစ်ခဲ့ရပါတယ်။ အမှားတွေ အများကြီးလုပ်ခဲ့ပါတယ်။

အခြေခံအကျဆုံး အမှားတခုကတော့ အမေရိကန်တပ်တွေကို လွတ်မြောက်ရေးကယ်တင်ရှင်တွေအနေနဲ့ ကြိုဆိုကြလိမ့်မယ်ဆိုတဲ့ မှန်းဆတွက်ချက်မှုဖြစ်ပါတယ်။ ဒီတွက်ချက်မှုဟာ အမေရိကန်အများစုကြီးရဲ့ ဦးနှောက်ထဲမှာ အတော်လေးစွဲနစ်နေခဲ့တာပါ။ ဘာဖြစ်လို့လည်းဆိုတော့ သူတို့အနေနဲ့ အီရတ်ကိုကြည့်ပုံက သူတို့ရဲ့ အကောင်းဆုံးလုပ်ပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရှုထောင့်တခုတည်းကဖြတ်ကြည့်ခဲ့ကြလို့ ဖြစ်ပါတယ်။ သူတို့အနေနဲ့ အင်မတန်ရှင်းလင်းတဲ့ မေးခွန်းတွေကိုတောင် စုံစမ်းမေးမြန်းဖို့ သတိမမေ့ခဲ့ကြပါတယ်။ ဒီနေ့ကမ္ဘာမှာ ဘယ်နိုင်ငံကများ နိုင်ငံခြားစစ်သားတွေကို သူတို့မြေပေါ်မှာ ဝမ်းပန်းတသာကြိုဆိုခဲ့ကြသလဲဆိုတာပါပဲ။ ကျူးကျော်ဝင်ရောက်ပြီးနှစ်နှစ်ကျော်လာတဲ့ အချိန်ကျတော့ နိုင်ငံခြားကျူးကျော်မှုဆိုတာ ပြန်လည်ခုခံမှုတွေနဲ့ ရင်ဆိုင်ရတတ်တယ် ဆိုတာဘာကြောင့်လည်းရယ်လို့ အမေရိကန်တွေတဖြေးဖြေးသဘောပေါက်လာပါတော့တယ်။

**၃။** နိုင်ငံဘောင်ကျော်အဖွဲ့အစည်းများအပေါ် ဆက်ဆံမှုပုံစံပြောင်းလဲရေး တတိယမြောက် မဟာဗျူဟာမြောက်ဆုံးဖြတ်ချက်ကို အမေရိကအနေနဲ့ ပြုလုပ်ရမှာကတော့ နိုင်ငံဘောင်ကျော်အဖွဲ့အစည်းတွေအပေါ်ထားရှိတဲ့ သူ့ရဲ့ ပေါ်လစီတွေကို ပြုပြင်ပြောင်းလဲဖို့ ဖြစ်ပါတယ်။ ဒီနိုင်ငံဘောင်ကျော်အဖွဲ့အစည်းတွေအတွင်းမှာ အမေရိကန်လူမျိုးတွေရဲ့ အကျိုးစီးပွားအတွက် ရေတိုကိုသာကြည့်ပြီး ကျင့်သုံးနေတဲ့ သူ့ရဲ့ အဆမတန်ကြီးမားနေတဲ့ အခြားနိုင်ငံများအတွက်လည်း အကျိုးကျေးဇူးတွေဖြစ်ထွန်းစေခဲ့ပါတယ်။ ဒီနေ့အချိန်မှာတော့ ဖွံ့ဖြိုးတိုးတက်မှုတွေဟာ ဆယ်စုနှစ်ခြောက်ခုကျော်ဖြတ်ပြီးတဲ့နောက်မှာ ဒီနိုင်ငံဘောင်ကျော်အဖွဲ့အစည်းကြီးတွေဟာ အမေရိကအကျိုးအတွက် လက်ဆောင်ပြန်ဖြစ်သွားတာကိုမြင်တွေ့ခဲ့ရပါပြီ။ အချိန်ကြာလာတာနဲ့အမျှ သူတို့တတွေဟာ တရားဝင်မှုနဲ့ တကယ့်အချက်အချာကျတဲ့ လုပ်ဆောင်မှုအရည်အသွေးတွေကိုပါ တည်ဆောက်ထားပြီးဖြစ်ပါတယ်။ ဒါတွေကို သေသေချာချာ အသုံးချမယ်ဆိုရင်တော့ ဒီနိုင်ငံဘောင်ကျော်အဖွဲ့အစည်းတွေဟာ အမေရိကအတွက်ရော ကမ္ဘာကြီးတခုလုံးအတွက်ပါ အကျိုးပြုနိုင်ခဲ့ပါမယ်။ ဒီနေရာမှာ ကမ္ဘာကြီးကမေးရမဲ့ တကယ့်အရေးပါတဲ့ မေးခွန်းတခုရှိပါတယ်။ ဒီနိုင်ငံဘောင်ကျော်အဖွဲ့အစည်းတွေကို အသုံးချတဲ့နေရာမှာ အမေရိကန်နိုင်ငံသားတွေရဲ့ အကျိုးစီးပွားတခုတည်းအတွက်လား ဒါမှမဟုတ် ကမ္ဘာကြီးတခုလုံးရဲ့ အကျိုးစီးပွားအတွက်လားဆိုတာပါဘဲ။

အိုင်အမ်အက်ဖ်–နိုင်ငံတကာငွေကြေးရံပုံငွေအဖွဲ့နဲ့ ကုလသမဂ္ဂလုံခြုံရေးကောင်စီတို့ရဲ့ အရေးကိစ္စတွေအပေါ် ကောက်သင်းကောက်ဖြေရှင်းနေတဲ့ပုံစံဟာလည်း တကယ့်ပြဿနာတခုဖြစ်ပါတယ်။ နိုင်ငံတနိုင်ငံဟာ နိုင်ငံရေးအားဖြင့် အထင်ကရရှိနေမယ်ဆိုရင်အိုင်အမ်အက်ဖ်က ကူညီထောက်ပံ့ပါလိမ့်မယ်။ အရေးမကြီးဘူးလို့ ယူဆခဲ့ရင်တော့ ဒီနိုင်ငံရဲ့အရေးဟာ လေကိုဖမ်းဆုတ်လို့မရသလို ချောင်ထိုးသိပ်ထားတာခံရတတ်ပါတယ်။ ထိုင်းနိုင်ငံကြုံတွေ့ခဲ့ရတာကို (ဥပမာ) ယူစေချင်ပါတယ်။ အလားတူပါဘဲ။ လုံခြုံရေးကောင်စီအနေနဲ့ ပြဿနာတွေကို ထိထိရောက်ရောက် ဝင်ရောက်ကိုင်တွယ်ဆောင်ရွက်တဲ့အချိန်မှာ တိုးမြင့်လုပ်ဆောင်မလား၊ ဒါမှမဟုတ် အမေရိကန် အမျိုးသားအကျိုးစီးပွား ကွက်ကွက်လေးအတွက် အသုံးချမလားဆိုတာ ရိုးရိုးသားသား ဆန်းစစ်အကဲဖြတ်ကြည့်ဖို့ ဖြစ်ပါတယ်။ အလွန်ဝေးလံလှတဲ့ နိုင်ငံငယ်တခုက ကြိမ်းဝါးခြိမ်းခြောက်မှုဟာ တကယ့်ပထမထိတ်တန်းကမ္ဘာ့မြို့ကြီးဆီကို သက်ရောက်နိုင်မှုမရှိနိုင်ပါဘူး ပြီးသဘောထားနေရင်တော့ အလွန်ရှေးကျတဲ့ မမှန်မကန် အကဲဖြတ်မှုလို့ ဆိုရမှာပါ။ (၁၉၉၀) ကာလတွေတုန်းကတော့ အာဖဂန်နစ္စတန်ဆိုတဲ့နိုင်ငံကို မဟာဗျူဟာအရ မိဘမဲ့ကလေးတယောက်လိုဆက်ဆံခဲ့ပါတယ်၊ အိုစမာဘင်လာဒင်ဆိုတာကိုလည်း လွတ်လွတ်လပ်လပ်နဲ့ သွားလာလှုပ်ရှားနိုင်ခွင့်ပြုထားခဲ့တာပါဘဲ။ အခုတော့ အာဖဂန်နစ္စတန်ကို ယာယီအခိုက်အတန့်အားဖြင့် ချုပ်နှောင်ထိမ်းသိမ်းထားရမဲ့ အနေအထားကို ရောက်နေပြီလို့ ဆိုနိုင်ပါတယ်။ ဒါပေမယ့် အခြားသော ကျဆုံးနိုင်ငံဖေးလ်စတိတ်တွေကိုလည်း လုပ်ဆောင်ကိုင်တွယ်ဖို့ကလည်း ရှိနေပါသေးတယ်။

တနေ့တခြားသေးကြုံ့လာတဲ့ ကမ္ဘာကြီးထဲမှာ လုံခြုံရေးကောင်စီရဲ့ ဘယ်အချိန်မှာ ဘယ်လိုပုံစံနဲ့ ဝင်ရောက်ဖြေရှင်းပေးရမယ်ဆိုတဲ့ အခြေခံစည်းမျဉ်း၊ စည်းကမ်းတွေဟာ ပိုပြီးအသုံးတည့်ဖို့အတွက် မလွဲမသွေပြုပြင်ဆောင်ရွက်ထားကြရပါလိမ့်မယ်။ ဒီနေရာမှာ အမေရိကန်အစိုးရရဲ့ ဝင်ရောက်ပတ်သက်လာတဲ့ အနေအထားဟာ အင်မတန်မှ အရေးကြီးလာပါပြီ။ လိုအပ်တဲ့ငွေကြေးအရင်းအမြစ်နည်းနည်းပါးပါး ရှိနိုင်ပါတယ်။ နည်းကောင်းနည်းပါလိမ့်မယ်။ (၁၉၉၀) ကာလတလျှောက်လုံးတုန်းက အာဖဂန်နစ္စတန်မှာ ကြားဝင်ဖြန်ဖြေမှုတွေမလုပ်ခဲ့တဲ့အတွက် ကုလသမဂ္ဂဟာ စေပါမယ်။ ဒါပေမယ့်လည်း ကမ္ဘာလုံးဆိုင်ရာအကျိုးအမြတ်ဆိုတာ ကမ္ဘာ့ရွာကြီးတခုလုံးအတွက် အကျိုးအမြတ်အဖြစ် ပြောင်းလဲလက်ခံစဉ်းစားဖို့ လိုအပ်ပါတယ်၊ ဒါမှသာ အမေရိကန်အစိုးရရဲ့ ဂုဏ်သိက္ခာနဲ့ စိတ်ဓါတ်ရေးရာအခြေအနေတွေ ပြန်လည်တည်ဆောက်တဲ့နေရာမှာ ထိထိရောက်ရောက် အထောက်အကူပြုမှာဖြစ်ပါတယ်။

ဘရီတန်ဝုဒ် အဖွဲ့အစည်းတွေနဲ့ ကုလသမဂ္ဂအဖွဲ့အစည်းတွေကို သဘောထားတွေကျအောင်လုပ်နိုင်ဖို့ အမေရိကန်အစိုးရအနေနဲ့ ထွင်းဖောက်ပြီး သမရိုးကျမဟုတ်တဲ့ ကမ္ဘာ့လက္ခဏာဆောင်တဲ့ အဖွဲ့အစည်းအသစ်တွေကိုပိုပြီး ဖန်တီးတည်ဆောက်ခဲ့ပါတယ်။ ပြုမူဆောင်ရွက်ရမယ့် စည်းမျဉ်းစည်းကမ်းတွေကို ချမှတ်ထားခဲ့ပါတယ်။ ဒါတွေကလည်း လွန်ခဲ့တဲ့ရာစုနှစ်တဝက်ကျော် ဒီထက်မကတောင် ကျော်နိုင်ပါတယ်၊ ကမ္ဘာကြီးကို ပိုမိုခေတ်မီတိုးတက်တဲ့ နေရာအဆင့်ရောက်အောင် လုပ်ဆောင်ပေးခဲ့ပြီးပါပြီ။ စစ်ပွဲတွေကိုတော့ အကုန်အစင်တားဆီးနိုင်ခဲ့ကြတာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် စစ်ပွဲတွေဖြစ်ပေါ်တဲ့ အကြိမ်အရေအတွက်ကတော့ သိသိသာသာဘဲ နည်းလာခဲ့တာတော့အမှန်ပါဘဲ။

အမေရိကန်တွေ ဆန္ဒအရ ပုံဖော်ထားတဲ့ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းကလည်း ***ကျနော်တို့ ဘဝတသက်တာမှာ လူသားမျိုးနွယ်စုတွေအပေါ် နှစ်ကြိမ်ကြိမ်တိုင်တိုင်ကြုံတွေ့ရင်ဆိုင်ခဲ့ကြရတဲ့ ပြန်ပြောလို့တောင် ကုန်နိုင်ဖွယ်မရှိတဲ့ ဝမ်းနည်းကြေကွဲခဲ့ရမှုတွေဖြစ်တဲ့ စစ်ရဲ့ခါးသီးလှတဲ့ ဒုက္ခဆင်းရဲတွေဘေးမှ ကျနော်တို့ရဲ့ လူသားမျိုးဆက်သစ်တွေကို ကယ်တင်ဖို့*** လို့ ဆိုထားပါတယ်။

နောက်လ ဆက်လက်ဖော်ပြပါမည်။

## သံတိုင်ကြားမှ အမေ့လျော့ခံအဖိုအိုဆောင်းပါးမှ ...

အောင်နိမိတ်နဲ့ အောင်မြေနင်းမည့်မြို့လို့လည်း အာဏာရှင်ကြီးကိုယ်တိုင်နဲ့ သူ့ဘက်သားတွေသာမက တခြားဒေသက ဒီမိုကရေစီအသိုင်းအဝိုင်းတွေကပါ ထင်မှတ်ယူဆထားကြတဲ့မြို့ကလေးလေ။ ဒီလိုနဲ့ (၁၉၉၀) ခုနှစ်၊ မေလ (၂၇)ရက် အဆုံးအဖြတ်ပေးမယ့် ရွေးကောက်ပွဲကြီးစတင်ခဲ့ပါပြီ။ အဲဒီအခါမှာတော့ ဒေသခံလူထုတွေက သူတို့တခါဘူးမှ မမြင်ဘူး မကြားဘူးတဲ့ ဒေါက်တာစိန်ဝင်းကို ပုံအောပြီး မဲထည့်လိုက်ပြီး အာဏာရှင်ကြီးဗိုလ်နေဝင်းရဲ့ ဘုန်းမီးရှိန်ကို ဘုန်းဘုန်းလဲအောင် ရိုက်ချိုးပစ်ခဲ့ကြတယ်။ စိန်ဝင်းခေါင်းဆောင်တဲ့ အမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့ဆိုတာကိုပါ တိုးချဲ့ဆောင်ရွက်ခဲ့နိုင်တာတွေကြောင့် စစ်အာဏာရှင်ကြီးတွေအတွက် နှလုံးသားမှာ စိုက်ဝင်နေတဲ့ နှုတ်မရတဲ့ အဆိပ်မြှားလို ဖြစ်နေခဲ့ပြီကော။ ဒါကိုတွေးလိုက်တိုင်း အာဏာရှင်ကြီး ဗိုလ်နေဝင်းက သူမသေခင်မှာ မဟော်သဓာဇာတ်တော်ထဲကလိုပဲ နဖူးကအမာရွတ်မြင်တိုင်း ကေးဝဋ္ဋပုဏ္ဏားက မဟော်သဓာကို အညှိုးထားသလို အငြိုးအတေးကြီးစွာနဲ့ စွဲမှတ်ပြီး အဲဒီဒေသ ဒီမိုကရေစီဘက်တော်သား အမာခံတွေကို ထောင်သွင်းအကျဉ်းချပြီး ရက်ရက်စက်စက် နှိပ်ကွပ်ခဲ့တော့တာပါပဲ။ အဲဒီအထဲမှာမှ ဆရာက ထိပ်ဆုံးကပေါ့။ အာဏာရှင်ဗိုလ်ချုပ်ကြီးတွေရဲ့ရင်ထဲမှာ အမာရွတ်စမ်းမိတိုင်း ကေးဝဋ္ဋပုဏ္ဏားက မဟော်သဓာကို နာကျည်းနေသလို ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားအစိုးရနဲ့ ဒေါက်တာစိန်ဝင်းဆိုတာကို ကြားလိုက်တိုင်း ဆရာအဖိုးအိုကိုလည်း နာကျည်းတဲ့ အညှိုးအတေးတွေနဲ့ နှိပ်စက်ထားလိုက်တာ ဒီကနေ့ထိ လွတ်ရက်စေ့နေပေမယ့်လည်း လွှတ်မပေးသေးပါဘူး။

အခုဆို ဆရာ့အသက် (၇၃) နှစ်ထဲရောက်နေပါပြီ။ ထောင်သက်ကလည်း (၁၅) နှစ်ထဲရောက်နေပါပြီ။ သာယာဝတီထောင်ရဲ့ သံတိုင်တွေကြားမှာ တိုက်ဖော်တိုက်ဖက် ဘဝတူရဲဘော်တွေနဲ့အတူ ဒီမိုကရေစီရေးအတွက် အသက်ကိုပေးဆပ်ထားသူ အဖိုးအိုဖြစ်နေပြီလေ။

ဆရာ့နာမည်ကို စောနေဒွန်းဆိုရင် တနယ်လုံးသိတယ်။ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ ရွာသာကြီးရွာမှာ အဖ ဦးကံနဲ့ အမိ ဒေါ်ဖွားရှင်တို့က (၁၉၂၃)ခုနှစ်၊ မတ်လ (၂၇)ရက်နေ့မှာ မွေးဖွားခဲ့ပြီး စစ်ကိုင်းမှာ (၁၀)တန်းထိ ပညာသင်ကြားခဲ့ပါတယ်။ (၁၉၄၃)ခုနှစ် ဂျပန်ခေတ်ကာလမှာတော့ ဗမာ့ကာကွယ်ရေးတပ်မတော်ထဲကို ဝင်ရောက်ခဲ့ပြီး ဂျပန်တော်လှန်ရေးကာလက တိုင်း (၄)၊ တပ်ရင်း (၁၀၅)မှာ တာဝန်ထမ်းခဲ့တယ်။ (၁၉၄၉)ခုနှစ်မှာ ကွန်မြူနစ်ပါတီနဲ့အတူ တော်လှန်စစ်ကို ဆက်လက်ဆင်နွှဲရာမှာ ပါဝင်ခဲ့ပြီး၊ တော်လှန်စစ်မှန်တိုင်းကြားမှာပဲ အဲဒီတုန်းက မသင်းအုံ (ခေါ်)အခုတော့ဆရာမကြီး ဒေါက်တာဒေါ်သန်းခင်နဲ့ ဘဝခရီးဖော်အဖြစ်ရာသက်ပန် ရိုးမြေကျလက်တွဲခဲ့ပါတယ်။ ဆရာမကြီးကတော့ (၂၀၀၄)ခုနှစ် မတ်လ၊ (၁၉)ရက်နေ့မှာ သူချစ်မြတ်နိုးတဲ့ ဆရာနဲ့ ဒေသခံပြည်သူတွေကို ထာဝရခွဲခွာသွားခဲ့ပါပြီ။

ဆရာ့ကို (၁၉၉၁)ခုနှစ် ဧပြီလ (၃၀) ရက်နေ့မှာ ပုဒ်မ (၅ည)နဲ့ ဖမ်းဆီးခဲ့ပြီး ထောင်ဒဏ်အနှစ် (၂၀)ချခဲ့ပါတယ်။ အခုဆိုအသက်အရွယ်အကြီးဆုံး၊ ထောင်သက်အရှည်ကြာဆုံးဖြစ်ပြီး (၂၀၀၄)ခုနှစ်ထိတိုင်အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့လို ဘယ်နိုင်ငံတကာအဖွဲ့အစည်းကမှလည်း လာရောက်ကြည့်ရှုစောင့်ရှောက်တာ မခံရတဲ့ အပယ်ခံ အမေ့လျော့ခံသံတိုင်ကြားက အဖိုးအိုလို့ဆိုရင်လည်းမမှားပေဘူးပေါ့။ ဆရာကတော့ ဖက်ဆစ်ဗိုလ်ချုပ်တွေရဲ့ အာဃာတ အညှိုးအတေးတွေနဲ့ နှိပ်စက်မှုတွေအောက်မှာ ဒူးမထောက်အလှုံမလှဲဘဲ သာယာဝတီထောင်၊ တိုက်အမှတ် (၁)မှာ ယနေ့ထက်တိုင် ကြံ့ကြံ့ခိုင်ခိုင်ရပ်တည်ဆဲပါ ....။

ဗလ

(ရွေးကောက်ပွဲ (၁၅)နှစ်မြောက် အထိမ်းအမှတ်နေ့တွင် ဆရာနဲ့တကွ နိုင်ငံရေးအကျဉ်းသားအားလုံးသို့ အမှတ်တရ ဦးညွှတ်ဂုဏ်ပြုရင်း)

# ဒေါ်စုကိုဂုဏ်ပြုသော အိုင်းရစ်အဆိုတော်နှစ်ဦး၏ UNPLAYED PIANO သီချင်းဖြန့်ချိ



အိုင်းရစ်အဆိုတော် Demen Rive နှင့် တွဲဖက်အမျိုးသမီး အဆိုတော် Lisa Hannigan

ဒေါ်အောင်ဆန်းစုကြည်၏ အသက် (၆၀)နှစ်ပြည့် မွေးနေ့ကိုဂုဏ်ပြုရင်း သူမလွတ်မြောက်ရေး နိုင်ငံတကာလှုပ်ရှားမှု၏ တစိတ်တပိုင်းအဖြစ် အိုင်းရစ်အဆိုတော်(၂)ဦး တွဲဖက်စပ်ဆိုထားသော (Unplayed Piano)သီချင်းကို ပြီးခဲ့သည့် လ (၂၀)ရက်နေ့က ဥရောပနှင့် အမေရိကန်နိုင်ငံတို့တွင် ဖြန့်ချီလိုက်ပြီးဖြစ်သည်။

ယမန်နှစ် ဇူလိုင်လက ထိုင်း–မြန်မာ နယ်စပ်ဒုက္ခသည်စခန်းသို့ သွားရောက်ခဲ့သော (Dimen Rice)က သူ၏တွဲဖက်အမျိုးသမီး အဆိုတော် (Lisa Hannigan)နှင့် တွဲဖက်၍ (Unplayed Piano)သီချင်းကို ရေးဖွဲ့ထားခြင်းဖြစ်ပြီး (Music Television) အတွက်လိုအပ်သော ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေးလှုပ်ရှားပုံရိပ်များကို နော်ဝေအခြေစိုက်ဒီမိုကရက်တစ် မြန်မာ့အသံက အကူအညီပေးထားသည်ဟု သိရှိရသည်။

အိုင်ယာလန်နိုင်ငံတွင် ဘိုနိုပြီးလျှင် ရေပန်းအစားဆုံးအဆိုတော် (Dimen Rice)က "ကမ္ဘာပေါ်က ဘယ်အရေးကိုမှ စွက်စွက်ဖက်ဖက်မလုပ်ချင်ပါဘူး။ ဒါပေမယ့် ဒေါ်အောင်ဆန်းစုကြည်လို ဂုဏ်အသရေရှိနဲ့ပြည့်စုံတဲ့ အမျိုးသမီးတယောက်ကို တွင်းနက်တခုထဲကနေကယ်ထုတ်ဖို့ ကြိုးတချောင်းလိုတယ်ဆိုရင်၊ အဲဒီကြိုးကိုရှာပေးဖို့ တာဝန်ကိုဝမ်းမြောက်ဝမ်းသာယူချင်ပါတယ်"ဟု ဆိုသည်။

ဇွန်လ(၁၉)ရက်နေ့၊ ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး နိုင်ငံတကာလှုပ်ရှားမှုတွင်တကမ္ဘာလုံးက ပါဝင်ကြရန် ရည်ရွယ်၍ အဆိုပါ (Unplayed Piano)သီချင်းကို ဥရောပတလွှားက (MTV) အစီအစဉ်တွင် ပြသနိုင်အောင်စီစဉ်သွားမည်ဟု (US Campaign for Burma)အဖွဲ့၏ ဒါရိုက်တာ ဦးအောင်ဒင်က ဆိုသည်။

"ကျနော်တို့အနေနဲ့ ကမ္ဘာပေါ်မှာ နေ့စဉ်နဲ့အမျှ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ သတင်းတွေရှိနေဖို့၊ မြန်မာ့ဒီမိုကရေစီအရေးက ကမ္ဘာ့ လူထုတွေဆထက်တပိုးထောက်ခံနေဖို့၊ အဲဒီကနေ သူတို့ရဲ့ သက်ဆိုင်ရာအစိုးရတွေကို ဖိအားပေးဖို့ ရည်ရွယ်ပါတယ်"ဟု ဦးအောင်ဒင်က ဆက်လက်ရှင်းပြသည်။

ဇွန်လ(၁၉)ရက်နေ့သည် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ အသက် (၆၀)ပြည့်မွေးနေ့ဖြစ်ပြီး ကမ္ဘာ့နိုဗယ်ဆုရှင်များအနက် တဦးတည်းအကျဉ်းကျခံနေရသူ ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးကို တောင်းဆိုရင်း ကမ္ဘာတလွှားရှိ ဒါဇင်နှင့်ချီသော နအဖသံရုံးများ ရှေ့တွင် ဒီမိုကရေစီမြတ်နိုးသူများက ဆန္ဒပြကြမည်ဖြစ်သည်။

ဤအတောအတွင်း ထိုင်းနိုင်ငံအခြေစိုက် အမျိုးသမီးများအဖွဲ့ချုပ် မြန်မာနိုင်ငံ(WLB)က ဒေါ်အောင်ဆန်းစုကြည်၏ ဒီမိုကရေစီရေးနှင့် ငြိမ်းချမ်းရေးအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံခြင်းကို ထောက်ခံကြောင်း ပြသသည့်အနေဖြင့် ဇွန်လ (၁၉)ရက်နေ့တွင် အိမ်ပြင်မထွက်ကြရန်၊ မထွက်မဖြစ်ကိစ္စရပ်များအတွက် အပြင်ထွက်လျှင်လည်း ငြိမ်းချမ်းရေးသင်္ကေတ အဝါရောင်ပါသည့် ပန်း၊ ဖဲကြိုး၊ ဖဲပြား၊ ဆံညှပ်၊ ကလစ်၊ အဝတ်အစားအသုံးအဆောင်များဝတ်ဆင်ပြီးမှ ထွက်ကြရန် မြန်မာအမျိုးသမီးထုကို ပန်ကြားထားသည်။

❖

# ဗိုလ်ချုပ်ကြီးခင်ညွန့်၏သားနှစ်ဦးကို အင်းစိန်အထူးခုံရုံးတွင် စတင်စစ်ဆေး



ဗိုလ်ချုပ်ကြီးခင်ညွန့်၏သား ရဲနိုင်ဝင်း

အင်းစိန်ထောင်တွင် ဖမ်းဆီးခံထားရသော ဝန်ကြီးချုပ်ဟောင်းဗိုလ်ချုပ်ကြီးခင်ညွန့်၏ သားနှစ်ဦးဖြစ်သူ ဦးရဲနိုင်ဝင်းနှင့် ဒုတိယဗိုလ်မှူးကြီး ဇော်နိုင်ဦးတို့ကို မေလ (၁၂)ရက်နေ့က အင်းစိန်အကျဉ်းထောင်ရှိ အထူးခုံရုံးတွင် စတင်စစ်ဆေးနေပြီဟု ရန်ကုန်မှ တရားရေးအရာရှိတဦးကို ကိုးကားသော ရိုက်တာသတင်းအရ သိရှိရသည်။

ဗိုလ်ချုပ်ကြီးခင်ညွန့်၏သားအကြီးဖြစ်သူ ဒုတိယဗိုလ်မှူးကြီးဇော်နိုင်ဦးသည် လာဘ်စားမှု၊ အာဏာအလွဲသုံးစားလုပ်မှု စသောစွဲချက် (၁၀)ခုကို ရင်ဆိုင်နေရပြီး၊ Bagan Cyber Tech ကို ဦးစီးလုပ်ကိုင်ခဲ့သူ ဦးရဲနိုင်ဝင်းကို သွင်းကုန်ထုတ်ကုန်စည်းမျဉ်းဥပဒေချိုးဖောက်မှု၊ ပြည်သူပိုင်ပစ္စည်း လက်ဝယ်ထားရှိမှု၊ လာဘ်ပေးလာဘ်ယူမှု စသောစွဲချက် (၃၃)ခုဖြင့် တရားစွဲဆိုထားသည်ဟု သတင်းက ဆိုသည်။

၎င်းတို့နှစ်ဦးစလုံးသည် ပြစ်မှုထင်ရှားလျှင် တသက်တကျွန်းနှင့် ထောင်ဒဏ်များချမှတ်ဖွယ်ရှိပြီး လာဘ်စားမှု၊ အာဏာဖိဆန်မှုစွဲချက်ဖြင့် နေအိမ်အကျယ်ချုပ်ဖြင့် ဖမ်းဆီးခံထားရသော ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုမူ ယခုအချိန်ထိ ရုံးထုတ်စစ်ဆေးခြင်းမရှိသေးပေ။

စစ်အုပ်စုသည် (၁၉၉၇)ခုနှစ်ကလည်း ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည်နှင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဘတို့ကို လာဘ်စားမှုဖြင့် ထုတ်ပယ်ခံခဲ့ပြီး ရုံးထုတ်စစ်ဆေးခြင်း မလုပ်ခဲ့သည့်သာဓကနှင့် နှိုင်းယှဉ်၍ ဗိုလ်ချုပ်ကြီးကြီးခင်ညွန့်ကိုလည်း နေအိမ်အကျယ်ချုပ်ဖြင့်သာ ဆက်လက်ဖမ်းဆီးထားဖွယ်ရှိသည်ဟု ဆန်းစစ်သူများက တွက်ဆနေကြသည်။

အလားတူ စစ်ထောက်လှမ်းရေးအကြီးအကဲ ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ရုံးထုတ်စစ်ဆေးလျှင် နအဖထိပ်ပိုင်းခေါင်းဆောင်များ၏လာဘ်စားမှုများနှင့် လျှို့ဝှက်ချက်များပေါ်လာမည်ကို စိုးရိမ်သည့်အတွက် ရုံးထုတ်စစ်ဆေးမည့်အလားအလာမရှိဟု သုံးသပ်သူများက ဆိုသည်။

သို့သော် ပြီးခဲ့သည့်မတ်လအတွင်းက စစ်ထောက်လှမ်းရေးများအတွက် အထူးဖွဲ့စည်းထားသော နအဖ၏ အင်းစိန်အထူးခုံရုံးများက ဗိုလ်ချုပ်ကြီးခင်ညွန့်၏ သားမက်အပါအဝင် စစ်ထောက်လှမ်းရေးအရာရှိ (၃၈)ဦးကို တသက်တကျွန်းနှင့် နှစ်ရှည်ထောင်ဒဏ်များ အသီးသီးချမှတ်ခဲ့သည်။❖

## မျက်နှာဖုံးသတင်းမှ ...

သောတပ်ဖွဲ့ဝင် (၂၀၀)ခန့်၊ (၂၉ )ရက်နေ့တွင် ဦးအိုက်မောင် ဦးဆောင်သော ပလောင်ပြည်လွတ်မြောက်ရေးအဖွဲ့ (PSLO)မှ အင်အား(၃၀၀)ခန့်နှင့် မေလ (၂၀)ရက်နေ့က SSNA တပ်မဟာ(၁၉)မှ ဦးဂုဏ်ခေး ဦးဆောင်သောတပ်ဖွဲ့ဝင် (၃၀၀)ကျော်တို့ နအဖထံလက်နက်ချခဲ့ကြသည်။

ရှမ်းပြည်တပ်မတော်နှစ်ခု၏ ယခုကဲ့သို့ပူးပေါင်းသွားမှုသည် (၁၉၇၉)ခုနှစ်နောက်ပိုင်းရှမ်းပြည်တော်လှန်ရေးတွင် အကြီးမားဆုံးတပ်အင်အားဖြင့် တော်လှန်ခြင်းဖြစ်ပြီး လွန်ခဲ့သော (၁၀)နှစ်က SSNAနှင့် နအဖတို့အကြား ရရှိထားသော ငြိမ်းချမ်းရေးကိုလည်း အဆုံးသတ်သွားစေခဲ့သည်။

SSNA အဖွဲ့နှင့် စစ်ရေးမဟာမိတ်ဖွဲ့ထားသော(KNU)အဖွဲ့၏ ပြောခွင့်ရသူ ပဒိုမန်းရှာက ....

"ဘက်ပေါင်းစုံက ခြိမ်းခြောက်ခံလာရတဲ့အပေါ်မှာ ပြည်သူတွေရောသူတို့ ကိုယ်တိုင်ကရော စိုးရိမ်မှုတွေကြီးမားလာတယ်။ လက်နက်နဲ့ အနိုင်ကျင့်ခံရမှာစိုးရိမ်လာကြတယ်၊ ဒီအခြေအနေအပေါ်မှာ အခုလိုပြန်ပေါင်းသွားတာဖြစ်တယ်လို့ ယူဆပါတယ်။ ကျနော်တို့အားလုံးကလည်း အခုလို ပြန်လည်ပေါင်းစည်းလိုက်တာကို ကြိုဆိုသင့်တယ်"ဟု ဆိုသည်။

နအဖနှင့် အပစ်အခတ်ရပ်စဲထားသော ကချင်ဒီမိုကရေစီအဖွဲ့ (NDAK) မှ ဗိုလ်မှူးကြီးငှယင်တောင်ဟောင်းက "ဘယ်အဖွဲ့အစည်းကိုဖြစ်ဖြစ်အခုလို လက်နက်ချခိုင်းရင်တော့ ရှမ်းအဖွဲ့လိုဖြစ်သွားမှာပဲလို့ စိုးရိမ်မကင်းဖြစ်မိတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့လိုအပ်ချက်၊ တောင်းဆိုချက်တွေကိုဖြေရှင်း မပေးဘူးဆိုရင် အခုလက်နက်ချခိုင်းရင်လည်း ဒါမျိုးဖြစ်မယ်။ နောင်လည်းဖြစ်နေမှာပဲ။ ဒါကြောင့် အဓိကကျတဲ့ပြဿနာကို ဖြေရှင်းရေးဟာ အရေးအကြီးဆုံးဖြစ်တယ်လို့ ကျနော်တို့အမြင်ဟာ တသားတည်းရှိပါတယ်"ဟုဆိုသည်။

ရှမ်းပြည်တပ်များ ယခုကဲ့သို့ ပူးပေါင်းသွားခြင်းကို ပြည်ပရောက်ဒီမိုကရေစီအင်အားစုများဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (NCUB) ကြိုဆိုလိုက်ပြီး နအဖနှင့် အပစ်ရပ်ထားသော အခြားအဖွဲ့များ၊ တိုင်းရင်းသားပါတီများ နှင့် ဒီမိုကရေစီအင်အားစုများအားလုံးအနေဖြင့် နအဖအာဏာရှင်ကြီးများ၏ လှည့်ကွက်နှင့် မရိုးသားသောလုပ်ရပ်များကို လေ့လာစောင့်ကြည့်ဖော်ထုတ်၍ နိုင်ငံတကာအစိုးရများ၊ အဖိနှိပ်ခံပြည်သူများနှင့် လက်တွဲပြီး စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေး၊ အမှန်တကယ်ငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရန် အချိန်ရောက်ပြီဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ထားသည်။ ❖

# နိုင်ငံတကာ

## သတင်းတိုထွာ

## ထိုင်းတောင်ပိုင်းအရေး

[ဘန်ကောက်ပို့စ်]

ထိုင်းအစိုးရအနေဖြင့် ဘာဆာတူခွဲထွက်ရေးတပ်ပေါင်းစုခေါင်းဆောင်ဟု ယူဆထားသူ ဒေါက်တာ ဝမ်ကာဒီယမန် (Dr Wan Kadir Jehman)အပါအဝင် တောင်ပိုင်းဆန့်ကျင်ရေး အမာခံများနှင့် လျှို့ဝှက်ဆွေးနွေးသင့်ကြောင်း ယခင် အမှတ် (၄)တပ်တော်မှူး ဗိုလ်ချုပ်ကြီး ကစ်တီရတ်ထနာချာရာ (Kitti Rattanachaya)က အကြံပြုခဲ့သည်။ ဆွေးနွေးပွဲကိုမလေးရှား (သို့) ဆွိဒင်နိုင်ငံတို့၌ ကျင်းပနိုင်ကြောင်း ဆွေးနွေးမှုကိုလျှို့ဝှက်စွာကျင်းပပြီး ဆွေးနွေးပွဲ အောင်မြင်ပြီးစီးမှသာလျှင် ရလာဒ်ကို စာနယ်ဇင်းများသို့ ထုတ်ဖော်သင့်ကြောင်း မေလ (၂၄)ရက်နေ့က ပြောကြားခဲ့သည်။ ခွဲထွက်ရေးလှုပ်ရှားမှုသည် တဆင့်ပြီးတဆင့်တိုးမြှင့်လာကြောင်း၊ မကြာမီအဆုံးသတ်ဖို့မဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် စေ့စပ်ဆွေးနွေးဖို့လိုအပ်ကြောင်းနှင့် ခန့်မှန်းခြေအားဖြင့် ၎င်းတို့တွင် လက်နက် (၇,၀၀၀)ကျော်စုပုံထားကြောင်း ၎င်းက ထပ်လောင်းပြောခဲ့သည်။ ❖

## အီရန်ပါလီမန်ဆုံးဖြတ်ချက်

[IHT]

အီရန်သည်အနုမြူဗုံးလုပ်ရန်ကြိုးစားနေသည့်အတွက် အနုမြူဆိုင်ရာဆောင်ရွက်မှု အားလုံးကိုရပ်တန့်ထားရန် အမေရိကန်နှင့် ဥရောပနိုင်ငံများက တောင်းဆိုထားသည်။ ဤသည်ကို ဆန့်ကျင်၍ အီရန်၏လိုအပ်နေသည့် လျှပ်စစ်အတွက် လုံလောက်သည့်အနုမြူ လောင်စာထုတ်လုပ်ရေးကို ပြန်လည်လုပ်ဆောင်ရမည်ဟု အီရန်ပါလီမန်က မေလ (၂၂)ရက်နေ့က ဆုံးဖြတ်ချက်တရပ်ကို ချမှတ်ခဲ့သည်။ အနိမ့်ဆင့်၌ ယူရေနီယံသန့်စင်ရေးသည် လျှပ်စစ်အတွက် လောင်စာကိုထုတ်လုပ်ပေးပြီး၊ အဆင့်မြင့်အခြေအနေတရပ်တွင် ဤသန့်စင်မှုကို အနုမြူဗုံးအတွက် အသုံးပြုနိုင်ကြောင်းပညာရှင်များက ထုတ်ဖော်ပြောဆိုသည်။ ❖

## ဆွန်နီနှင့် အီရတ်အရေး

[IHT]

အီရတ်နိုင်ငံတွင် လူဦးရေ ငါးပုံတပုံသည် ဆွန်နီမူဆလင်များဖြစ်ပြီး ဆက်ဒမ်ဟူစိန် လက်ထက်က တပ်မတော်နှင့် ထောက်လှမ်းရေးအဖွဲ့များတွင် အဓိကအများစုလွှမ်းမိုးနေပြီး အခွင့်အရေးရခဲ့သည်။ ယခုအသစ်ဖွဲ့စည်းသည့် အမျိုးသားလွှတ်တော်သစ်တွင် အဖွဲ့ဝင် (၂၇၅)ဦးရှိသည့်အနက် ဆွန်နီမူဆလင် ဥပဒေပြုအမတ် (၁၇)ဦးသာရှိပြီး၊ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်မူကြမ်းရေးဆွဲရေးပါလီမန်ကော်မတီတွင် (၅၅)ဦးရှိသည့်အနက် ဆွန်နီ မူဆလင်(၂)ဦးသာပါရှိသည်။ ဇန်နဝါရီလရွေးကောက်ပွဲကို ဆွန်နီအများစုက သပိတ်မှောက် ခဲ့သည်။ လက်ရှိအီရတ်စိုးရအဖွဲ့တွင် ရှီးဟိုက်များနှင့် ကာ့ဒ်များလွှမ်းမိုးနေသည့်အတွက် ဆွန်နီအများစုအနေနှင့် ကျေနပ်မှုရှိမည်မဟုတ်ကြောင်းနှင့် အခြေခံဥပဒေရေးဆွဲရေး၌ ဆွန်နီအများစုအား ပိုမိုပါဝင်ခွင့်ပေးသင့်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်က ပြောကြားခဲ့သည်။ ❖

## ဥရောပသမဂ္ဂအခြေခံဥပဒေ

[IHT]

မေလ (၂၇)ရက်က ပြင်သစ်နှင့်နယ်သာလန်နိုင်ငံရှိမဲပေးသူများအား ဥရောပသမဂ္ဂ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အား ထောက်ခံမဲပေးပါရန် ဥရောပကော်မရှင်က အထူးပန်ကြား ချက်တရပ်ထုတ်ပြန်ခဲ့သည်။ ထိုအခြေခံဥပဒေအပေါ်ထင်မြင်ချက် မဲကောက်ခံချက်များအရ လက်ရှိအခြေအနေတွင် ပြင်သစ်နှင့်နယ်သာလန်တို့တွင် မထောက်ခံသည့်ဘက်တွင် မဲများ နေသည်။ မဲပေးသူ သန်း(၂၂၀)ရှိသည့် ဥရောပနိုင်ငံ (၉)နိုင်ငံက ဤဖွဲ့စည်းပုံကို အတည်ပြု ထားပြီးဖြစ်သည့်အတွက် အတည်ပြုရေးလုပ်ငန်းစဉ်ကို ရပ်ပစ်၍မရကြောင်း ပြင်သစ်နှင့် နယ်သာလန်နိုင်ငံတို့တွင် ကန့်ကွက်သည့်တိုင် ကျန်သည့် (၁၄)နိုင်ငံတွင် ဆက်လက်လုပ် ဆောင်သင့်ကြောင်း ကော်မရှင်ကပြောကြားခဲ့သည်။ မေလ(၂၇) ရက်က ဂျာမဏီသည် ဤဖွဲ့စည်းပုံအား အတည်ပြုလက်ခံခဲ့သည့် (၉)နိုင်ငံမြောက် ဥရောပနိုင်ငံဖြစ်သည်။ ပြင်သစ်တွင် မေလ (၂၉)ရက်နှင့်နယ်သာလန်တွင် ဇွန်လ (၁)ရက်နေ့၌ ဆန္ဒခံယူပွဲပြုလုပ်ကြမည် ဖြစ်သည်။ ❖

## အီရတ်စစ်ပွဲအတွင်း အမေရိကန်နှင့် ညွန့်ပေါင်းစစ်သား အကျအဆုံး

[စီအင်န်အင်န်]

၂၀၀၄ ခုနှစ်၊ မေလ (၃၁)ရက်နေ့ထိကျဆုံးသွားသော အမေရိကန်နှင့် ညွန့်ပေါင်းတပ်ဖွဲ့ များမှအတည်ပြုပြီးစစ်သားဦးရေမှာ စုစုပေါင်း (၁,၆၃၆)ဦး ရှိသွားပြီဖြစ်ပြီး ၎င်းတို့မှာ အမေရိ ကန်စစ်သား(၁,၆၅၆)၊ ဗြိတိသျှစစ်သား (၈၉)ဦး၊ ဘူဂေးရီးယားစစ်သား (၁၀)ဦး၊ ဒိန်းမတ် စစ်သား (၁)ဦး၊ ဒတ်ချ်စစ်သား (၂)ဦး၊ အက်စ်တိုနီးယားစစ်သား (၂)ဦး၊ ဟန်ဂေရီစစ်သား (၁)ဦး၊ အီတလီစစ်သား (၂၁)ဦး၊ ဂါဇက်စစ်သား (၁)ဦး၊ လတ်ဗီယန်းစစ်သား (၁)၊ ပိုလန်စစ်သား (၁၇)ဦး၊ ဆာဗေးဒိုးစစ်သား (၁)ဦး၊ ဆလိုဗက်စစ်သား (၃)ဦး၊ စပိန်စစ်သား (၁၁)ဦး၊ ထိုင်း စစ်သား (၂)ဦးနှင့် ယူကရိန်းစစ်သား (၁၈)ဦးတို့ ဖြစ်ကြသည်။ ပင်တဂွန်သတင်းဌာနအရ စစ်ပွဲအတွင်းဒဏ်ရာရရှိသော အမေရိကန်စစ်သားများမှာ (၁၂,၆၃၀)ဦးရှိပြီးဖြစ်သည်။ ❖

## သီရိလင်္ကာရှိ တမီလ်များ စိုးရိမ်ထိတ်လန့်သည့် အခြေအနေတွင်နေထိုင်နေရ




အသတ်ခံရသည့် တမီးလ်သတင်းစာသမား ဒီဆီဗာရမ်၏ ဓာတ်ပုံကိုကိုင်ဆောင်၍ ဆန္ဒပြသူနေသူများ

**မေ (၂၄)ရက်၊ [ဘီဘီစီ]**

(၂၀၀၂) ခုနှစ်ဖေဖော်ဝါရီလ၊ အစိုးရနှင့် တမီလ်ကျားများ အပစ်အခတ်ရပ်စဲရေး လုပ်ခဲ့သည့်အချိန်မှစ၍ နိုင်ငံရေးကြောင့် သီရိလင်္ကာရှိ တမီလ်လူမျိုး (၂၀၀)ဝန်းကျင်ခန့် အသတ်ခံရကြောင်း အသစ်ထုတ်ပြန်သည့် လူ့အခွင့်အရေးစောင့် ကြည့်ရေးအဖွဲ့ (HRW)၏အစီရင်ခံစာက ဖော်ပြလိုက်သည်။ ဤအဖြစ်အပျက်များအား လွတ်လပ်သည့် စုံစမ်းရေးကော်မရှင်ဖွဲ့ပြီး စစ်ဆေးရန်လည်းတောင်းဆိုလိုက်ပြီး အစိုးရသည် တိုက်ခိုက်မှုများ အဓိကအားဖြင့် တမီလ်ကျားတို့၏ လုပ်ရပ်များကို လုံလောက်စွာစုံစမ်းစစ်ဆေးခြင်း မပြုလုပ်ခဲ့ကြောင်း ပြောဆိုလိုက်သည်။

**ယုံကြည်ရသောသက်သေ**

"အစိုးရသည် သတ်ဖြတ်မှုများကို စုံစမ်းစစ်ဆေးခြင်းမလုပ်သည့်အတွက် တမီလ်လူမျိုးများအနေဖြင့် အကြီးအကျယ်စိုးရိမ်ပူပင်စရာများ ဖြစ်လာနေပြီး ၎င်းတို့၏ လူ့အခွင့်အရေးကို အာမခံရေးနှင့်ပတ်သက်၍ မေးစရာများစွာရှိလာနေသည်"ဟု အစီရင်ခံစာကဖော်ပြထားသည်။ တွေ့ရှိချက်များက သတ်ဖြတ်မှုများအတွက် တမီလ်ကျားတို့တွင် တာဝန်ရှိကြောင်းပြဆိုနေသည်။ အဘယ်ကြောင့်ဆိုသော် အသတ်ခံရသူအများစုမှာ ၎င်းတို့နှင့် ဆန့်ကျင်ဘက်ဖြစ်နေသူများဟု ယူဆရသောကြောင့်ဖြစ်သည်ဟု (HRW) အစီရင်ခံစာက ဖော်ပြထားသည်။ ဤအခြေအနေများ ကြောင့် တမီလ်ကျားများ (သို့မဟုတ်) အခြားအုပ်စုများနှင့် အဆင်မပြေသည့် တမီလ်လူမျိုးများအတွက် မည်ကဲ့သို့ ငြိမ်းချမ်းရေး အမျိုးအစားဖြစ်မည်နည်းဆိုသည့်နှင့်ပတ်သက်၍ အရေးကြီးမေးစရာ များ ထွက်ပေါ်လာနေသည်ဟု (HRW)အာရှညွှန်ကြားရေးမှူး ဘရက်အဒမ်က ပြောကြားခဲ့သည်။ "အခြားသတ်ဖြတ်မှုအများအပြားမှာ (၂၀၀၄)ခုနှစ်၊ မတ်လက ခွဲထွက်ခဲ့သည် တမီလ်ကျားတပ်မှူး ဗိုလ်မှူးကြီး ကရုနာ၏ လူယုံများနှင့် ဆက်နွယ်နေသည်။ အသတ်ခံရသူများမှာ အုပ်စုတစု (သို့မဟုတ်) အခြားအုပ်စုတစုကို ထောက်ခံနေသူများဖြစ်မည်ဟု ယူဆရသည်"ဟု အစီရင်ခံစာကပြောဆိုခဲ့သည်။

**ထိရောက်မှုမရှိသည့် စုံစမ်းမှုများ**

မေလ စောစောပိုင်းက ထင်ရှားသည့် တမီလ်သတင်းစာသမား ဒီဆီဗာရမ်အား အမည်မသိလူသတ်သမားက သတ်ဖြတ်ခဲ့မှုသည် တမီလ်အသိုင်းအဝိုင်းအတွင်း ပွင့်လင်းစွာ ထုတ်ဖော်ပြောဆိုသူများ အဆက်မပြတ်အသတ်ခံရမှုထဲမှ တခုသာဖြစ်သည်ဟု အစီရင်ခံစာကဖော်ပြခဲ့သည်။ မစ္စတာဆီဗာရမ်သည် သူပုန်များအားထောက်ခံသည့် တမီလ်နက် ဝက်ဘ်ဆိုက်အား စတင်ထူထောင်သူတဦးဖြစ်သကဲ့သို့ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် နေ့စဉ်ကြေးမုံသတင်းစာတွင်လည်း ပင်တိုင်ရေးသားသူဖြစ်သည်။ တမီလ်ကျားများက သတ်ဖြတ်မှုအားလုံးတွင် ပါဝင်ပတ်သက်ခြင်းမရှိကြောင်း ငြင်းဆိုခဲ့သည်ဟု အစီရင်ခံစာက ဖော်ပြသည်။ သီရိလင်္ကာအစိုးရက ဤသတ်ဖြတ်မှုများအပေါ် လေးလေးနက်နက် တုန့်ပြန်ခြင်းမရှိကြောင်း၊ ထင်ရှားသည့်ပစ်မှတ်များကိုပင် ကာကွယ်စောင့်ရှောက်မှုမပေးနိုင်ကြောင်း၊ သတ်ဖြတ်မှုများအား စုံစမ်းမှုအနည်းငယ်သာလုပ်ခဲ့ကြောင်းနှင့် ထိထိရောက်ရောက်မလုပ်ခဲ့ကြောင်း အစီရင်ခံစာ၌ ဖော်ပြထားသည်။ အပစ်အခတ်ရပ်စဲရေးကို အချို့က ဤအခြေအနေကို မိမိနှင့်ဆန့်ကျင်ဘက်များအား သတ်ဖြတ်ရန်အသုံးချနေကြကြောင်း အာရှညွှန်ကြားရေးမှူး ဘရက်အဒမ်က ပြောဆိုခဲ့သည်။ ❖

## တရုတ်ပြည်နှင့် ထိုင်ဝမ်အကြားတင်းမာမှု ကူမင်တန်ပါတီ ကြားဝင်ဆောင်ရွက်

**မေ (၃)ရက်၊ [အေပီ]**

ထိုင်ဝမ်မှ ကူမင်တန်ပါတီ ဥက္ကဋ္ဌ လီယန်ချန်သည် တရုတ်ပြည်သို့ (၈)ရက်ကြာ အလည်အပတ်ခရီးသွားရောက်ခဲ့ပြီး ထိုင်ဝမ်နှင့် ပြည်မကြီးအကြား ငြိမ်းချမ်းရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရေလက်ကြားပြဿနာ ဖြေရှင်းရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ ဤခရီးစဉ်သည် (၁၉၄၉)ခုနှစ် မော်စီတုန်းဦးဆောင်သည့် တော်လှန်ရေးက ချန်ကေရှိတ်၏ ကူမင်တန်ပါတီကို တရုတ်ပြည်မကြီးမှ မောင်းထုတ်လိုက်သည့်အချိန်မှစ၍ ပထမဆုံး ကူမင်တန်ခေါင်းဆောင်တယောက်၏ ခရီးစဉ်လည်းဖြစ်သည်။ ထိုင်ဝမ်အနေဖြင့် ဆွေးနွေးလိုလျှင် သမတ ချန်ရွှေဗျန်းအနေဖြင့် လွတ်လပ်ရေးလိုလားသည့် ရပ်တည်ချက်ကို စွန့်ပစ်ရမည်ဟု တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ ထိုင်ဝမ်ရေးရာဌာန၊ ဒုဝန်ကြီးဝမ်ဇိုင်ရှိက ပြောကြားခဲ့သည်။ ထိုင်ဝမ်ကလည်း "လွတ်လပ်တဲ့ အချုပ်အခြာအာဏာပိုင်နိုင်ငံဆိုတာ တရုတ်ပြည်လား ထိုင်ဝမ်လားဆိုတာသိရအောင် သူ့အနေနဲ့လာကြည့်နိုင်တယ်လေ" ဟု ပစ္စဖိတ်ကျွန်းရှိ ကီရီဘာတီနိုင်ငံ အလည် ခရီးစဉ်၌ ထိုင်ဝမ်သမတ ချန်ရွှေဗျန်းက တရုတ်ခေါင်းဆောင် ဟူကျင်းတောင်အား ပြောကြားခဲ့သည်။ လီယန်၏ ခရီးစဉ်နှင့် ဤတပတ်



ထိုင်ဝမ်ကူမင်တန်ပါတီ ဥက္ကဋ္ဌ လီယန်ချန်

ထပ်မံသွားရောက်မည့် အခြားအတိုက်အခံပါတီခေါင်းဆောင်တဦးဖြစ်သည့် ဂျိမ်းဆွန်း၏ ခရီးစဉ်များက အနာဂတ်တွင် အစိုးရချင်း တိုက်ရိုက်တွေ့ဆုံဆွေးနွေးရေးအတွက် လမ်းခင်းပေးနိုင်လိမ့်မည်ဟုလည်း ချန်ရွှေဗျန်းက ပြောဆိုခဲ့သည်။ အတိတ်ကာလတုန်းက မည်သို့မျှမဖြစ်နိုင်ဟုထင်ထားသည့် ရေလက်ကြားဆွေးနွေးမှုသည် ထင်ထားသည်ထက် ပိုမိုဖြစ်နိုင်လာနေသည်ဟု ချန်ရွှေဗျန်းက ထပ်လောင်းပြောကြားခဲ့သည်။ ထိုင်ဝမ်က တရားဝင်လွတ်လပ်ရေးကြေညာခဲ့လျှင် ထိုင်ဝမ်အပေါ် စစ်ရေးအရ ဝင်ရောက်တိုက်ခိုက်နိုင်သည့် ဥပဒေပြဋ္ဌာန်းလိုက်သည့် အချိန်မှစ၍ ပီကင်းနှင့်ထိုင်ဝမ်တို့အကြား ဆက်ဆံရေးဆုတ်ယုတ်လာခဲ့ပြီး ဤသို့ တင်းမာနေသည့် အခြေအနေတွင် လီယန်ချန်၏ခရီးစဉ်က ဆက်ဆံရေးပြန်လည်ပျော့ပြောင်းလာမည့် မျှော်လင့်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။ ထိုင်ဝမ်သည် တရုတ်ပြည်တောင်ပိုင်း ပင်လယ်ကမ်းခြေမှ မဝေးလှသည့် ကျွန်းနိုင်ငံတခုဖြစ်ပြီး ပြည်တွင်းစစ်ပြီးဆုံးသည့် အချိန်မှစ၍ သီးခြားအုပ်ချုပ်ရေးဖြင့်ရှိနေသည့် နိုင်ငံလည်းဖြစ်သည်။ သို့သော် ပီကင်းက ယခုထိ တရုတ်ပြည်၏နယ်မြေအဖြစ် ကြေညာနေဆဲဖြစ်သည်။ ဆင်ဟွာသတင်း ဌာနပြောကြားချက်အရ မကြာမီတွင် တရုတ်ပြည်မကြီး၌နေထိုင်သူများအား ထိုင်ဝမ်သို့ သွားလာလည်ပတ်ခွင့်ပြုတော့မည်ဖြစ်ကြောင်းလည်း သိရှိရသည်။ သို့သော် ထိုင်ဝမ်အနေနှင့်မူ ပြည်မကြီးမှ လည်ပတ်သူများအပေါ် တင်းကြပ်စွာကန့်သတ်ထားဆဲဖြစ်သည်။ ❖

## နိုင်ငံတကာ

# ကိုရမ်ကျမ်းနှင့်ပတ်သက်သည့်အစီရင်ခံစာအပေါ် အမေရိကန်ဆန့်ကျင်ရေးဒေါသများ ပြန့်နှံ့



ကိုရမ်ကျမ်းကို အမေရိကန်စစ်သားများ မထီမဲ့မြင်ပြုခဲ့သည့်အပေါ် ဒေါသထွက်နေသော အာဖဂန်ပြည်သူများ

မေ၊ [IHT/Washinton Post]

အာဖဂန်နစ္စတန်နိုင်ငံဒေသအသီးသီးရှိ မြို့များစွာတွင် မေလ (၁၃)ရက်၊ သောကြာနေ့ ဝတ်ပြုပွဲအပြီး၌ ဒေါသထွက်နေသော လူအုပ်ကြီးက ပိုမိုပြင်းထန်သောဆန္ဒပြမှုများ ပြုလုပ်ခဲ့ရာ၊ ထိုဆန္ဒပြမှုများတွင် အနည်းဆုံး လူ (၆)ဦး သေဆုံးပြီး (၄၀)ကျော် ဒဏ်ရာရခဲ့သည်။ (၄)ရက်ကြာ ဆန္ဒပြမှုများအတွင်း အနည်းဆုံး (၁၄)ဦးသေဆုံးကာ (၁၀၀) ကျော် ဒဏ်ရာရရှိခဲ့သည်။ အကြမ်းဖက်မှုများအတွင်း ပထမဦးဆုံးအကြိမ်အဖြစ် ရဲအရာရှိတဦး သေဆုံးခဲ့သည်။

ဆန္ဒပြမှုများမှာ မေလ (၉)ရက်နေ့ ထုတ် နယူးစ်ဝိခ်မဂ္ဂဇင်းတွင်ဖော်ပြခဲ့သည့် ကျူးဘားနိုင်ငံ၊ ဂွမ်တမ်နာမိုပင်လယ်အော် အကျဉ်းစခန်း၌ အမေရိကန်စစ်ကျောရေး သမားများက အိမ်သာထဲတွင် ကိုရမ်ကျမ်းကို ထားရှိခြင်းနှင့် စစ်ဆေးမှုတခုတွင် အကျဉ်းသားများအား စိတ်ဒုက္ခရောက်စေရန်အတွက် ကိုရမ်ကျမ်းအား အိမ်သာထဲသို့ပစ်ချလိုက်သည်ဆိုသည့် အစီရင်ခံစာနှင့်ပတ်သက်၍ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိုအစီရင်ခံစာ၌ ပါရှိသည့်လုပ်ဆောင်မှုက လွန်ခဲ့သည့် (၃)နှစ်ခွဲကျော်ကာလအတွင်း အာဖဂန်နစ္စတန်၌ အမေရိကန်နှင့် နိုင်ငံခြားသားစစ်သည်များက လုပ်ဆောင်ခဲ့သည့် အခြားအပြုအမူများထက် အာဖဂန်လူထုအား ဒေါသထွက်စေခဲ့သည်။

ဆန္ဒပြမှုများမှာ ပါကစ္စတန်၊ အင်ဒိုနီးရှားနှင့် ဂါဇာတို့တွင်လည်းဖြစ်ပွားခဲ့ပြီး မူဆလင်ကမ္ဘာအားလုံးတွင် ပြန့်ပွားခဲ့ရာ ထိုကိစ္စနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံအား စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် မူဆလင်နိုင်ငံမှ နိုင်ငံရေးခေါင်းဆောင်များက တောင်းဆိုခဲ့သည်။ ပါကစ္စတန်မြို့ကြီးများတွင်လည်း ဆန္ဒပြမှုများ အကြီးအကျယ်ဖြစ်ပွားခဲ့သည်။ ဂါဇာကမ်းမြောင်ဒေသတွင် ဆန္ဒပြသူ ဟားမတ်စ်အုပ်စုဝင်ပေါင်း (၁၅၀၀)ကျော်က အမေရိကန်နှင့်အစ္စရေးအလံများအား မီးရှို့ခဲ့သည်။ ပါလက်စတိုင်းများကမူ အမေရိကန်အား အစ္စရေးကို ထောက်ပံ့နေသည့်အတွက် ရှုတ်ချခဲ့ကြသော်လည်း အမေရိကန်ဆန့်ကျင်ရေးအပေါ်တွင် အလေးမထားဘဲ ၎င်းတို့၏တိုက်ပွဲအား အစ္စရေးဆန့်ကျင်ရေးအပေါ်တွင် အလေးထား လုပ်ဆောင်ခဲ့သည်။ အာဖဂန်နစ္စတန်မြို့အသီးသီး၌ ဖြစ်ပွားခဲ့သည့် ဆန္ဒပြမှုများတွင် နိုင်ငံတကာအကူအညီပေးရေးအဖွဲ့များနှင့် မြို့တော်ဝန်ရုံးများအား ဆန္ဒပြသူ လူအုပ်ကြီးက ဝင်ရောက်တိုက်ခိုက်ခြင်းများပြုလုပ်ခဲ့သည်။

ဤကိစ္စနှင့်ပတ်သက်၍လည်း ပင်တဂွန်ရှိအရာရှိများက ဝန်ခံခဲ့သည်။ စုံးစမ်းစစ်ဆေးသူများအဆိုအရ အလားတူဖြစ်ရပ်မျိုး ဤအကျဉ်းစခန်းတွင် (၅)ခါ ဖြစ်ပွားခဲ့ပြီး အများစုမှာ မူဆလင်တို့၏အထွတ်အမြတ်ကိစ္စများနှင့်ပတ်သက်သည့် ဆောင်ရွက်မှုဆိုင်ရာသီးသန့်ဥပဒေ မထုတ်ပြန်မီတွင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း မေလ (၂၇)ရက်နေ့တွင် ထုတ်ပြန်ပြောဆိုခဲ့သည်။ ❖

# နီပေါနိုင်ငံတဝှမ်းလုံး အတိုက်အခံများ ဆန့်ကျင်ကန့်ကွက်

**မေ (၂၄)ရက်၊ [ဘီဘီစီ]**

မေလ (၂၂)ရက်က ထောင်ပေါင်းများစွာသော အတိုက်အခံတက်ကြွလှုပ်ရှားသူများက ဘုရင်ဂျန်နင်ဒရာ၏ ဖေဖော်ဝါရီ (၁)ရက်နေ့ အာဏာသိမ်းမှုအား ဆန့်ကျင်ဆန္ဒပြရာတွင်ပါဝင်ခဲ့ကြသည်။ နေရာအနည်းငယ်၌ ရဲများနှောက်ယှက်သည်မှလွဲ၍ ဆန္ဒပြမှုများမှာ ငြိမ်းချမ်းစွာ ပြီးစီးခဲ့ကြောင်း စည်းရုံးသူများက ပြောကြားခဲ့သည်။ ဆန့်ကျင်ကန့်ကွက်သူများက ဖျက်သိမ်းလိုက်သည့် ပါလီမန်အခြေအနေမျိုး ပြန်လည်ရရှိလိုကြသည်။

### ပြည်သူ့အခွင့်အရေးတောင်းဆို

ဆန္ဒပြပွဲကို အတိုက်အခံပါတီ (၇)ခုက ပူးတွဲစည်းရုံးခဲ့ပြီး နီပေါကွန်ဂရက်ပါတီနှင့် နီပေါကွန်မြူနစ်ပါတီ (ညီညွတ်သော မှာ့က်စ်ဝါဒီ-လီနင်ဝါဒီ)က ပြောကြားခဲ့သည်။ ပါတီပေါင်းစုံပါဝင်သောအစိုးရက မော်ဝါဒီသူပုန်များနှင့် ငြိမ်းချမ်းစွာ စေ့စပ်ဆွေးနွေးနိုင်သည့် ပတ်ဝန်းကျင်မျိုးကို ဖန်တီးနိုင်မည်ဖြစ်ကြောင်း အတိုက်အခံပါတီများက ပြောကြားခဲ့သည်။ အတိုက်အခံများ၏တောင်းဆိုချက်ကို ဘုရင့်အစိုးရက ယခုအချိန်အထိ တရားဝင် တုန့်ပြန်မှုမရှိသေးချေ။ ဘုရင့်ဝန်ကြီးများ ကောင်စီဝင်အချို့က



ဘုရင်ဂျန်နင်ဒရာ၏ အာဏာသိမ်းမှုအားဆန့်ကျင်နေသော နီပေါပြည်သူများ

ဝါဒီ-လီနင်ဝါဒီ) အပါအဝင် အဓိကအတိုက်အခံပါတီများမှ လူပေါင်း (၄,၀၀၀)ခန့်သည် မြို့တော် ခတ္တမန်ဒူရှိ စည်ကားသော အဆွန်စီးပွားရေးဇုံတွင် ပါတီအလံများကိုင်ဆောင်ကာ လှည့်လည်ခဲ့ကြသည်။ ဘုရင်၏အာဏာသိမ်းမှုအားဆန့်ကျင်ကန့်ကွက်သည့် ကြွေးကြော်သံများကိုအော်ဟစ်ခဲ့ပြီး တိုင်းပြည်တွင် ဒီမိုကရေစီနှင့် ပြည်သူ့အခွင့်အရေးများ ပြန်လည်ထွန်းကားရေး တောင်းဆိုခဲ့ကြသည်။ နိုင်ငံတဝှမ်းလုံးရှိ ဘီရန်နာဂါ၊ ဂျနတ်ပူနှင့် ပိုခါရာ အပါအဝင် အခြားအဓိကမြို့ကြီးများတွင်လည်း ထောင်ပေါင်းများစွာသော လူထုကြီးက လမ်းများပေါ်သို့ ထွက်ကာချီတက်ဆန္ဒပြခဲ့ကြသည်။ ဟေတိုဒါမြို့တွင် ရဲများ၏ နံပါတ်ဒုတ်ကြောင့် အတိုက်အခံလှုပ်ရှားသူ တဒါဇင်ခန့် ဒဏ်ရာရခဲ့ကြောင်းနှင့် အထက်လွှတ်တော်အမတ် တဦးအပါအဝင် လူ (၂၀)ကျော်လည်း ဖမ်းဆီးခံရကြောင်း နီပေါကွန်မြူနစ်ပါတီ (ညီညွတ်သော မှာ့က်စ်ဝါဒီ-လီနင်ဝါဒီ)က ပြောကြားခဲ့သည်။

အတိုက်အခံတို့၏ ဆန့်ကျင်ကန့်ကွက်မှုကို အကြောင်းမဲ့လုပ်ရပ်အဖြစ် ပြောဆိုလိုက်ပြီး တိုင်းပြည် ငြိမ်ဝပ်ပိပြားရေးအတွက် ဘုရင်အားထောက်ခံရန် အတိုက်အခံများအား တောင်းဆိုလိုက်သည်။ သို့သော် အတိုက်အခံခေါင်းဆောင်များက ပြည်သူ့ဒီမိုကရေစီအခွင့်အရေးများ ပထမဆုံး ပြန်လည်မတည်ဆောက်ဘဲနှင့် ငြိမ်းချမ်းရေး ပြန်လည် တည်ဆောက်ရေးဆိုသည်မှာ မဖြစ်နိုင်ကြောင်း ပြန်လည်ပြောကြားလိုက်သည်။ ❖

# ရှေးရိုးခရိယာန် Orthodox အသင်းတော်ကြီးက ဂိုဏ်းအုပ် အီရင်နီရိုအား ကြဲ့လိုက်ပြီ



ဂျေရုစလင်မှ ဂိုဏ်းအုပ်ဖြစ်သူ အီရင်နီရို

**မေ (၂၄)ရက်၊ [ဘီဘီစီ]**

ဂျေရုစလင်မှ ဂိုဏ်းအုပ်ဖြစ်သူ အီရင်နီရိုအား ၎င်းတို့အနေဖြင့် ဆက်လက်အသိအမှတ်ပြုတော့မည်မဟုတ်ကြောင်း ရှေးရိုးခရိယာန် အော်သိုဒေ့ါဘုရားကျောင်းခေါင်းဆောင်များက သဘောတူလိုက်ကြသည်။ ဤဆုံးဖြတ်ချက်ကို အေကျူမင်နီကယ်ဂိုဏ်းအုပ်ဘုန်းတော်ကြီး ဘာသိုလိုမျူး (၁) ကမကထပြုသည့် သာသနာအစည်းအဝေးပွဲကြီး၌ အဓိက အော်သိုဒေ့ါဘုရားကျောင်း (၁၂) ကျောင်းမှ ကိုယ်စားလှယ်များက ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ဂိုဏ်းအုပ် အီရင်နီရိုအား ဂျေရုစလင်မြို့ဟောင်းမှ သာသနာပိုင်မြေအချို့ကို ဂျူးရင်းနှီးမြှုပ်နှံသူများအား ရောင်းချရာတွင် အဓိကတာဝန်ရှိသူအဖြစ် စွပ်စွဲထားသည်။ ထိုရောင်းချမှုက ဤမြေများကို ၎င်းတို့အမြေအဖြစ် ယူဆထားသည့် ပါလက်စတိုင်းတို့အား ယမ်းပုံမီးကျဖြစ်စေခဲ့သည်။ ဂိုဏ်းအုပ် အီရင်နီရိုသည် ပါလက်စတိုင်းအများစုနေထိုင်သည့် ဘာသာရေးဆိုင်ရာ အထွတ်အမြတ်မြေတွင်နေထိုင်သည့် ခရိယာန်လူဦးရေ (၁၀၀,၀၀၀)တို့၏ ဘာသာရေးခေါင်းဆောင်ဖြစ်သည်။

### နှုတ်ထွက်ရန်ဖိအားပေးခြင်း

မဲပေးမှုက ဂိုဏ်းအုပ်အီရင်နီရိုအား ဖယ်ရှားရေး တိုက်ရိုက်တောင်းဆိုခြင်းမဟုတ်သော်လည်း ၎င်း၏အခွင့်အာဏာအား အသိအမှတ်မပြုသည့်လုပ်ရပ်က နှုတ်ထွက်သည်အထိ ၎င်းအပေါ်နောက်ထပ် ဖိအားပေးရန် မျှော်လင့်သည်။ အစ္စတန်ဘူလ်တွင် ကျင်းပသည့် သာသနာအစည်းအဝေးကြီးသည် ဆယ်စုနှစ်ကျော်အတွင်း ပထမဆုံးနှင့် အဓိက ရှေးရိုးအော်သိုဒေ့ါ ခရိယာန်အသင်းအားလုံး၏ ထိပ်သီးစည်းဝေးပွဲကြီးဖြစ်သည်။ ဤစည်းဝေးပွဲက ဂိုဏ်းအုပ်အီရင်နီရိုအား တရားဝင်ထုတ်ပယ်ရန်နှင့် ၎င်းအားဆက်ခံမည့်သူအားရွေးချယ်ရန် အခွင့်အာဏာမရှိချေ။ ဤကိစ္စမျိုးကို ဂျေရုစလင်ဘုရားကျောင်းအစည်းအဝေးကြီးမှသာ ဆောင်ရွက်နိုင်သည်။

### အထိမခံပစ္စည်းဥစ္စာ

ဂိုဏ်းအုပ်ဘုန်းတော်ကြီး အီရင်နရိုရောင်းချခဲ့သည့်ပစ္စည်းများမှာ ပါလက်စတိုင်းသားတို့ မျိုးဆက်နှင့်ချီပြီး နေထိုင်ခဲ့သည့် ဂျက်ဖာတံခါးဝအနီး အဓိကရင်ပြင်၌ရှိသည့် အဆောက်အဦး (၃)လုံးဖြစ်ပြီး၊ ထိုနေရာမှာ ဂျေရုစလင်တွင် အထိအခိုက်မခံဆုံး ဘာသာရေးအမွေအနှစ်ဆိုင်ရာ အဆောက်အအုံများထဲမှ အချို့ဖြစ်သည်။ ဂျေရုစလင်အား နှစ်ပိုင်းခွဲထားမှုအပါအဝင် မည်သို့ပင် အခြေချနေထိုင်သည်ဖြစ်စေ ဤမြေသည် သူတို့မြေဖြစ်ရမည်ဟု ပါလက်စတိုင်းသားတို့က အစဉ်အမြဲ တွေးထင်ထားခဲ့ကြသည်။ အတိတ်ကာလက မြေအချို့အားရောင်းချပြီးနောက်ပိုင်း၌ အခြေချနေထိုင်ခြင်းများက နောက်ဆုံးပိတ်အခြေချနေထိုင်မှုတွင် ပါလက်စတိုင်းသားတို့အား မြေများလွှဲပြောင်းပေးရန်ကိစ္စကို အနှောက်အယှက်ဖြစ်စေရန် ရည်ရွယ်ခဲ့သည်ဟု အချို့က ယုံကြည်နေကြသည်။ (၁၉၆၇)ခုနှစ်တွင် အရှေ့ဂျေရုစလင်သို့ အစ္စရေးတို့ ဝင်ရောက်ခဲ့ပြီး (၁၉၈၁)ခုနှစ်တွင် အပြီးအပိုင်သိမ်းပိုက်ခဲ့သည်။ သို့သော် နိုင်ငံတကာအသိုင်းအဝိုင်းက ၎င်းတို့နယ်မြေအဖြစ် ကြေညာခြင်းကို အသိအမှတ်မပြုချေ။ အပြည်ပြည်ဆိုင်ရာဥပဒေအရ အရှေ့ဂျေရုစလင်သည် သိမ်းပိုက်နယ်မြေသာဖြစ်သည်။ ဤနယ်မြေတွင် နေထိုင်သူအများစုကြီးမှာ ပါလက်စတိုင်းသားတို့ဖြစ်ကြပြီး အနာဂတ်တွင် ဤနယ်မြေကို ၎င်းတို့၏ မြို့တော်ဖြစ်ရန် မျှော်လင့်ထားကြသည်။ ❖

## ဇွန်မိုင်း ဂျွန် (၆) စိတ်ခွတ်ကမ္ဘာတည်သရွေ့မှ ....

အလုပ်သမားထုရဲ့ နစ်နာချက်တွေကို ထောက်ပြပြီး၊ လာပြီး ဖြေရှင်းမပေးသမျှ အလုပ် လုံးဝမဆင်းဘဲ သပိတ်မှောက်မှာဖြစ်ကြောင်း အာဏာပိုင်တွေကို အကြောင်းကြားထားတာ၊ တပြိုင်နက်တည်းမှာ စက်ရုံကိုလည်း သပိတ်စခန်းအဖြစ် သိမ်းပိုက်ထားတာပါ။

(၉)

အာဏာပိုင်ဖက်က ဘယ်လိုတုန့်ပြန်သလဲ။

ဒေသတခုနှင့်တခု မတူဘူး။ စက်ရုံတခုနှင့်တခု မတူဘူး။

သက်ဆိုင်ရာ ဒေသပါတီကော်မတီရဲ့ လုပ်ဟန်ပေါ်မှာမူတည်ပြီး ဖြေရှင်းပုံ အမျိုးမျိုးကွဲသွားတယ်။

ဒါဟာ ဦးနေဝင်းရဲ့ အငြိုးအတေးနှင့် ဉာဏ်နီ ဉာဏ်နက်တွေကြားမှာ ပုံသဏ္ဍာန်အမျိုးမျိုးနှင့် ကစားတာလည်းဖြစ်ပါတယ်။

နိုင်ငံတကာမှာ အောင်မြင်နေသယောင်၊ တိုင်းပြည်ငြိမ်း ချမ်းတည်ငြိမ်နေသယောင် ကြွားလုံးထုတ်နေတုန်းမှာ ....

အခုလို သပိတ်တွေ တဝုန်းဝုန်းမှောက်လိုက်တာကြောင့် ဦးနေဝင်းယောင်ဆောင်ထားတဲ့ စစ်အာဏာရှင်ဗိုလ်နေဝင်းဟာလည်း မျက်နှာဖုံးကွာကျသွားပါတယ်။ အဲဒီမှာပဲ .... 'ကမ္ဘာ့မျက်နှာစာမှာ ငါ့ကို အရှက်ရအောင်လုပ်တယ်'ဆိုတဲ့ အငြိုးနဲ့ မူယာမာယာ အစုံအလင်သုံးပြီး သပိတ်ကို ဖြေရှင်းပါတော့တယ်။

*တချို့စက်ရုံတွေကို သွားရောက်ညှိနှိုင်းတယ်။ အလုပ်သမားတွေ တင်ပြချက်အများစုကို လက်ခံတယ်။ ပြေလည်အောင်ဆောင်ရွက်ပေးပါ့မယ်လို့ ကတိပေးတယ်။ အဖမ်းအဆီးမရှိဘူး။

*တချို့စက်ရုံကျတော့ လာပြီးညှိတယ်။ တောင်းဆိုချက် အချို့အဝက်ကို ဆောင်ရွက်ပေးဖို့ သဘောတူတယ်။ တောင်းဆိုချက်အများစုကို လက်မခံဘူး။ ခေါင်းဆောင်တချို့ကို ဖမ်းတယ်။

*သမိုင်းချည်မျှင်နှင့် အထည်စက်ရုံကိုတော့ ခတ်ရမ်းရမ်းကိုင်တွယ်တယ်။ ဖြေရှင်းဖို့ဆိုတာထက် ဖြိုခွဲနှိမ်နင်းဖို့ အဓိကလုပ်လာတယ်။ ဘာကြောင့်လဲ .... ॥

အကြောင်းက .... အလုပ်သမားထုက စက်ရုံအပြင်ဖက် လမ်းမပေါ်ထိ ထွက်လာတယ်။ လူထုကလည်း ဝန်းရံလာပြီ။ ကျောင်းသားနဲ့လည်း ချိတ်မိနေပြီ။

စက်ရုံက ကျောင်းဆောင် (၁၅)ဆောင်ရှိတဲ့ သမိုင်းဝင်းနှင့် ကပ်ရက်ဖြစ်နေတယ်။

ကျောင်းသားနှင့်ပေါင်းမိသွားမှာကို စစ်အုပ်စုက အလွန်အမင်းကြောက်လန့်နေပြီ။

ဒါနဲ့ပဲ ရန်ကုန်တိုင်းကို စစ်အုပ်ချုပ်ရေးကြေငြာလိုက်ပြီး သမိုင်းချည်စက်ကို (ဂျွန် ၆ ရက်နေ့) ညနေမှာ စပြီးပစ်ခတ်ဖြိုခွဲတယ်။

ပစ်တာမှ .... စက်ရုံထဲကိုလည်း ပစ်တယ်။

လမ်းမပေါ်က လူထုကိုလည်း ပစ်တယ်။

ဘတ္တာဈေးလို့ ခေါ်တဲ့ ရပ်ကွက်ဈေးလေးထဲကို ဝရုန်းသုန်းကား ဝင်ပြေးကြတော့ .... အဲဒီဈေးထဲထိ လိုက်ပစ်တယ်။

အတင်းပစ်၊ အတင်းသိမ်း၊ အတင်းဖမ်းဆီး၊ အတင်းဖြိုခွဲခဲ့တယ်။

(၁၀)

အဲဒီတုန်းက ဆင်မလိုက် သင်္ဘောကျင်းရဲ့ အုပ်ချုပ်ရေးမှူးက ဗိုလ်မှူးရဲညွန့်။

သပိတ်က ဗိုလ်မှူးရဲညွန့်ကို ယာယီ အိမ်ပြန်ခွင့်မပေးတော့ဘဲ သူတို့နှင့်အတူနေဖို့ ခေါ်ယူထားတဲ့ ကာလ။

အဲဒီကာလက ဗိုလ်မှူးရဲညွန့်ဆိုတာ ဗိုလ်နေဝင်းရဲ့ လက်ရုံး၊ ဗိုလ်နေဝင်းရဲ့ နိုင်ငံခြားခရီးစဉ်တိုင်းမှာ အမြဲလိုက်ပေး ရတဲ့ သံခင်းတမန်ခင်း ကျွမ်းကျင်သူ၊ နိုင်ငံတကာက မြန်မာသံရုံးတွေကို လိုက်စစ်ဆေးဖို့အတွက် ဗိုလ်နေဝင်းရဲ့ (Full Power) လုပ် ပိုင်ခွင့်အာဏာ အပြည့်အဝ အပ်နှင်းခံရသူ၊ နိုင်ငံတကာက ငွေချေးမယ်ဆိုရင် ပထမဆုံး ခြေဆင်းအဖြစ် အလွှတ်ခံရသူ။

အဲဒီပုဂ္ဂိုလ်ကိုမှ ဆင်မလိုက်က ထိန်းသိမ်းမိရက်သားဖြစ်သွားပြန်ဆိုတော့ ....

စစ်အာဏာရှင်ဟာ နည်းနည်းမှ ဟန်မဆောင်နိုင်တော့ဘဲ ....

ကြည်းတပ်၊ ရေတပ် ၂ ဖက်ညှပ်ပြီး (ဂျွန်လ ၇ ရက် အရုဏ်တက်မှာ) ဝင်ပြီး စီးနင်းတိုက်ခိုက်ပါတော့တယ်။

တွေ့တဲ့နေရာ ပစ်၊ မဲမဲမြင်ရာ ပစ်၊ တွေ့တဲ့ လူကို ဘက်နက်နဲ့ ထိုး၊

'ဗိုလ်မှူးရဲညွန့် ဘယ်မှာလဲ' 'ဗိုလ်မှူးရဲညွန့် ဘယ်မှာလဲ'ဆိုတဲ့ အသံတွေ

'ကျနော် ဒီမှာ'

'ကျနော် ဗိုလ်မှူးရဲညွန့်ပါ'ဆိုပြီး လက်ဝှေ့ရမ်းပြပြီး ပြေးထွက်သွားတာတွေ

ဂျီသရီး၊ ဂျီဖိုးသံတွေ၊ ခွေကနဲ၊ ခွေကနဲ လဲကျသွားတဲ့ အလုပ်သမားရဲဘော်တွေ၊ ယမ်းခိုးယမ်းငွေ့တွေ၊ သေနတ်ဒဏ်ရာနဲ့ သွေးအိုင်ထဲမှာ လဲပြိုနေတဲ့ အလုပ်သမားအလောင်းတွေ၊ မသေမရှင် ငြီးတွားသံတွေ၊

တကယ့် ငြိုးသူရန်ဖက်သဖွယ် ဘက်နက်နဲ့ တဇွပ်ဇွပ်လိုက်ထိုးသတ်နေတာတွေ။

ဆင်မလိုက်ရဲ့ မနက်ခင်းတခုထဲမှာ အလုပ်သမား (၂၀၀)ကျော် အသက်ပေးဆပ်ခဲ့ရတာပါ။ တပြည်လုံးက ဖမ်းမိတဲ့ အလုပ်သမားတွေကိုလည်း ထောင် (၁၀)နှစ်၊ (၁၃)နှစ်၊ (၁၆)နှစ်၊ (၁၉)နှစ် ရက်ရက်စက်စက် ချပစ်ခဲ့ပါတယ်။

(၁၁)

တချို့ မီးသဂြိုဟ်စက်ပို့

တချို့ ထောင်ထဲပို့

တချို့ နောက်တခါ ခွင်ကြုံတာနဲ့ ဖမ်းဖို့ Black List ထဲပို့ပြီး

သပိတ်ကို ရက်ရက်စက်စက်ရော၊ မူယာမာယာနဲ့ရော ဖြိုခွဲငြိမ်သက်စေခဲ့ပြီး တဲ့နောက်မှာ ....

ဗိုလ်နေဝင်းရဲ့ မိန့်ခွန်း ရေဒီယိုကနေ ထွက်ပေါ်လာပါတယ်။

"ကျနော် ကျန်းမာရေးမကောင်းလို့ နိုင်ငံခြားကို ဆေးကုသွားနေရစဉ်မှာ ....

အခုလိုဖြစ်ရတာ၊ ကျနော် ....သမတ တယောက်အနေနှင့် အတော့်ကိုစိတ်မကောင်း ဖြစ်ရပါတယ်။

ကျနော် မရှိတုန်းမှာ ....ကျနော် ဝန်ကြီးချုပ်ကို မေးကြည့်ပါ့မယ်"

အသံတွေ တုန်တုန်ခိုက်ခိုက်နဲ့ အတော့်ကို ကြေကွဲနေတဲ့ပုံမျိုး။ မိန့်ခွန်းပြောရင်းနဲ့ကိုပဲ ရပ်ရပ်သွားလိုက်သေး။ တတ်လည်း တတ်နိုင်ပါပေတယ်။ ဒါ ဝန်ကြီးချုပ်ကို ထိုးကျွေးလိုက်တာပါ။

အဲဒီတုန်းက ဝန်ကြီးချုပ်က ဦးစိန်ဝင်းပါ။ သူတို့ စစ်အုပ်စုအခေါ် 'ထားဝယ် စိန်ဝင်း'။

အဲဒီတုန်းက ရန်ကုန်တိုင်း တိုင်းမှူးက ဗိုလ်မှူးချုပ် ခင်အုန်း။

စစ်အုပ်ချုပ်ရေးကြေငြာတော့ သူ့လက်မှတ်နဲ့။

စစ်အုပ်စုရဲ့ လုပ်ဟန်ကတော့ ရှင်းပါတယ်။ တခုခုဖြစ်ရင် တယောက်ယောက်ကို ထိုးကျွေး၊ ဘယ်သူသေသေ၊ ဘယ်သူ့ကို သတ်ရသတ်ရ၊ ရာဇပလ္လင်မြဲဖို့က အဓိက။ ဒီ ပေါ်လစီဟာ သူတို့ရဲ့ တခုတည်းသော လမ်းညွှန်။

(၁၂)

မသေဘဲ ကျန်ခဲ့တဲ့ အလုပ်သမားတွေနဲ့

ထောင်ထဲရောက်သွားတဲ့ အလုပ်သမားတွေ နောက်ပိုင်း ဘာတွေဆက်လုပ်ကြသလဲ။

သွေးပျက်ပြီး သူတို့ ယုံကြည်ရာတွေကို စွန့်လွှတ်လိုက်ပြီလား။

လမ်းခုလပ်မှာ တော်လှန်ရေးရထားကြီးပေါ်က ခုန်ဆင်းကျန်ရစ်ပြီး နေသာသလိုနေသွားကြပြီလား။

ဘဝတာတိုတိုမှာ အရသာချိုချို ရှာသွားကုန်ပြီလား။

(၁၃)

အဲဒီလိုထင်ရင် ငရဲတောင်ကြီးသွားနိုင်တယ်။

သူတို့အားလုံး သူတို့ ယုံကြည်ရာမှာ သစ္စာမြဲကြတယ်။

လူထုကြီး မလွတ်မြောက်မချင်း အလုပ်သမားထု မလွတ်မြောက်နိုင်ဘူးဆိုတာ သူတို့ အပြည့်အဝနားလည်ကြတယ်။

အလုပ်သမားတိုက်ပွဲနှင့် ဒီမိုကရေစီရေး လူထုတိုက်ပွဲကြီး တဆက်တစပ်တည်းဖြစ်နေကြောင်းကို သူတို့သိကြတယ်။

နည်းနည်းလေးမှ တွေဝေမသွားဘူး၊ နည်းနည်းလေးမှ သွေးကြောင်မသွားဘူး။

တိုက်ပွဲထဲမှာ သူတို့ရှိနေကြတယ်။ တိုက်ပွဲတိုင်းမှာ သူတို့ပါဝင်ကြတယ်။

ဒီလို တော်လှန်ရေးအပေါ် သစ္စာမြဲတဲ့အတွက်လည်း သစ္စာမဲ့ စစ်အုပ်စုက ထိုက်ထိုက်တန်တန် ချီးမြှင့်တာလည်း အကြိမ်ကြိမ်ခံကြရတယ်။

ဒါပေမယ့် သူတို့ကတော့ အချီတက်မပျက်။

'ဂျွန် ၆ စိတ်ခွတ်' တိုက်ပွဲတေးသံကို ကျူးရင့်မပျက်၊ မျိုးဆက်သစ်တို့နှင့်အတူ ကမ္ဘာကြီးကို ရှေ့သို့ ဆက်လက်တွန်းရွှေ့မပျက်။

ကမ္ဘာတည်သရွေ့ သမိုင်းစာမျက်နှာသစ်တွေကို ဆက်တိုက် ထွင်းထုရေးသားနေကြဦးမယ်ဆိုတာ သေချာလွန်းလှပါတယ်။ ॥

ဂျွန် (၆)နှင့် ဒီမိုကရေစီတိုက်ပွဲ အဆက်ဆက်မှာ ကျဆုံးရင်းနှီးပေး ဆပ်ခဲ့ကြသော အလုပ်သမားရဲဘော်ကြီးများအား ဦးညွှတ်ဂုဏ်ပြုလျက် ....။

ဇွန်မိုင်း
(၂၂၊ ၅၊ ၂၀၀၅)

# တရိတ္တာ – ဝမ်းရေး = ......



အာဏာ၊ အတ္တ
လက်နက်နဲ့ ဗျာပါဒ
ပိုင်ဆိုင်လိုခြင်းတဏှာ
မဆုံးရှုံးလိုခြင်းလောဘ
မောဟ၊ မာန
သြချစရာတပုံတပင်ကြားက
ခွေးတိုးဝက်ဝင်ဘဝများ
အမှားတွေနဲ့
ညားကြရတယ်။

ရှင်သန်နိုင်ရေး
လက်နှေးလို့မဖြစ်
စာရိတ္တကိုမချစ်နိုင်
ချည်တိုင်ယိုင်နဲ့
လက်လှည့်၊ မျက်လှည့်
စကားလှည့်၊ ဉာဏ်လှည့်
အလှည့်အပြောင်း
တရှဲ့တစောင်းနဲ့
ဥပုဒ်ကျောင်းလဲဝေးခဲ့ပြီး။

ဝမ်းရေးအတွက်
လမ်းဘေးက
ကဇွန်းရွက်လဲပါ
ဖားရှာ ငါးရှာတထွာအရေး
ပုလုကွေးလဲ
အရေးသုံးပါးအတွက်
စစ်သူကြီးဖြစ်ခဲ့။

ဦးဆွေးဆံမြေ့စရာမလို
မင်းခစားမဟုတ်တဲ့ယောကျ်ား
ငါ ....အမေ့သားက ပြောလိုက်မယ်
"ဆင်ပြောင်ကို ခြင်ကောင်က
ဝါးချင်သေးသတဲ့လား"။ (ဦးပုည)
ကဲ....ရာဇဝင်မှာ ငါဘုရင်ဖြစ်ချင်ယ်လို့ကော
ပြောရဲသလား....။

ငွေဝယ်ကျွန်စနစ်
သက်ဦးဆံပိုင်စနစ်
ပဒေသရာဇ်စနစ်....စနစ်....စနစ်
အညစ်အကြေးတွေပေပွ
စနစ်ကလေးတွေရှေ့ချ
ယော့ ....နေ့လူ တကာ (တာဘ)ပါ၊

ဉာဏ်ကလိမ်အတွေးနဲ့
ပြန်စိန်လို့ စမယ်ဆိုရင်တောင်
ကိုးဆယ်အရေးကို
အမယ် ....မင်း မှီနိုင်သေးလို့လား။

ရေချမ်း

❖ (၁၅)ကြိမ်မြောက်ရွှေးကောက်ပွဲအမှတ်တရ။

# မြန်မာကျပ်ငွေတန်ဖိုး စံချိန်တင်ကျဆင်း၊ အမေရိကန် (၁)ဒေါ်လာသည် မြန်မာကျပ် (၁၀၀၀)နှင့်ညီမျှ

မြန်မာ့စီးပွားရေး ကျဆင်းနေသော မြန်မာနိုင်ငံတွင် မေလ (၇)ရက်နေ့ ဗုံးပေါက်မှုအပြီး ကုန်သွယ်ရေးလုပ်ငန်းများ ကျဆင်းလာသဖြင့် မြန်မာကျပ်ငွေတန်ဖိုး သိသိသာသာ ကျဆင်းသွားသည်ဟု ရန်ကုန်ကလာသည့် သတင်းများအရ သိရှိရသည်။

ပြည်ပငွေဈေးကွက်တွင် ယခုနှစ် ဇန်နဝါရီလမှ မေလဆန်းအထိ အမေရိကန် (၁) ဒေါ်လာလျှင်ကျပ်(၈၈၀)မှ (၉၅၀)အထိဈေးပေါက်ခဲ့ပြီး၊ မေလ (၇)ရက်နေ့ ဗုံးပေါက်ကွဲနောက်(၂)ပတ်အကြာတွင် (၁၀၀၀)ကျော်အထိ သိသိသာသာ ကျဆင်းခဲ့ကြောင်း သတင်းများကဆိုသည်၊ စစ်အစိုးရက တရားဝင်ငွေလဲလှယ်နှုန်းအဖြစ် (၁)ဒေါ်လာလျှင် (၅) ကျပ် (၆၀)ပြား သတ်မှတ်ထားသော်လည်း ပြင်ပကုန်သွယ်ရေးတွင် စစ်အစိုးရကိုယ်တိုင် ဈေးကွက်ပေါက်ဈေးကိုသာ အသုံးပြုနေရပြီး၊ ကုန်သည်များအနေနှင့်လည်း စိတ်မချရသော မြန်မာကျပ်ငွေအစား ဒေါ်လာငွေကိုသာ လက်ဝယ်ထားရှိကြောင်း ရန်ကုန်ကုန်သည်တဦးကို ကိုးကားသော အေပီသတင်းသပုဒ်တွင် ရေးသားထားသည်။

ထို့အပြင် အာဏာပိုင်များသည် ငွေကြေး မတည်မငြိမ်ဖြစ်သည့်အခါတိုင်း ကောလာဟလဖန်တီးသူနှင့် ငွေကြေးဈေးကစားသူများ (rumormongers and market manipulators)ကို အပြစ်ဖို့လေ့ရှိပြီး၊ အချို့နေရာများတွင် ငွေကြေးကုန်သည်များကို နှစ်ရှည်ထောင်ဒဏ်များချမှတ်သည့် အစဉ်အလာများရှိခဲ့သည်ဟု သတင်းတွင် ဆက်လက်ဖော်ပြထားသည်။ မြန်မာကျပ်ငွေတန်ဖိုး အတက်အကျသည် မြန်မာပြည်နိုင်ငံရေး အခြေအနေ၊ ထိုင်းဘတ်ငွေတန်ဖိုးနှင့်လည်း ဆက်စပ်မှုရှိ နေသဖြင့် ဗုံးပေါက်မှုနောက်ပိုင်း ထိုင်း–မြန်မာ နယ်စပ်ကုန်သွယ်ရေးကျဆင်းခြင်းနှင့် ပတ်သက်မှုရှိနိုင်ကြောင်း သုံးသပ်မှုများလည်း ထွက်ပေါ်နေသည်။

(၂၀၀၂)ခုနှစ် စက်တင်ဘာလက အာဏာရှင်ဦးနေဝင်း၏ မြေးများကို နိုင်ငံတော်ပုန်ကန်မှုဖြင့် အရေးယူသည့် အချိန်ကလည်း (၁)ဒေါ်လာလျှင် မြန်မာကျပ်ငွေ (၁၃၀၀)အထိ ထိုးကျခဲ့ဖူးသည်။

သို့သော် နအဖက တရားဝင်ထုတ်ပြန်သော ယခုနှစ်စီးပွားရေးစစ်တမ်းတွင် နိုင်ငံတကာက စီးပွားရေးပိတ်ဆို့ထားသော်လည်း မြန်မာစီးပွားရေးသည် ပြီးခဲ့သည့် (၁၉၉၇–၂၀၀၁) (၅)နှစ်တာကာလအတွင်း (၈.၅) ရာခိုင်နှုန်းတိုးတက်ခဲ့ရာမှ လက်ရှိ (၅)နှစ်တာကာလအတွင်း (၁၁.၃)ရာခိုင်နှုန်းအထိ တိုးတက်လာသည်ဟု ဖော်ပြထားသည်။ ❖

# တွေ့ဆုံဆွေးနွေးရန် နအဖဖက်ကဆက်လက်ငြင်းပယ်နေလျှင် စိုးရိမ်ဖွယ်ရာအခြေအနေများ ဖြစ်ထွန်းလာနိုင်၊ ကေအဲန်ယူက ကြေညာချက်ထုတ်ပြန်



ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ ပဒိုစောဘသင်

နိုင်ငံရေးပြဿနာများကို တွေ့ဆုံဆွေးနွေးရေးနည်းဖြင့်ဖြေရှင်းရန် နအဖဘက်မှ ဆက်လက်ငြင်းပယ်နေမည်ဆိုလျှင် ပို၍စိုးရိမ်ဖွယ်ရာအခြေအနေများ ဖြစ်ထွန်းလာနိုင်သည်ဟု ကရင်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ) က ကြေညာချက်ထုတ်ပြန်လိုက်သည်။

မေလ (၈)ရက်နေ့တွင် ထုတ်ပြန်သော ကေအဲန်ယူ၏ ကြေညာချက်တွင် ကေအဲန်ယူဖက်က အင်အားစုများအားလုံးအတွက် အကောင်းဆုံးဖြစ်သည့် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပြီး နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဆွေးနွေးဖြေရှင်းရေးလမ်းကြောင်း ပေါ်ပေါက်အောင် အပြင်းအထန် ကြိုးပမ်းနေချိန်တွင် နအဖသည် အပြုတ်တိုက်ရေး ပေါ်လစီကို ဆက်လက်ကျင့်သုံးနေပြီး ကေအဲန်ယူကို ပြည်တွင်းပြည်ပက အကြမ်းဖက်အဖွဲ့အစည်းဖြစ် အထင်အမြင်လွဲမှားအောင် ကြံဆောင်ဖန်တီးနေကြောင်း ဖော်ပြထားသည်။

ဆက်လက်၍ ကေအဲန်ယူသည် ကြံ့ခိုင်မှန်ကန်သော နိုင်ငံရေးဦးတည်ချက်ကို အခြေခံ၍ တော်လှန်ရေးဆင်နွဲနေသည့် နိုင်ငံရေးအဖွဲ့အစည်းဖြစ်ပြီး၊ ပြည်သူကို ဆက်လက်ကာကွယ်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပြီး နအဖ၏ လုပ်ကြံဖန်းတီးမှုများ၏ နောက်တွင် အတိုက်အခံ နိုင်ငံရေးအဖွဲ့အစည်းများနှင့် လူထုအပေါ် ပိုမိုပြင်းထန်သည့် ဖိနှိပ်အကျပ်ကိုင်မှုများရှိလာနိုင်သည့်အတွက် ပြည်သူလူထုအနေဖြင့် အခြေအနေအရပ်ရပ် အစဉ်သတိရှိကြရန် ကေအဲန်ယူက နှိုးဆော်ထားသည်။

ဤတောအတွင်း ထိုင်း–မြန်မာနယ်စပ် မဲစရီးယန်းနှင့် မဲဟောင်ဆောင်မျက်နှာချင်းဆိုင်ရှိ ကေအဲန်ယူတပ်မဟာ (၂)နယ်မြေအတွင်းသို့ နအဖ တပ်မဟာ (၆၆)မှ တပ်ရင်း (၁၀)ရင်း စေလွှတ်ထားပြီး မကြာမီထိုးစစ်ဆင်လာနိုင်မည့် အခြေအနေရှိသဖြင့် ကေအဲန်ယူဘက်ကလည်း အခြေအနေကိုစောင့်ကြည့်နေကြောင်း ကေအဲန်ယူ တပ်မှူး နဲလ်ဒါမြ (ဗိုလ်ချုပ်ကြီးမြ၏ သား)ကို ကိုးကား၍ ရိုက်တာသတင်းတွင် ဖော်ပြထားသည်။

ကေအဲန်ယူနှင့် နအဖတို့အကြားတွင် ယမန်နှစ် ဇန်နဝါရီလကစ၍ တွေ့ဆုံးဆွေးနွေးခဲပြီး၊ ယာယီအပစ်အခတ်ရပ်စဲရန် နှုတ်အားဖြင့် သဘောတူခဲ့ကြသော်လည်း နှစ်ဖက်အကြား တိုက်ပွဲများဆက်လက်ဖြစ်ပွားနေခဲ့သည်။

ယမန်နှစ် အောက်တိုဘာလတွင် နအဖ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ရာထူးမှ ဖယ်ရှားပြီးကတည်းက ဆွေးနွေးပွဲများပြန်မစနိုင်တော့ဘဲ၊ ယခုနှစ် မတ်လ မော်လမြိုင်၌ နောက်ဆုံးတွေ့ဆုံမှုတွင်လည်း နအဖ ဖက်မှ ကေအဲန်ယူကို လက်နက်ချရန်အထိ တောင်းဆိုခဲ့သဖြင့် နှစ်ဖက်အကြား သဘောတူညီမှု မရဖြစ်ခဲ့ရသည်။

ပြီးခဲ့သည့်လအတွင်း တွေ့ဆုံရန်မူလအစီအစဉ်ကိုလည်း နှစ်ဖက်ဆက်ဆံရေးမပြေမလည်ဖြစ်နေ၍ ရွှေ့ဆိုင်းလိုက်ရပြီး၊ နအဖတပ်များ ကေအဲန်ယူနယ်မြေအတွင်းသို့ စေလွှတ်ထားမှုနှင့် မေလ (၇)ရက်နေ့ ရန်ကုန်မြို့ဗုံးပေါက်မှု၊ ဧပြီလ (၂၀)ရက်နေ့ ရေးထားဝယ်ကားလမ်းခရီးမြတိုက်မှုနှင့် ဧပြီလ ကုန်ပိုင်း ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် အတွင်းလူ (၃)ဦးသေဆုံး၍ အိမ်ခြေ (၃၀)ခန့် မီးရှို့တိုက်ခိုက်ခံရသည့် အကြမ်းဖက်မှုများတွင် နအဖ၏ ကေအဲန်ယူအပေါ်တဖက်သတ်စွပ်စွဲခဲ့မှုများကြောင့် ယာယီအပစ်အခတ်ရပ်စဲရေးကိုပါ ထိခိုက်လာနိုင်သည်ဟု ကေအဲန်ယူ နိုင်ငံခြားရေးတာဝန်ခံ စောဒေးဗစ်ထောကို ကိုးကား၍ ဒီဗွီဘီသတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

နအဖ၏ ယင်းစွပ်စွဲချက်များနှင့် ပတ်သက်၍ ကေအဲန်ယူက ငြင်းဆန်ထားပြီး၊ ကေအဲန်ယူကို အကြမ်းဖက် အဖွဲ့အစည်းတခုအဖြစ် အများက ထင်မြင်လာအောင် နအဖက တမင်ဖန်းတီးလုပ်ဆောင်ခဲ့ခြင်းသာ ဖြစ်ကြောင်း မေလ (၈)ရက်နေ့တွင် ထုတ်ပြန်သော ကေအဲန်ယူ၏ အဆိုပါကြေညာချက်တွင်ဆက်လက်ဖော်ပြထားသည်။

# စစ်တိုင်း (၆)ခုတွင် တိုင်းမှူးနေရာ အပြောင်းအလဲပြုလုပ်

ရန်ကုန်စစ်ရုံးချုပ် ကုန်းမြင့်သာယာတွင် မေလကုန်ပိုင်းကကျင်းပသော နအဖအဆင့်မြင့်ခေါင်းဆောင်များ၏ (၄)လပတ်အစည်းအဝေးဆုံးဖြတ်ချက်အရ နအဖစစ်တိုင်း (၆) တိုင်းတွင် တိုင်းမှူးနေရာ အပြောင်းအရွှေ့များပြုလုပ်ခဲ့သည်ဟု ခိုင်လုံသည့်သတင်းရပ်ကွက်ကို ကိုးကား၍ အေအက်ဖ်ပီသတင်းတွင် ဖော်ပြထားသည်။

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် (မန္တလေးတိုင်း) တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်သည် ရှမ်းပြည်အလယ်ပိုင်း ရပခတိုင်းမှူးအဖြစ်၊ ရပခတိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်သည် အနောက်ပိုင်းတိုင်းတိုင်းမှူးအဖြစ်၊ အနောက်ပိုင်းတိုင်းတိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်သည် ရှမ်းပြည်အရှေ့ပိုင်း ရွှေတြိဂံနယ်မြေတိုင်းသည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးအဖြစ်လည်းကောင်း ပြောင်းရွှေ့တာဝန်ယူမည်ဖြစ်ပြီး၊ ၎င်းသတင်းကို စစ်အစိုးရက တရားဝင်ထုတ်ပြန်ဖွယ်မရှိဟု သတင်းကဆိုသည်။

ယခုတိုင်းမှူးနေရာအပြောင်းအလဲသည် စစ်ထောက်လှမ်းရေး အကြီးအကဲ ဗိုလ်ချုပ်ကြီး ခင်ညွန့်ကိုဖယ်ရှားပြီးနောက် တန်ခိုးဩဇာကြီးမားသော တိုင်းမှူးများ၏ ပထမဆုံးနေရာအပြောင်းအလဲဖြစ်သော်လည်း

နိုင်ငံရေးနှင့်စစ်ရေးအရ ထူးခြားမှုရှိမည်ဟုမဟုတ်ဟု စစ်ရေးအကဲခတ်များက ခန့်မှန်းကြသည်။

စစ်တိုင်း (၁၂)ခုအနက် စစ်တိုင်း(၆) ခုတွင် တိုင်းမှူးပြောင်းအလဲဖြစ်ခဲ့သော်လည်း



နအဖ စစ်ကောင်စီဝင်များ

မှူးအဖြစ်၊ တြိဂံတိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် (မန္တလေးတိုင်းတိုင်းမှူး)အဖြစ်၊ အနောက်တောင်တိုင်း (ဧရာဝတီတိုင်း)စစ်ဌာနချုပ်မှ ဗိုလ်ချုပ်စိုးနိုင်သည် အရှေ့တောင်တိုင်းစစ်ဌာနချုပ် (မွန်ပြည်နယ်) တိုင်းမှူးအဖြစ်၊ အရှေ့တောင်တိုင်းတိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ရန်ကုန်မြို့တော်ဗုံးပေါက်မှုတွင် အဓိကတာဝန်ရှိသူ ရန်ကုန်တိုင်းမှူးနှင့် တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးဌာနမှူး ဗိုလ်ချုပ်မြင့်ဆွေကိုမူ ယခင်နေရာတွင်ဆက်လက်ခန့်ထားသည်ဟု သတင်းတွင်ဆက်လက်ဖော်ပြထားသည်။ ❖

### နောက်ကျောဖုံးသတင်းမှ ....

နအဖပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက ဗုံးဖောက်သူများကို "အင်အားကြီးနိုင်ငံတခုမှ ကမ္ဘာသိအဖွဲ့တဖွဲ့က အိမ်နီးချင်းတနိုင်ငံမှာ သင်တန်းပေးခဲ့တယ်" ဟူသောပြောဆိုချက်သည် ထိုင်းနိုင်ငံ၊ အမေရိကန်နှင့် အမေရိကန်စီအိုင်အေရည်ညွှန်းကြောင်း အများကနားလည်ကြသည်။

ယင်းစွပ်စွဲချက်နှင့်ပက်သက်၍ မြန်မာ့အရေးကျွမ်းကျင်သူ လယ်ရီဂျေဂင်က "နအဖရဲ့စွပ်စွဲချက်တွေမှာ ခိုင်လုံတာဘာမှမရှိပါဘူး။ ပထမ တိုင်းရင်းသားအဖွဲ့တွေကို စွပ်စွဲတယ်။ ဒါကို မဖြစ်နိုင်မှန်းသိလာတဲ့အခါ အခြားအဖွဲ့တွေကို စွပ်စွဲပြန်တယ်။ ဒါကိုကြည့်ရင်နအဖဟာ ဗုံးခွဲတဲ့တရားခံကို အခုထိမသိသေးဘူးဆိုတာထင်ရှားနေပါတယ်" ဟုဝေဖန်သည်။

ကျောင်းသားတပ်မတော် (အေဘီအက်ဒီအက်ဖ်)၏ ဥက္ကဋ္ဌ ကိုသံခဲက "နအဖရဲ့ စွပ်စွဲချက်တွေဟာ လုပ်ကြံဖန်တီးမှုတွေသာဖြစ်တယ်။ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေးနှင့် ဒီမိုကရေစီရရှိရေးအတွက် တိုက်ပွဲဝင်တဲ့နေရာမှာကျနော်တို့ဟာ ပြည်သူလူထုကို ထိခိုက်မယ့်လုပ်ငန်းကို ဘယ်တော့မှမလုပ်ဘူးဆိုတာ အကြိမ်ကြိမ်ပြောဆိုထားပြီး ဖြစ်တယ်။ ကျနော်တို့တိုင်းပြည်ရဲ့ အခြေအနေကို ကျနော်တို့ကိုယ်တိုင်ဖြေရှင်းဖို့ ကြိုးပမ်းနေတဲ့နေရာမှာ ဘယ်နိုင်ငံကမှ ကျနော်တို့ကို သင်တန်းပေးတာမရှိပါဘူး"ဟု ဆိုသည်။

ထိုင်းအစိုးရကလည်း နအဖရဲ့ ဒီစွပ်စွဲချက်ဟာ ထိုင်းအစိုးရအဖို့ နားမလည်နိုင်ဖြစ်သည်ဟုတုံ့ပြန်သော်လည်း တုံ့ပြန်ရန်ပင်မတန်သော အခြေအမြစ်မရှိသော ပြောကြားချက်ဖြစ်သည်ဟု အမေရိကန် သံတမန်တဦးကဆိုသည်။

ထိုင်းနိုင်ငံထုတ် ဘန်ကောက်ပို့စ် (Bangkok Post)နှင့် သနေရှင်း (The Nation) သတင်းစာကြီးများက ဖောက်ခွဲမှုပြုလုပ်သူများသည် အဆင့်မြင့်ဗုံးများကိုလုပ်တတ်ရမည်ဖြစ်၍ တရားခံသည် နအဖစစ်ထောက်လှမ်းရေးများဖြစ်နိုင်သည်ဟု ခန့်မှန်းရေးသားကြသည်။

### ယုန်ထောင်ကြောင်မိ

ဗုံးပေါက်ပြီး ရက်သတ္တပတ်အတွင်း ရန်ကုန်မြို့ပေါ်တွင် ရဲများက တရားခံကိုသတင်းပေးလျှင် ဆုငွေ (၅)သန်းပေးမည်ဟု ရေးထားသော လက်ကမ်းကြော်ငြာများကိုဝေလျှက် တရားခံကို အပူတပြင်းရှာနေခဲ့ကြသည်။ အာဏာပိုင်များသည် ရန်ကုန်မြို့ပေါ်တွင် အခွင့်ထူးခံစစ်အရာရှိဦးထုပ်ကို ကားအရှေ့ခုံပေါ်တွင်တင်ထားသောကားများနှင့် အပစ်အခတ်ရပ်အဖွဲ့များ၏ တံဆိပ်အမှတ်အသားတပ်၍သွားလာနေကြသော အရာရှိအယောင်ဆောင်ကားများကို ဖမ်းဆီးမိလိုက်ကြသည်။

ထို့နောက်တရားခံကိုဖမ်းမိလျှင် ဆုငွေ (၁၀)သန်းပေးမည်ဟု ရေးထားသောလက်ကမ်းကြော်ငြာများကို ရဲများက ထပ်မံဝေနေသော်လည်းတရားခံကို ခြေရာမခံနိုင်ခဲ့ကြပေ။

### နောက်ဆက်တွဲသတင်းများ

(၇)ရက်နေ့ဗုံးပေါက်အပြီးတွင် ရန်ကုန်လူထုသည် တုန်လှုပ်ခြောက်ခြားနေပြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းဘောလုံးကွင်းတွင်မေလ (၁၀)ရက်နေ့က နို့ဆီဗူးခွံတခုကို ဗုံးဟုထင်သူက ရဲကိုသတင်းပေးခဲ့ပြီး၊ လူထုအတွင်း နောက်ထပ်ပေါက်ကွဲမှုများဆက်ဖြစ်မည်ဟူသော ကောလဟာလများကြောင့် တချို့မှာ အိမ်အပြင်မထွက်ရဲကြပေ။

ထို့နောက် မေလ (၁၂)နေ့တွင် မကွေးတိုင်း၊ မင်းလှမြို့ တံတားတခုတွင် ဗုံးတလုံးထပ်မံပေါက်ကွဲခဲ့ပြီး၊ ထိုနေ့နှင့် တရက်တည်းတွင် ထိုင်း–မြန်မာနယ်စပ်အကောက်ဂိတ်တခုတွင် မိုင်းထောင်စဉ်ပေါက်ကွဲခဲ့သဖြင့် ဒီကေဘီအေတပ်သား (၃)ဦးသေဆုံးခဲ့သည်။

ဤအတောအတွင်း တာမွေမြို့နယ် ယုဇနပလာဇာတွင် မေလ (၂၅)နေ့က ဗုံးဖောက်ခွဲရန်စီစဉ်နေသည်ဟု သံသယရှိသူ (၃)ဦးကို ရဲများက ဖမ်းဆီးမိခဲ့သည်ဟူသောသတင်းများထွက်ပေါ်နေသော်လည်း အတည်ပြုနိုင်ခြင်းမရှိသေးပေ။

ထို့အတူ ကရင်ပြည်နယ် မြဝတီအမှတ် (၁)ရက်ကွက်တံတားအနီး ဒေါ်တင်ငွေ၏ အိမ်တွင် ဗုံးတလုံးတွေ့ရှိခဲ့၍ မိသားစုဝင်များအားလုံးကို အာဏာပိုင်များက ဖမ်းဆီးသွားသည်ဟူသောသတင်းများထွက်ပေါ်နေပြီး၊ မြဝတီ–ကော့ကရိတ်ကားလမ်းတလျှောက်တွင် ခရီးသွားများကို စစ်ဆေးကာ ကိုနိုင်အမည်ပါသူများအားလုံးကို ဖမ်းဆီးနေသည်ဟု မြဝတီမြို့သားတဦးကို ကိုးကား၍ ဒီဗွီဘီဌာန၏ သတင်းတပုဒ်တွင်ဖော်ပြထားသည်။

❖

BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေဖြန့်ချိသည်။

အယ်ဒီတာ
ခင်လွန်း၊ နေသွင်

စာမျက်နှာဖွဲ့စည်းမှု
စောဒီထူး၊ အောင်ထက်

မိုးကြိုး သတင်းစဉ် သို့
စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်သည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
binamojo@cscoms.com

# ရန်ကုန်မြို့ လူစည်ကားရာနေရာ (၃)ခုတွင် ဗုံး (၃)လုံးဆက်တိုက်ပေါက်ကွဲ၊ (၁၉)ဦးသေ၊ (၁၆၂)ဦးဒဏ်ရာရ၊

**ဗုံးပေါက်မှုတွင် နအဖသတင်းထိမ်ချန်၊ သေဆုံးသူ (၇၀)ကျော်ရှိနိုင်**

မေလ (၇)ရက်နေ့ ညနေ (၃)နာရီခန့်က ရန်ကုန် (၈)မိုင်လမ်းဆုံ ( Junction 8)စင်တာ စီးတီးမတ်မျက်နှာစာ၊ မြေနီကုန်း ဒဂုံစင်တာစီးတီးမတ်နှင့် ထိုင်းကုန်စည်ကျင်းပနေသော ပုစွန်တောင် ရန်ကုန် ကုန်သွယ်မှုဗဟိုဌာနမြေညီထပ်တို့တွင် (၅)မိနစ်စီခြား၍ ဗုံး (၃)လုံးပေါက်ကွဲခဲ့ရာ အနည်းဆုံးလူ(၁၉)ဦးသေဆုံးပြီး (၁၆၂)ဦးဒဏ်ရခဲ့သည်ဟု နအဖပိုင်သတင်းများတွင် ဖော်ပြခဲ့ကြသည်။

အစောပိုင်းသတင်းများအရ (Junct-ion8)တွင် လူ (၃)သေဆုံး၍ (၁၀)ဒဏ်ရာရကာ ဒဂုံစင်တာပေါက်ကွဲမှုတွင် (၄)ဦးသေဆုံး၍ (၃၀)ဒဏ်ရာရသည်ဟု သိရှိရသည်။

ထိုင်းကုန်စည်ပြပွဲကျင်းပနေသော ပုစွန်တောင်ပေါက်ကွဲမှုတွင် (၁၉)ဦး သေဆုံးခဲ့ပြီး၊ (၇၀)ကျော် ဒဏ်ရာရသည်ဟု မျက်မြင်သက်



ပုဇွန်တောင် ကုန်သွယ်ရေးအဆောက်အဦး ဗုံးပေါက်ကွဲမှုတွင် တိုးဝှေ့နေသောလူအုပ်ကြီး

သေများကို ကိုးကား၍ သတင်းများကဆိုသည်။

ဗုံးဒဏ်ကြောင့်အချို့မှာ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းဆုံးရှုံးခဲ့ရပြီး ဒဏ်ရာရသူများကို ရန်ကုန်ဆေးရုံကြီး၊ မြောက်ဥက္ကလာနှင့် ရန်ကုန်အရှေ့ပိုင်းဆေးရုံများတွင် ဆေးကုသပေးခဲ့ရသည်ဟု ဆေးရုံဝန်ထမ်းများကို ကိုးကား၍ သတင်းများတွင်ဖော်ပြထားသည်။

ဆေးရုံတွင် နောက်ထပ်သေဆုံးသူများစာရင်းကို နအဖသတင်းဌာနများက သတင်းမထုတ်ပြန်သော်လည်း၊ ဗုံးပေါက်မှုတွင် စုစုပေါင်း (၇၀)ကျော်သေဆုံးသည်ဟု ဒီဗွီဘီသတင်းဌာန၏ အမည်စာရင်းများအတိအကျနှင့် ထုတ်ပြန်ချက်အပေါ် နအဖကတုံ့ပြန်ခြင်းမရှိပေ။

ဒဏ်ရာရသူများတွင် မလေးရှားနိုင်ငံသား(၄)ဦးနှင့် ထိုင်းနိုင်ငံသား (၃)ဦးလည်း ပါဝင်ခဲ့ပြီး ထိုင်းအစိုးရက ကုန်စည်ပြပွဲသို့ လာရောက်ကြသော ထိုင်းစီးပွားရေးသမား (၁၁၉)ဦးကို လေယာဉ် (၁)စင်းစေလွှတ်၍ ပြန်ခေါ်ခဲ့ရကြောင်း ထိုင်းနိုင်ငံထုတ်သတင်းများတွင်ရေးသားကြသည်။

**နှစ်ပေါင်း (၄၀)အတွင်း အပြင်းထန်ဆုံး ပေါက်ကွဲမှု**

ယခုပေါက်ကွဲမှုသည် စစ်တပ်အုပ်ချုပ်သော မြန်မာနိုင်ငံတွင် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ထောက်လှမ်းရေးများ အဖမ်းခံရပြီးနောက်ပိုင်းတွင် ဆက်တိုက်ဖြစ်ပွားသောဗုံးပေါက်မှုများ အတွင်းအပြင်းထန်ဆုံးဖြစ်ပြီး၊ လွန်ခဲ့တဲ့နှစ်ပေါင်း (၄၀)အတွင်း အသေအပျောက် အများဆုံးပေါက်ကွဲမှုလည်းဖြစ်သည်။

မဆလအစိုးရလက်ထက် (၁၉၈၃)ခုနှစ်တွင်အောက်တိုဘာလတွင် အာဇာနည်ဗိမာန်ဗုံးပေါက်မှုတခုတွင် မြန်မာပြည်သို့အလည်အပတ်လာရောက်နေသော ဩဇာသည် တောင်ကိုရီးယားဝန်ကြီးနှင့်လူ (၁၉)ဦးသေဆုံးခဲ့သည်။

နအဖလက်ထက်လက်ထက်တွင် (၁၉၉၆) ဒီဇင်ဘာလ ကမ္ဘာအေးစေတီဗုံး ပေါက်ကွဲမှု၊ ဗိုလ်ချုပ်တင်ဦးအိမ်တွင် ပါဆယ်ဗုံးပေါက်မှု



ထိုင်းအစိုးရက ကုန်စည်ပြပွဲသို့ လာရောက်ကြသော ထိုင်းစီးပွားရေးသမား (၁၁၉)ဦးကို လေယာဉ် (၁) စင်းစေလွှတ်၍ ပြန်ခေါ်ခဲ့သည်။



မြေနီကုန်း ဒဂုန်စင်တာ ဗုံးပေါက်ကွဲမှုတွင် (၄)ဦးသေဆုံး (၃၀)ဦးဒဏ်ရာရခဲ့သည်ဟု အစောပိုင်းသတင်းများက ဆိုသည်။

နှင့် ယမန်နှစ်ဇွန်လ (၂၆)ရက်နေ့က ရန်ကုန်ဘူတာကြီး ဗုံးပေါက်မှုများ ခပ်ကျဲကျဲဖြစ်ပွားခဲ့သည်။

သို့သော်ယမန်နှစ် အောက်တိုဘာလက ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ထောက်လှမ်းရေးများ အဖမ်းခံရပြီးနောက်ပိုင်းတွင် ရန်ကုန်မြို့လယ်နှင့် နေရာတော်များများတွင် ဗုံးပေါက်မှုများဖြစ်ပွားခဲ့သည်။

ယမန်နှစ် ဒီဇင်ဘာလက ရန်ကုန်ဇော်ဂျီစားသောက်ဆိုင်တွင် ဗုံးပေါက်ကွဲမှု၊ ဒီဇင်ဘာလ (၂၄)ရက်နေ့က ဘားအံမြောက်မင်းအားကစားပစ္စည်းအရောင်းဆိုင်၌ ပိုင်ရှင်မဲ့ရေဒီယိုတလုံးမှ ဗုံးပေါက်ကွဲမှု၊ ယခုနှစ်မတ်လက ရန်ကုန်ပန်းဆိုးတန်းရှိ ပန်နိုယားမား(Panorama) ဟိုတယ်ဗုံးပေါက်မှု၊ ပါရမီညောင်ပင်ကားဂိတ်အနီး ခရီးသည်မပါသောကားပေါ်တွင် ဗုံးပေါက်မှု၊ ဧပြီလ (၂၆)ရက်နေ့က မန္တလေးဈေးချိုဗုံးပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွားခဲ့ရာ အနည်းဆုံးလူ(၆)ဦးသေဆုံးပြီး၊ (၂၀)ကျော်ဒဏ်ရာရခဲ့သည်။

**အပြစ်မဲ့ပြည်သူအများထိတ်လန့်**

ဗုံးပေါက်ကွဲမှုကြောင့် လူအများထိတ်လန့်ခဲ့ကြပြီး ရန်ကုန်မြို့ပေါ်ရှိ ကုန်ပဒေသာဆိုင်များအားလုံးကိုညနေ (၆)နာရီနောက်ဆုံးထားပိတ်ကြရန် စစ်အစိုးရက အရေးပေါ်အမိန့်ထုတ်ပြန်ခဲ့သည်။

အာဏာပိုင်များသည် ရန်ကုန်မြို့ပေါ်ရှိ စူပါမားကက်တချို့ကို ပိတ်ထားလိုက်ပြီး၊ ရုပ်ရှင်ရုံများ၊ အစိုးရရုံးများနှင့် ဘဏ်တိုက်များတွင် လုံခြုံရေးတိုးမြှင့်ချထားလိုက်သည်။

ထို့အပြင် ထောက်လှမ်းရေးဟောင်းများနှင့် အပစ်အရပ်အဖွဲ့များ၏ လှုပ်ရှားမှုကို အာဏာပိုင်များက စောင့်ကြည့်ခဲ့ပြီး၊ သွားလာနေသောကားများကို အထူးစစ်ဆေးကာ နယ်စပ်ဂိတ်များတွင် ခရီးသည်များ၏ ခရီးဆောင်အိတ်များကို ဗုံးရှာကိရိယာများဖြင့် ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

အပြစ်မဲ့ပြည်သူလူထုကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သော ယင်းလုပ်ရပ်ကို ပြည်တွင်းဒီမိုကရေစီအင်အားစုများနှင့် ဝါရင့်နိုင်ငံရေးသမားများက အကြမ်းဖက်လုပ်ရပ်အဖြစ်ရှုံ့ချလိုက်ပြီး၊ လွတ်လပ်သော စုံစမ်းရေးအဖွဲ့ဖွဲ့ရန်အတွက် နအဖကို တိုက်တွန်းတောင်းဆိုလိုက်ကြသည်။

**အတိတ်ကို ပြန်ဆန်းစစ်ဖို့လို**

ဗုံးပေါက်ပြီးနာရီပိုင်းတွင် နအဖပိုင်သတင်းဌာနများက ယင်းလုပ်ရပ်သည် ပြည်ပရောက်ညွန့်ပေါင်းအစိုးရ (NCGUB)၊ ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ကရင်နီအမျိုးသားတိုးတက်ရေး




ဒဏ်ရာရသူများကို ရန်ကုန်ဆေးရုံကြီး၊မြောက်ဥက္ကလာနှင့်ရန်ကုန်အရှေ့ပိုင်းဆေးရုံများတွင် ဆေးကုသပေးခဲ့ရသည်။

ပါတီ (KNPP)နှင့် ရှမ်းပြည်တောင်ပိုင်း တပ်မတော် (SSA-S )တို့၏ လုပ်ရပ်ဖြစ်သည်ဟု စွပ်စွဲခဲ့ပြီး၊ အစွပ်စွဲခံရသောအဖွဲ့များက "စစ်အစိုးရ၏ တော်လှန်ရေးအင်အားစုများအပေါ် နိုင်ငံရေးသိက္ခာချမှု၊ အကြမ်းဖက်သမားအဖြစ် ခေါင်းစဉ်တပ်မှုသက်သက်ဖြစ်သည်" ဟု တုံ့ပြန်ကြတယ်။

ကေအဲန်ယူပြောခွင့်ရသူ ပဒိုမန်းရှာက "သူတို့ပြောတာတွေက လုပ်ဇာတ်တွေချည်းပဲ၊ ကျနော်တို့ကို အကြမ်းဖက်သမားလို့စွပ်စွဲလိုက်တာနဲ့ကျနော်တို့ဟာ အကြမ်းဖက်အဖွဲ့အစည်းဖြစ်မသွားပါဘူး။ ကျနော်တို့ဟာ နိုင်ငံရေးအဖွဲ့အစည်း၊ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ အဖြေရှာချင်တယ်။ ကျနော်တို့ကို အကြမ်းဖက်အဖွဲ့လို့စွပ်စွဲတဲ့နအဖကို ပြန်ပြီးမေးရမယ်။ (၈၈)မှာ လူပေါင်းထောင်ပေါင်းများစွာကိုဘယ်သူသတ်ခဲ့သလဲ။ အပြစ်မဲ့ပြည်သူတွေကို ရန်ကုန်မှာရော မန္တလေးမှာရော အနယ်နယ်အရပ်ရပ်မှာ။ ဒီပဲယင်းမှာ အပြစ်မဲ့တဲ့ အဲန်အယ်ဒီနဲ့လူထုတွေ၊ ရဟန်းသံဃာတွေကို ဘယ်သူအကြမ်းဖက်သလဲ။ (၇)ဇူလိုင်တုန်းကလည်း ပြောစရာတွေ တသီတတန်းကြီး။ အခု ကမ္ဘာက နအဖကို အဆင့် (၁)၊ (၂)ရှိတဲ့ အာဏာရှင်တွေဆိုပြီး သတ်မှတ်ထားတယ်။ ကျနော်တို့ကို စွပ်စွဲနေတာထက် သူတို့ကိုယ်သူတို့ပြန်ဆန်းစစ်ဖို့လိုတယ်"ဟု ဆိုသည်။

**နအဖ၏ သတင်းစာရှင်းလင်ပွဲနှင့် အထောက်အထားမဲ့စွပ်စွဲမှုများ**

ဗုံးပေါက်မှုနှင့်ပက်သက်၍ မေလ (၁၅)ရက်တွင် နအဖက သတင်းစာရှင်းလင်းပွဲ တခုပြုလုပ်ခဲ့ပြီး၊ ယခင်စွပ်စွဲထားသော အဖွဲ့များအပြင် အဲန်အယ်ဒီအယ်လ်အေ၊ လူ့ဘောင်သစ်၊ အေဘီအက်စ်ဒီအက်ဖ်အဖွဲ့များကို တရားခံများအဖြစ်စွပ်စွဲလိုက်သည်။

စာမျက်နှာ (၁၅) ကော်လံ (၁)သို့ ....

# မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ကမ္ဘာ့ငြိမ်းချမ်းရေး နိုဗယ်လ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်၏ အသက် (၆၀)ပြည့်မွေးနေ့အား ဂုဏ်ပြုအပ်ပါသည်

''လက်ခုပ်ထဲက
ရေဘဝမို့
ငါတို့ အေးမြရသော်လည်း ....
လက်ခုပ်ထဲက
ဖန်ကွဲစတွေ
ငါတို့ ဖြစ်လိုက်ချင်ပါဘိ''

"ဒီအချက်ကို ထောက်ခံရေးသားသူကတော့ အရွယ်က ခပ်သေးသေးပါပဲ။ ဒါပေမယ့် ရောမ စိတ်ဓာတ်နဲ့ပါ။ သူဟာလက်နက်မှ ကိုင်ဆောင်မထားပါဘူး။ လက်နက်တပ်ဆင်ထားတဲ့ စစ်တပ်ကိုလည်း မပိုင်ပါဘူး။ ဒါပေမယ့် သူ့ရဲ့မွေးဇာတိက စစ်သားလေးသိန်းက သူ့ကို နှလုံးတုန်အောင် ကြောက်လန့်နေကြပါတယ်။"

[အမေရိကန်အထက်လွှတ်တော်၌ကျင်းပသော ဒေါ်စု အသက် (၆၀)ပြည့်အခမ်းအနားတွင် တကက္ကဆက် ပြည်နယ် အောက်လွှတ်တော်အမတ် ပြောကြားသော မိန့်ခွန်း]

"ကမ္ဘာပေါ်က လူများစွာနဲ့ နိုင်ငံများဟာ မြန်မာပြည်သူတွေရဲ့ နာကျည်းခံစားမှုတွေကို တွေ့နေရပြီး မြန်မာပြည်အတွက် မျှော်လင့်ချက် နည်းလမ်းတွေကိုရှာဖွေနေကြပါတယ်။ အကောင်းဆုံးနည်းလမ်းကတော့ မြန်မာပြည်သူတွေနဲ့ စတင်လုပ်ဆောင်ဖို့ပါ။ ပြည်သူတွေ ဒီလိုမျိုး နာကျည်းခံစားချက်တွေကို ဖြစ်စေတဲ့ စစ်ဗိုလ်ချုပ်တွေနဲ့ မဟုတ်ပါဘူး။

ဒါကြောင့် မြန်မာစစ်အုပ်စုကို ဆက်ပြီး ဖိအားပေးကြဖို့ နိုင်ငံတကာအသိုင်းအဝိုင်းကို တိုက်တွန်းပါတယ်။"

[ကမ္ဘာ့ငြိမ်းချမ်းရေးနိုဗယ်လ်ဆုရှင် (၁၄)ဦးက ဒေါ်စု မွေးနေ့သို့ ပေးပို့သော သဝဏ်လွှာ]

"လူထုရဲ့သတ္တိကို သေနတ်ပြောင်းကတဆင့် မဟုတ်ဘဲ မဲပုံးကတဆင့် မှတ်ကျောက်တင်ပါစေ။ အင်အားဆိုတာ အကြမ်းဖက်လုပ်ဆောင်တဲ့ အပေါ်မှာမဟုတ်ဘဲ တရားမျှတမှု၊ သိက္ခာရှိမှုနဲ့ လူ့အခွင့်အရေးအပေါ် သံဓိဋ္ဌာန်ခိုင်မြဲမှုအပေါ် မူတည်ပါတယ်။

မြန်မာနိုင်ငံ လွတ်လပ်ပါလိမ့်မယ်။ ဒေါ်အောင်ဆန်းစုကြည် လွတ်လပ်ပါလိမ့်မယ်။ မြန်မာနိုင်ငံက စစ်အာဏာရှင်တွေလည်း လွတ်လပ်ပါလိမ့်မယ်။"

[တောင်အာဖရိက ငြိမ်းချမ်းရေးနိုဗယ်လ်ဆုရှင် ဒက်စ်မွန်တူးတူးမှ ဒေါ်စုမွေးနေ့သို့ပေးပို့သော သဝဏ်လွှာ]

"ဒေါ်အောင်ဆန်းစုကြည်အကြောင်း ပြောကြမယ်ဆိုရင် သူဟာ ပြည်သူလူထုက တခဲနက် ထောက်ခံမဲပေးထားသည့် လွတ်လွတ်ကျွတ်ကျွတ်ကြီး အနိုင်ရထားတဲ့ပါတီရဲ့ ခေါင်းဆောင်ဖြစ်တယ်ဆိုတာ ကျနော်တို့ ငြင်းဆန်ဖို့မသင့်ပါဘူး။ ဒီသစ္စာတရား ဒီအမှန်တရားကိုတော့ ဘယ်သူမဆို လက်ခံဖို့သင့်ပါတယ်လို့ ကျနော်ပြောချင်ပါတယ်။ ဒါ သူ့မွေးနေ့မှာ မှတ်မှတ်ရရ ပြောချင်တာပါ။ သူပါဝင်တဲ့ ဆွေးနွေးအဖြေရှာမှုမျိုးသည်သာလျှင် နိုင်ငံရဲ့အကျပ်အတည်း ဒီကနေ့ ပြည်သူအားလုံး လိုလားတောင့်တနေတဲ့ ကျနော်တို့ ဆက်ပြီးတော့ဖောက်ရမယ့်လမ်း ကျနော်တို့ တိုင်းပြည်က မျှော်မှန်းထားတဲ့ ဒီမိုကရေစီ ပန်းတိုင်ကို အဲဒီနည်းနဲ့သာလျှင် ရောက်နိုင်မယ်လို့ ကျနော်ယုံကြည်ပါတယ်။"

[ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်]



တို့တိုင်းပြည် လွတ်မြောက်ရေးအတွက်၊
နုပျိုတဲ့အရွယ်ကို စတေး
သွေးသားနဲ့ရင်းပြီး ယာဇ်ပူဇော်တဲ့
သူတော်စင်ခေါင်းဆောင်၊ တို့အလင်းရောင်။

အခုဆို အသက်ခြောက်ဆယ်
တင့်တယ်နှုပ်ဆင်း၊ ပျိုမျစ်ခြင်းကား
အိုမင်းနောက်ဆုံး ရှိချေ၏ဆိုတဲ့၊ အိုမင်းရွယ်တံခါးဝမှာ
လှတုန်းပတုန်း၊ တက်ကြွတုန်း
စိတ်ဓာတ်မကျ၊ ဝိယပ္ပတတ္တိကာလကို
အလှဆုံးခေတ်ကို ပြောင်းမယ်လို့
စိတ်မောင်းတင်မဆုံးပါ။

ဆန်းရဲ့သမီး၊ နန်းနဲ့ကြွစေလို့
ခရီးရှည်ချီတက်ပွဲမှာ မလွဲတမ်းအောင်လံကိုင်လို့
နိုင်ငံကို ဦးဆောင်နိုင်ပါစေလို့
ပြည်သူတွေ ဒီရေတက်သလို
တခဲနက် ဆုတောင်းလိုက်ပါတယ်။

အို ပြည်သူ့သမီး၊ နှင်းမငြိုးငဲ့
တထီးတနန်း၊ တခမ်းတနား
ကြွှားကြွှားဝံ့ဝံ့၊ ဒေါင်းလံလွှင့်လျက်
လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေး
ငြိမ်းချမ်းရေးအရေးတော်ပုံ၊ ကမ္ဘာတုန်အောင်
အောင်ပွဲဝင်စေကြောင်း၊
အောင်စည်အောင်မောင်းထိုးပြီး
တပ်လှန့်နှိုးဆော်လိုက်ပါတယ်။

တင်မိုး
(ဒေါ်အောင်ဆန်းစုကြည်၏ အသက်ခြောက်ဆယ်ပြည့် မွေးနေ့)

"''စု''သည် ကျမတို့၏မြင်ကွင်းမှ ပျောက်နေသော်လည်း ကျမတို့၏အတွေးများထဲမှ မည်သည့်အခါမှ ပျောက်ကွယ်သွားလိမ့်မည်မဟုတ်ပါ။ မြန်မာပြည်သူပြည်သားများရော ပြည်ပတွင်ရောက်နေသူ မြန်မာတိုင်းရင်းသားများပါ အားလုံးက ''စု''ကို သတိရနေပြီး ''စု''အကြောင်းကို တွေးတောလျက်ရှိနေကြပါသည်။ ကမ္ဘာကလည်း ''စု''လွတ်မြောက်လာမည့်နေ့ကို စောင့်မျှော်လျက် မြန်မာပြည်သူလူထုကို ဖိနှိပ်ချုပ်ချယ်မှုမှ လွတ်မြောက်အောင် လမ်းပြခေါ်ဆောင်ရမည့် သူမ၏ကံကြမ္မာကို သူမဖြည့်ဆည်းခွင့်ရတော့မည့်အချိန်အခါကို စောင့်ကြည့်နေကြပါသည်။ ''စု''သည် ပြည်သူလူထုနှင့်အတူ ရှိနေပါသည်။ ''စု''သည် ပြည်သူလူထုဘက်မှသာ ရပ်တည်ပါသည်။ မြန်မာပြည်သူလူထု၏ ယုံကြည်မှုနှင့် မျှော်လင့်ချက်များကို ''စု''က ဖြည့်ဆည်းပေးမည်ဆိုသည်ကို စိုးစဉ်းမျှပင် သံသယမဖြစ်ပါ။"

[ဘိလပ်ပြန်သန်းအေး၏ စုနှင့် မိတ်ဆက်ခြင်းမှ]

''ဒေါ်အောင်ဆန်းစုကြည်သည် အမျိုးသားယဥ်ကျေးမှုအမွေအနှစ်၏ အကောင်းဆုံးအင်္ဂါလက္ခဏာရပ်များဟု သူမက ယူဆထားသည်များကို ဂရုပြုလာစေရန်ကြိုးစား၍ သူမကိုယ်တိုင်လည်း ယင်းအင်္ဂါလက္ခဏာရပ်များနှင့် ထပ်တူထပ်မျှဖြစ်လာစေရန် ကြိုးပမ်းအားထုတ်သည်။''

[နိုဘဲလ်ကော်မတီ ဥက္ကဋ္ဌ၊ ၁၉၉၁]






"ဒေါ်အောင်ဆန်းစုကြည်ရဲ့ အခန်းကဏ္ဍဟာ ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကစပြီး မြန်မာနိုင်ငံသူနိုင်ငံသားအားလုံး အဖိအနှိပ်အချုပ်အချယ် အနှိပ်အစက်အညှင်း အပန်းခံနေရတဲ့ အကြောက်တရားလွှမ်းမိုးနေတဲ့ အမှောင်ကြီးလွှမ်းမိုးနေတဲ့အခါမှာ အလင်းရောင်ပေးပြီးတော့ ထွက်ပေါက်အတွက် ဦးဆောင်နိုင်သူ၊ ကြံ့ကြံ့ခံပြီးတော့ ခေါင်းဆောင်ကောင်းပီသသူအဖြစ်နဲ့ သူဟာ ပိုပိုပြီးတော့ ပေါ်လွင်ထင်ရှားလာပါတယ်။"

[ဝါရင့်နိုင်ငံရေးသမားကြီး ဦးထွေးမြင့်ပြောပြသော ဒေါ်အောင်ဆန်းစုကြည်]

"အိန္ဒိယပြည်သူတွေဟာ ညီမျှရေး၊ ဒီမိုကရေစီရေးနှင့် အကြမ်းမဖက်ရေးဆိုတဲ့ မဟတ္တမဂန္ဒီကြီးရဲ့လမ်းစဉ်တွေကို အကျွမ်းဝင်ခဲ့ကြတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ မဟတ္တမဂန္ဒီကြီးရဲ့လမ်းစဉ်တွေကိုကိုင်စွဲရင်း မြန်မာပြည်သူတွေအတွက် အနစ်နာခံဆောင်ရွက်နေတဲ့ ခေါင်းဆောင်တဦးအဖြစ် နားလည်ထားပါတယ်။

သူမရဲ့ ရဲစွမ်းသတ္တိနဲ့ သံဓိဋ္ဌာန်ခိုင်မြဲမှုတွေကို ဦးညွှတ်ဂုဏ်ပြုပါတယ်။

မြင့်မြတ်လှတဲ့ရည်မှန်းချက် အောင်မြင်ပါစေကြောင်း သူမရဲ့အသက် (၆၀)ပြည့် အခါသမယမှာ ဆုတောင်းပါတယ်။"

[ဒေါ်အောင်ဆန်းစုကြည်အတွက်ပေးပို့သော အိန္ဒိယဝန်ကြီးချုပ်ဟောင်း အင်ဒီယာဂန္ဒီ၏မွေးနေ့ သဝဏ်လွှာ]

# မြန်မာ့ဒီမိုကရေစီခေါင်းဆောင်၊ ကမ္ဘာ့ငြိမ်းချမ်းရေးနိုဗယ်လ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်နှင့် သူမ၏

၁၉၄၅ ။ ။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့မှ ၁၉၄၅၊ ဇွန်လ (၁၉)ရက်နေ့တွင် ရန်ကုန်မြို့တွင်မွေးဖွားခဲ့သည်။ အသက် (၁၅)နှစ်အရွယ်အထိ ရန်ကုန်မြို့ စိန့်ဖရန်စစ်ကွန်ဗင့်ကျောင်းတွင် ပညာသင်ကြားခဲ့သည်။





၁၉၆၀ ။ ။ မိခင်ဖြစ်သူ ဒေါ်ခင်ကြည် အိန္ဒိယနိုင်ငံသံအမတ်အဖြစ် ခန့်အပ်ခံရသောအခါ မိခင်နှင့်အတူ အိန္ဒိယသို့လိုက်ပါသွားခဲ့ပြီး ဒေလီတက္ကသိုလ်တွင် နိုင်ငံရေးဘာသာရပ်ကို လေ့လာခဲ့သည်။

၆၅–၆၇ ။ ။ အောက်စဖို့တက္ကသိုလ် ဟူးချ်ကောလိပ်၌ နိုင်ငံရေးနှင့် စီးပွားရေးဘာသာရပ်ကိုလေ့လာခဲ့ပြီး ဝိဇ္ဇာဂုဏ်ထူးဘွဲ့ရရှိခဲ့သည်။

၁၉၆၈ ။ ။ လန်ဒန်တက္ကသိုလ်အရှေ့တိုင်းနှင့် အာဖရိကလေ့လာရေးဌာန၊ နိုင်ငံရေးသိပ္ပံဌာန သုတေသနလက်ထောက်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၆၉–၇၁ ။ ။ နယူးယောက်ကုလသမဂ္ဂဌာန၊ အုပ်ချုပ်ရေးနှင့် ဘတ်ဂျက်ပြုစုရေးဆိုင်ရာ အကြံပေးကော်မတီတွင် လက်ထောက်အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၇၂–၇၃ ။ ။ မိုက်ကယ်အဲရစ်နှင့် လက်ထပ်ပြီး ဘူတန်နိုင်ငံခြားရေးဝန်ကြီးရုံးသုတေသနအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၇၅–၇၇ ။ ။ အောက်စဖို့တက္ကသိုလ်တွင် မြန်မာစာအုပ်နှင့် ပေပုရပိုက်သုတေသနဌာနပညာရှင်။

၁၉၈၅–၈၆ ။ ။ ကျိုတိုတက္ကသိုလ် အရှေ့တောင်အာရှ လေ့လာရေးဌာနပညာရှင်။

၁၉၈၇ ။ ။ အိန္ဒိယနိုင်ငံ ဆင်းမလားမြို့ အဆင့်မြင့်သိပ္ပံဌာန သုတေသနအရာရှိ။

၁၉၈၈၊ ဧပြီ ။ ။ နာမကျန်းဖြစ်နေသော မိခင်ဒေါ်ခင်ကြည်ကိုပြုစုရန် တက္ကသိုလ်ရိပ်သာလမ်းရှိ နေအိမ်သို့ရောက်ရှိ။ (ထိုအချိန်သည် မတ်လအရေးအခင်းအပြီး ရန်ကုန်တွင် နိုင်ငံရေးမှုန်တိုင်း တိုက်ခတ်နေချိန်ဖြစ်သည်။)



၁၉၈၈၊ ဩဂုတ် (၈) ။ ။ ရှစ်လေးလုံး လူထုအုံကြွမှုကြီး စတင်။

၁၉၈၈၊ ဩဂုတ် (၂၆) ။ ။ ရွှေတိဂုံ အရှေ့ဖက်မုဒ်တွင် ဒီမိုကရေစီရေးထောက်ခံသူ တသိန်းကျော်ကို မိန့်ခွန်းပြောကြား။

၁၉၈၈၊ စက်တင်ဘာ (၂၇)။ ။ ဥက္ကဋ္ဌ ဦးအောင်ကြီး၊ ဒုဥက္ကဋ္ဌ ဦးတင်ဦးတို့နှင့် တွဲဖက်၍ အထွေထွေအတွင်းရေးမှူးအဖြစ် အဲန်အယ်လ်ဒီ၌ စတင်တာဝန်ယူ။

၁၉၈၈၊ ဒီဇင်ဘာ (၂၇) ။ ။ မိခင်ဒေါ်ခင်ကြည် ကွယ်လွန်။

၁၉၈၉၊ ဇူလိုင် (၂၀) ။ ။ ပထမဆုံးအကြိမ် နေအိမ်အကျယ်ချုပ်ဖြင့် ထိန်းသိမ်းခံရ။

၁၉၉၀၊ မေ (၂၇) ။ ။ ဒေါ်အောင်ဆန်းစုကြည် ဆက်လက်ဖမ်းဆီးခံထားရသော်လည်း ရွေးကောက်ပွဲတွင် အဲန်အယ်လ်ဒီက လွှတ်တော်တွင် အမတ်နေရာ (၈၇) ရာခိုင်နှုန်းကျော်ဖြင့် အနိုင်ရ။ သို့သော် စစ်အုပ်စုက ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်မပြုခဲ့ ။

၁၉၉၀ ။ ။ အင်္ဂလန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်၊ စိန့်ဟု(ချ်)ကောလိပ်မှ ဂုဏ်ထူးဆောင်ဆုချီးမြှင့်ခံရ။

၁၉၉၀၊ အောက်တိုဘာ (၂၇)။ ။ နော်ဝေနိုင်ငံမှ (Rafto)အခွင့်အရေးဆု ချီးမြှင့်ခံရ။

၁၉၉၁၊ အောက်တိုဘာလ (၁၄) ။ ။ ငြိမ်းချမ်းရေးနိုဗယ်လ်ဆု ချီးမြှင့်ခံရ။

၁၉၉၁၊ ဒီဇင်ဘာလ (၁၀) ။ ။ ဒေါ်အောင်ဆန်းစုကြည်၏ ကြောက်ရွံ့ခြင်းမှ ကင်းဝေးရေး စာအုပ်ထုတ်ဝေ။

၁၉၉၄၊ စက်တင်ဘာလ (၂၀)။ ။ ဗိုလ်ချုပ်သန်းရွှေ၊ ဗိုလ်ခင်ညွန့်တို့နှင့် တွေ့ဆုံ။

၁၉၉၅၊ ဇူလိုင်လ (၁၀) ။ ။ နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်။

၁၉၉၅၊ အောက်တိုဘာလ ။ ။ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၁)ရက်နေ့ကတည်းက ထုတ်ပယ်ထားသော အထွေထွေအတွင်းရေးမှူးတာဝန်ကို အဖွဲ့ချုပ်က ပြန်လည်အပ်နှင်း။

၁၉၉၆၊ ဇွန်လ (၂)။ ။ ခြံဝင်းရှေ့လူထုနှင့် စနေ တနင်္ဂနွေဆွေးနွေးပွဲများ အပိတ်ပင်ခံရ။

၁၉၉၈၊ ဇူလိုင်လ (၇) ။ ။ ပဲခူးတိုင်း၊ မင်းလှမြို့နယ်၊ မဲဆန္ဒနယ်မြေအမှတ် (၂)၊ လွှတ်တော်ကိုယ်စားလှယ် ဒေါ်လှလှမိုးအိမ်သို့

နယူးဒေလီမြို့သို့ မိခင်နှင့်အတူ ရောက်လာစဉ်က စုသည် ကျစ်ဆံမြီးတုတ်တုတ်ရှည်ရှည်ကြီးများနှင့် (၁၅) နှစ်အရွယ် ခလေးမလေးဖြစ်ပါသည်။ ရေရှုနှင့် မေရီကွန်ဘင့်ကျောင်း (Convent of Jusus and Mary)နှင့် လေဒီရှယ်ရီရမ်ကောလိပ် (Lady Shri Ram College)တို့၌ ဆက်လက်ပညာသင်ပါသည်။ သူမ၏ အိန္ဒိယမိတ်ဆွေအသိုင်းအဝိုင်းမှာ ကျယ်ပြန့်လာပါသည်။ မဟတ္တမဂန္ဒီနှင့် ဂျဝါဟာလားနေရူးတို့၏တိုင်းပြည်ကို စူးစမ်းလေ့လာနိုင်ရန် စုအဖို့ အခွင့်ကောင်းဖြစ်ပါသည်။ စု၏ဖခင်လည်း ဤတိုင်းပြည်ကိုရောက်ဖူးပြီး နေရူးနှင့် တွေ့ဆုံဆွေးနွေးကာ ရင်းနှီးခင်မင်သော နားလည်မှုရရှိခဲ့ပါသည်။ စု၏မိခင် သံအမတ်အဖြစ် ခန့်အပ်ခြင်းခံရချိန်တွင် နေရူးက ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ဆဲဖြစ်ပါသည်။

[ဘီလပ်ပြန်သန်းအေး၏ စု နှင့် မိတ်ဆက်ခြင်းမှ]











# မြန်မာနိုင်ငံလူ့အခွင့်အရေးနှင့် ဒီမိုကရေစီရရှိရေးကြိုးပမ်းမှု (၁၇)နှစ်တာခရီးရှည် မှတ်တမ်းပုံရိပ်များ

အသွား၊ မော်ဘီတွင် အာဏာပိုင်များက တားဆီးခဲ့၍ ညလုံးပေါက်ကားပေါ်တွင် နေခဲ့ရ။

၁၉၉၈၊ ဇူလိုင်လ (၂၄)။ ။ ပုသိမ် အဲန်အယ်လ်ဒီအဖွဲ့ဝင်များနှင့် တွေ့ဆုံရန်အသွား၊ ထန်းတပင်မြို့တွင် တားဆီးခံရ။ (၅)ရက်ခန့် တားဆီးထားပြီး (၂၉)ရက်နေ့တွင် နေအိမ်သို့ အတင်းပြန်ပို့ခံရ။

၂၀၀၀၊ ဩဂုတ် ။ ။ ကွမ်းခြံကုန်းသို့ အသွား ဒလတွင် ထပ်မံတားဆီးခံရ။ (၁၂) ရက်ကြာ တားဆီးပိတ်ပင်ခံရပြီး နေအိမ်သို့ ပြန်ပို့ခံရ။ ဒုတိယအကြိမ် နေအိမ်အကျယ်ချုပ် ကျခံရ။

၂၀၀၀၊ စက်တင်ဘာ (၁၄) ။ ။ နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာ။

၂၀၀၀၊ စက်တင်ဘာ (၂၁) ။ ။ မန္တလေးသို့ ပါတီစည်းရုံးရေးခရီးတွင် ရန်ကုန်ဘူတာ

“ နောက်တခုပြောချင်တာက ကျမဟာ ဗမာပြည်နိုင်ငံရေးအကြောင်း ဘာမှ နားမလည်ဘူးတဲ့။ တကယ်တော့ နားလည်လွန်းလို့ ခက်နေတာပဲ။ ဗမာ့နိုင်ငံရေး ဘယ်လောက်နှုပ်ထွေးတယ်။ ဒီနှုပ်ထွေးမှုဒဏ်ကို ဖေဖေဘယ်လောက်ခံခဲ့ရတယ်ဆိုတာ ကျမတို့မိသားစု အသိဆုံးပါ။ ဖေဖေဟာ စိတ်ပင်ပန်းကိုယ်ပင်ပန်းနဲ့ ဒီနိုင်ငံရေးကို လုပ်ဆောင်လာတာဟာ ဘာအကျိုးစည်းစိမ်မှ မခံစားခဲ့ရပါဘူး။ ဒါကြောင့်မို့လည်း လွတ်လပ်ရေးရပြီးတဲ့ အခါကျလို့ရှိရင် ထပ်ပြီးတော့ အာဏာလုတဲ့နိုင်ငံရေးမျိုးကို ဆက်မလုပ်ဘူးဆိုတာ ဖေဖေ အတိအလင်းပြောသွားပါတယ်။
ဒီလိုပြောသွားတာမျိုးကြောင့်မိုလို့ ကျမလည်း နိုင်ငံရေးလောကနဲ့ ဝေးဝေးကင်းကင်းနေချင်ပါတယ်။ အဲ့ဒီလို ဝေးဝေးကင်းကင်းနေချင်ခဲ့လျက်သားနဲ့ အခုမှ ဘာဖြစ်လို့ ဒီအရေးအခင်းမှာ ဝင်ပါနေသလဲလို့ မေးစရာရှိပါတယ်။ အဲ့ဒီဟာကတော့ ဒီအရေးအခင်းဟာ တတိုင်းပြည်လုံးနဲ့ဆိုင်တဲ့ အရေးအခင်းဖြစ်နေပါတယ်။ ကျမမှာလည်း ဖေဖေ့ရဲ့သမီးလုပ်ပြီးတော့ ခေါင်းရှောင်ပြီးတော့နေလို့မဖြစ်တော့ဘူး။ ဒီအရေးအခင်းဟာ တကယ်တော့ ဒုတိယ လွတ်လပ်ရေးတိုက်ပွဲကြီးလို့ ခေါ်ရင်လည်းဖြစ်ပါတယ်။ ဒီမိုကရေစီလွတ်လပ်ရေးကို တမျိုးသားလုံး လိုချင်တဲ့ဆန္ဒပြင်းပြလွန်းလို့ ဖြစ်ပေါ်လာတဲ့ တိုက်ပွဲကြီးဖြစ်ပါတယ်။ ”

[ရန်ကုန်မြို့၌ ဩဂုတ်လ (၂၆)ရက်၊ ၁၉၈၈ ခုနှစ်တွင် ပြောကြားသည်။ ]









“ ကျမပြောချင်တာ အဲန်အယ်လ်ဒီသော်လည်းကောင်း၊ နအဖသော်လည်းကောင်း အမျိုးသားပြန်လည်သင့်မြတ်ရေးကို စိတ်ဝင်စားတယ် စိတ်မဝင်စားဘူးဆိုတာက အဓိကမဟုတ်ပါဘူး။ လိုအပ်ချက်က အဓိကပါ။ ကျမတို့ နိုင်ငံအတွက် အမျိုးသားပြန်လည် သင့်မြတ်ရေး လိုအပ်နေပါတယ်။ နအဖက သဘောပေါက်ဖို့ အချိန်ရောက်ပါပြီ။ ”



ကြီး၌ တားဆီးနှောင့်ယှက်ခံရ။ နေအိမ်သို့ ပြန်ပို့ခံရ။

၂၀၀၂၊ မေ ။ ။ အကျယ်ချုပ်မှ လွတ်မြောက်။

၂၀၀၂၊ မေ ဒီဇင်ဘာလ ။ ။ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်များသို့ စည်းရုံးရေးခရီးထွက်ခဲ့။

၂၀၀၃၊ ဧပြီ ။ ။ ချင်းပြည်နယ်သို့ စည်းရုံးရေးခရီးထွက်ခဲ့။

၂၀၀၃၊ မေ (၃၀) ။ ။ အထက်မြန်မာပြည်ခရီးစဉ်အတွင်း ဒီပဲယင်းအနီး ကျည်ရွာတွင် အကြမ်းဖက်တိုက်ခိုက်ခံရ။

၂၀၀၃၊ စက်တင်ဘာ (၁၉) ။ ။ ရန်ကုန်မြို့ အာရှတော်ဝင်ဆေးရုံတွင် အရေးပေါ်ခွဲစိတ်ကုသမှုခံရ။ ထို့နောက် နေအိမ်အကျယ်ချုပ်ဖြင့် ဆက်လက်ဖမ်းဆီးထား။

၂၀၀၄၊ နိုဝင်ဘာ (၂၇)။ ။ အာဏာပိုင်များက ဒေါ်အောင်ဆန်းစုကြည်အား အကျယ်ချုပ်သက်တမ်း ထပ်မံတိုးမြှင့်ခံရ။

❖







# မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းကောက်နုတ်ချက်များ

"ကျမ ဒီကနေစပြီးတော့ ပြည်သူလူထုနဲ့ ပွင့်ပွင့်လင်းလင်း ဆက်ဆံပါရစေ။ ကျမ နိုင်ငံခြားမှာနေခဲ့တယ်ဆိုတာလည်း မှန်ပါတယ်။ နိုင်ငံခြားသားနဲ့ အိမ်ထောင်ကျတယ်ဆိုတာလည်း မှန်ပါတယ်။ ဒါပေမယ့် ဒါလေးအတွက်နဲ့ ကျမတိုင်းပြည်ပေါ်မှာထားတဲ့မေတ္တာဟာ ဘယ်လိုမှ ကျဆင်းမသွားနိုင်ပါဘူး။"

[ရွှေတိဂုံစေတီ အနောက်ဖက်မုခ် လူထုအစည်းအဝေးပွဲကြီး ၁၆၊ ၈၊ ၈၈]

တပ်မတော် လမ်းမှားသွားမှာကို ဖေဖေ အင်မတန်မှ စိုးရိမ်ခဲ့တယ်။ ဒီလောက်တောင်မှ စိုးရိမ်နေလျက်နဲ့ ဘာဖြစ်လို့လမ်းမှားသွားရသလဲ။ ဦးနေဝင်းဟာ တပ်မတော်ကို လမ်းမှားပေါ်တင်ပေးလိုက်တယ်။ အခုဒီမှာ တပ်မတော်ထဲမှာရှိနေတဲ့ တပ်မတော်သားများ၊ အရာရှိများ စဉ်းစားပါ။ တပ်မတော်ရဲ့ဖခင်ဆိုတာ ဗိုလ်ချုပ်အောင်ဆန်း။ ပြီးတော့ အတိအလင်း ကြေညာထားပြီး ဗိုလ်ချုပ်အောင်ဆန်းဟာ တပ်မတော်ကို ဘယ်လိုအနေအထားရှိသလဲဆိုတာ ပြန်ပြီးတော့ သုံးသပ်ပါ။ ဗိုလ်ချုပ်အောင်ဆန်းတပ်မတော်လား၊ ဗိုလ်နေဝင်း တပ်မတော်လားဆိုတာ ဆုံးဖြတ်ရတော့မယ်။ ကျမ ဒါကို ရှင်းရှင်းပဲပြောပြမယ်။ ခဏခဏ အမျိုးမျိုး ပြောနေလို့ အလကားပဲ။ နောက်ဆုံးတော့ ဒီမေးခွန်းပဲ။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ လမ်းစဉ်ကို လိုက်မယ့် တပ်မတော်လား၊ ဗိုလ်နေဝင်းရဲ့ မဆလလမ်းစဉ်ကို လိုက်မယ့် တပ်မတော်လား။

[၁၀၊ ၇၊ ၈ လှူဘောင်သစ်ပါတီရုံး]

"ဒီမိုကရေစီစနစ်မှာ အမတ်လုပ်ချင်တဲ့သူတွေဟာ အပင်ပန်းအဆင်းရဲခံနိုင်ရမယ်။ အစွမ်းကုန်အလုပ်လုပ်ရမယ်။ ကိုယ်ကျိုးမငဲ့ပဲ အများအကျိုးကို ပီပီပြင်ပြင် ကျေကျေပွန်ပွန် ထမ်းဆောင်နိုင်ရမယ်။"

[မြတောင်ကျောင်းတိုက်၊ မန္တလေး ဖ၊ ၁၁၊ ၈၈]



"လူတယောက်ဟာ မွေးလာပြီး ကိုယ့်အတွက် ကိုယ်လုပ်ပြီးတော့ ကိုယ်ပဲစားပြီးတော့ သေသွားတယ်ဆိုရင် ဘာလုပ်တော့မှာလဲ။ လူဖြစ်ရကျိုးမနပ်ဘူး။ အဲ့ဒီတော့ တကိုယ်ကောင်း မကြံကြပါနဲ့။ အများအတွက် လုပ်ကြပါ။ အများအကျိုးဆောင်တဲ့သူများဟာ လူသာသေသွားမယ်။ ဘယ်တော့မှ နာမည်မသေဘူး။"



"ကလေးတွေကို ဘာတွေမှမကြောက် စေနဲ့။
သူတို့ကြောက်ဖို့ဟာ
နှစ်ခုပဲရှိတယ်။ မတရားတဲ့ကိစ္စကိုလုပ်ဖို့
ကြောက်ရမယ်။ မမှန်တဲ့ကိစ္စကိုလုပ်ဖို့
ကြောက်ရမယ်။ လောကမှာ ကြောက်ဖို့ဆိုတာ
ဒီနှစ်ခုပဲရှိတယ်။ ကျမတို့
မိဘပြည်သူများကိုလည်း ဒီလိုပဲ
နားလည်စေချင်တယ်။ ကလေးငယ်များကို
ကြောက်တဲ့ စိတ်မသွင်းပေးပါနဲ့။
ကြောက်ဖို့ဆိုတာ လောကမှာ နှစ်ခုပဲရှိတယ်။
မတရားတဲ့ကိစ္စကို လုပ်ဖို့ကြောက်ကြပါ။
မမှန်တဲ့ကိစ္စကို လုပ်ဖို့ ကြောက်ကြပါ။
အခြားကိစ္စတွေကို မကြောက်ကြပါနဲ့။"

"ဒီအဖွဲ့ချုပ်ကြီးကိုဖျက်သိမ်းပေးမှ အမျိုးသားရေးဖြစ်တဲ့ ဒီမိုကရေစီလှုပ်ရှားမှုကြီး အောင်မြင်မယ်ဆိုလို့ရှိရင် ကျမတို့ ဖျက်သိမ်းပေးဖို့အဆင်သင့်ပါပဲ။ ဒီအဖွဲ့ချုပ်က ရှေ့က နေပေးမှ၊ ကာကွယ်ပေးမှ ဒီလှုပ်ရှားမှုကြီးအောင်မြင်မယ်ဆိုရင်လည်း ကျမတို့ ရှေ့ကနေပြီး ကာကွယ်ပေးပါ့မယ်။

[အဖွဲ့ချုပ်ရုံး၊ တောင်ကြီး ၁၃၊ ၂၊ ၈၉]

"ကျောင်းသားလူငယ်များ နယ်စပ်ရောက်သွားတဲ့ကိစ္စ၊ လက်နက်ကိုင်ပြီး ဒီစနစ်ကို တိုက်ချင်တယ်ဆိုတဲ့ကိစ္စများဟာ လက်ရှိအစိုးရရဲ့ တာဝန်ဖြစ်ပါတယ်။ အရင်နှစ်ကဖြစ်ခဲ့တဲ့ လက်နက်ကိုင်ပြီး ပြည်သူလူထုကို ဒီမိုကရေစီလှုပ်ရှားမှုကို နှိမ်နင်းခဲ့တဲ့ကိစ္စများရဲ့ အကျိုးဆက်ပဲ။"

[အဖွဲ့ချုပ်ရုံး၊ ဖရူးဆိုး ၁၇၊ ၂၊ ၈၉]

"အများပြည်သူလူထု စိတ်ဒုက္ခရောက်နေတဲ့တိုင်းပြည်မှာ စိတ်ချမ်းသာတဲ့လူဆိုတာ အင်မတန်မှ ရှက်စရာကောင်းတယ်။ ဒီလောက်တောင်မှ ကိုယ့်ဘေးကလူအများ ဆင်းရဲဒုက္ခရောက်နေလျက်သားနဲ့ ကိုယ်က စိတ်ချမ်းချမ်းသာသာနဲ့ နေနိုင်တယ်ဆိုတာ ကိုယ့်မှာ လူ့နှလုံးသားမရှိလို့ပဲလို့ သတ်မှတ်ရပါမယ်။ ကိုယ်တယောက်တည်း၊ ကိုယ့်မိသားစု၊ ကိုယ့်အသိုင်းအဝိုင်းပဲ စိတ်ချမ်းသာရင် တော်ပြီလို့ဆိုတဲ့သူများဟာ လူမဆန်ပါဘူး။

[အဖွဲ့ချုပ်ရုံး၊ ဝါးခယ်မ ၁၆၊ ၁၊ ၈၉]



"ကျမတို့ဟာ နောင်ဒီမိုကရေစီပြည်ထောင်စုသစ်ထူထောင်ရေးအတွက်ကို ပင်လုံညီလာခံလို တိုင်းရင်းသားလူမျိုးအားလုံးပါဝင်တဲ့ ညီလာခံကြီးတခုခေါ်ဖို့ လိုအပ်တယ်လို့ထင်ပါတယ်။ ဒီညီလာခံကနေပြီးတော့ ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားလူမျိုးများရဲ့ ရသင့်ရထိုက်တဲ့အခွင့်အရေးများ၊ ကိုယ်ပိုင်ပြဌာန်းချက်များ စတဲ့ကိစ္စတွေကို သေသေချာချာဆွေးနွေးပြီးတော့ အားလုံးရဲ့သဘောတူညီချက်များအရ အကောင်းဆုံးအဖြေကို ရှာမယ်ဆိုတဲ့ ရည်ရွယ်ချက်ရှိပါတယ်။"

[အဖွဲ့ချုပ်ရုံး၊ ပင်လုံ ၁၂၊ ၂၊ ၈၉]

"ခါမခေတ်က စပါတာနိုင်ငံမှာ ပြောလေ့ရှိတယ်။ စစ်တိုက်သွားဖို့ ဒိုင်းကိုင်ပြီး ထွက်သွားတဲ့အခါ အိမ်ကနေ အမေတွေ၊ အမတွေက အမြဲပဲမှာလိုက်တယ်။ ဒိုင်းကိုကိုင်ပြီးတော့ ပြန်လာရင်လာ၊ ဒိုင်းပေါ်အိပ်ပြီးတော့ ပြန်လာရင်လာ၊ သေပြီးတော့ ပြန်လာရင်လာ၊ ဒါမှမဟုတ် စစ်ကိုနိုင်ပြီးတော့ ပြန်လာရင်လာ၊ စစ်ရှုံးပြီးတော့ ပြန်မလာပါနဲ့ဆိုတဲ့ အဓိပ္ပါယ်နဲ့ပြောတာပဲ။ ကျမတို့အားလုံး ဒီလိုစိတ်ထားမျိုးရှိရမယ်။"

[အဖွဲ့ချုပ်ရုံး၊ ဟိုပုံး ၁၂၊ ၂၊ ၈၉]




"လူငယ်များရဲ့ဘဝကို သာယာပါစေ။
လူငယ်များဘဝ သာယာမှ
ကျမတို့ရဲ့တိုင်းပြည်ဟာ
တိုးတက်နိုင်မှာပါ။
လူငယ်များရဲ့ဘဝ သာယာအောင်
ဖန်တီးမပေးနိုင်ရင်
နောင်ခေတ် အဆက်ဆက်
ကျမတို့လူမျိုးများ
သာယာမှုရနိုင်မှာ မဟုတ်ပါဘူး။"

[လူ့ဘောင်သစ်ပါတီရုံး၊ မုဒုံမြို့။ ၁၆၊ ၁၂၊ ၈၈]

မိုးကြိုးပရိသတ်များသို့ ....

၁၉၈၈ ခုနှစ်မှ ယနေ့အထိ မြန်မာ့ဒီမိုကရေစီကြိုးပမ်းမှု ခရီးရှည်တွင် ဒေါ်အောင်ဆန်းစုကြည်၏ ဦးဆောင်မှု၊ ရဲစွမ်းသတ္တိရှိမှုနှင့် စွန့်လွှတ်အနစ်နာခံမှုများသည် မြန်မာပြည်သူများအတွက် လမ်းပြကြယ် သဖွယ် ဖြစ်ခဲ့သည်။

စာမျက်နှာအခက်အခဲကြောင့် ဒေါ်အောင်ဆန်းစုကြည်ပါဝင်သော ဆယ်စုနှစ် နှစ်ခုနီးပါးသမိုင်းဖြစ်စဉ်များထဲမှ တစိတ်တပိုင်းသာ ဖော်ပြနိုင်ခဲ့သဖြင့် မိုးကြိုးပရိသတ်များအား အနူးအညွတ်တောင်းပန်အပ်ပါသည်။

**အယ်ဒီတာအဖွဲ့**